# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဂုဏ်သတင်း ပျံ့နှံ့လိုင်ကြူ။

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်း၊ ပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက် | ၂၀၁၈ ခုနှစ်၊ မေ ၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၂၁၆)


# (၇၂) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ



ရန်ကုန်တိုင်းဒေသကြီးရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၌ကျင်းပသည့် (၇၂) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားတွင် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စွမ်းရည်ပြသနေစဉ်။ သတင်းစဉ်

**ရန်ကုန် မေ ၅**

(၇၂)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် **(ယနေ့)** နံနက် ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ရဲဗလတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော တပ်ဖွဲ့ဝင် နှစ်ဦး၊ စွမ်းဆောင်မှုဆိုင်ရာ ရဲသူရိန်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူ တပ်ဖွဲ့ဝင် တစ်ဦးနှင့် ရဲကျော်သူတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူ တပ်ဖွဲ့ဝင် ငါးဦးတို့အား ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မီးသတ်လုပ်ငန်းများကို တပ်ဖွဲ့အသွင်ဖြင့်ဖွဲ့စည်းပြီး ရှေးယခင်က ပရဟိတလုပ်ငန်းကို အခြေခံရာမှ ယခုအခါ နိုင်ငံတော်နှင့် ပြည်သူများကို လုံခြုံမှုပေးခြင်း၊ ကာကွယ်မှုပေးခြင်းဆိုတဲ့ ယုံကြည်ချက်နဲ့ တာဝန်ထမ်းဆောင်ခဲ့ကြသည်မှာ ယနေ့ဆိုလျှင် ၇၂ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်က မီးသတ်သမားကြီးများ၏ စေတနာ၊ ဝါသနာ၊ အနစ်နာ စိတ်ဓာတ်ကောင်းများမှလာသော နှိုင်းဆမရသော တန်ဖိုးများကို ယနေ့ တပ်ဖွဲ့ဝင်များက လေးစားမြတ်နိုးခြင်းနှင့် ဂုဏ်ပြုလိုသောရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ကို နိုင်ငံတော်နှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ၊


*စာမျက်နှာ ၄ ကော်လံ ၁* ◆


---

### နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာအဖြစ် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဒုတိယ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို လေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

### ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာ စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲကျင်းပ


စာ » ၇


### တောင်ကိုရီးယားသမ္မတနှင့် အမေရိကန်သမ္မတတို့ တွေ့ဆုံမည်


စာ » ၁၄



SHWE PYI NANN

## နုပျို လန်းဆန်း ဖြူဝင်းမယ့် ရွှေပြည်နန်း သနပ်ခါး Body Lotion

ခေတ်အဆက်ဆက်မြန်မာတို့ရဲ့အသားအရေကို အရိပ်တကြည့်ကြည့် ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့တဲ့ ဆေးဖက်ဝင် သဘာဝရတနာ မြန်မာ့သနပ်ခါးရဲ့အကျိုးကျေးဇူးအာနိသင်တွေနဲ့ ရွှေပြည်နန်းသနပ်ခါး Body Lotion ကိုရွှေပြည်နန်းသနပ်ခါးမှ ထုတ်လုပ်လိုက်ပါပြီ။ ကမ္ဘာပေါ်မှာ တစ်နိုင်ငံတည်းသာရရှိနိုင်တဲ့ မြန်မာ့သနပ်ခါးရဲ့အစွမ်းအာနိသင်တွေဖြစ်ကြတဲ့

(၁) အသားဖြူ အရွယ်တင်နုပျိုစေသော ဓာတ်မင်စီထက်(၁၀)ဆပိုမိုများတဲ့ Antioxidant ဓာတ်

(၂) ခန္ဓာကိုယ်အနံ့ဆိုးတွေကိုတားဆီးပေးနိုင်တဲ့ (Coumarin) ကူမရင်းဓာတ်

(၃) ပြင်းထန်တဲ့နေရောင်ခြည်ကြောင့် ဖြစ်ပေါ်စေနိုင်သော အရေပြားကင်ဆာကိုကာကွယ်ပေးတဲ့ (Marmesin) မာမီစင်ဓာတ်တို့အပြင် အသားအရေရှိုပြည့်မှုအတွက် မရှိမဖြစ်လိုအပ်တဲ့ Vitamin E ကိုပြည့်စွက်ပေါင်းစပ်ပြီး ခေတ်မီနည်းပညာနဲ့ ဆန်းသစ်တီထွင်ထားတဲ့ ရွှေပြည်နန်းရဲ့သနပ်ခါး Body Lotion ကို အချိန်ရာသီမရွေး ရေချိုးပြီးတိုင်းလိမ်းမယ်လေ....



မြန်မာ့အလင်း

# စာကြည့်တိုက်ဆိုသည်မှာ ပျော်ရွှင်နှစ်လိုဖွယ်နေရာ

စာဖတ်ခြင်းသည် ကလေးတစ်ယောက်၏ဘဝတွင် လေ့လာစရာများကို လေ့လာပြီး အောင်မြင်မှုရရန်အတွက် အခြေခံအကျဆုံး အရည်အသွေးများကို ပေးစွမ်းနိုင်ပါကြောင်း၊ စာဖတ်သည့်အလေ့အထကို ကလေးများ ရရှိရန် ငယ်ရွယ်စဉ်ကတည်းကစပြီး လေ့ကျင့်ပျိုးထောင် ပေးသင့်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့လူ့ဘောင်အသိုင်းအဝိုင်းအတွင်း ကျောင်းစာကြည့်တိုက်များ တိုးပွားလာရေးနှင့် စာကြည့်တိုက်အသုံးပြုတတ်ကြစေရေး လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ စာတတ်မြောက်သည့်နှုန်းမှာ ၉၂ ဒသမ ၇ ရာခိုင်နှုန်းရှိရာ စာတတ်မြောက်မှုနှုန်း မြင့်မားသည့်နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ သို့ရာတွင် စာတတ်မြောက်သူတိုင်းက စာဖတ်ကြပါရဲ့လားဟူသည့် မေးခွန်းအတွက်မှာမူ ဆန်းစစ်ဖွယ်ရာတို့ ရှိနေသည်။ ယနေ့ မြန်မာနိုင်ငံ၏ လူဦးရေသန်း ၅၀ ကျော်အတွက် ဈေးကွက်တင် ရောင်းချနေရသည့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်စာစောင်များ၏ စောင်ရေ၊ အုပ်ရေတို့မှာ စာဖတ်နိုင်သည့် လူဦးရေနှင့် နှိုင်းယှဉ်လျှင် နည်းပါးနေကြောင်း လေ့လာသူတို့က မကြာခဏ ထောက်ပြလေ့ရှိသည်။ စာတတ်ကြသော်လည်း စာမဖတ်ကြသည့်အကြောင်းရင်းကို ရှာဖွေစေ့ငုကြည့်ပါက အလုပ်မအားလို့၊ အချိန်မပေးနိုင်လို့၊ စာအုပ်စာစောင်များ ဈေးကြီးလို့၊ စာဖတ်ဝါသနာမပါလို့၊ ကျန်းမာရေးမကောင်းလို့ စသည်ဖြင့် ပြန်လည်ဖြေကြားကြသည်ကို ကြားရမည်ဖြစ်သည်။ အဓိကအကျဆုံးအချက်များမှာမူ စာဖတ်ခြင်းကြောင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးများအပေါ် လေးနက်မှုမရှိခြင်း၊ စာဖတ်သည့်အလေ့အထ နည်းခဲ့ခြင်းကြောင့် စာဖတ်လိုသည့် အထုံဝါသနာ လျော့နည်းနေခြင်း၊ စာဖတ်လိုသော်လည်း စာအုပ်စာပေနှင့် အလှမ်းဝေးနေခြင်းတို့ကြောင့်ဖြစ်သည်ဟု ရှုမြင်မိသည်။

စာဖတ်သူသည် မဖတ်သူများထက် ခေါင်းတစ်လုံးပိုမြင့်သူ ဖြစ်သည်။ အသိသုတ မိုးကုပ်စက်ဝိုင်းပို၍ ကျယ်ပြန့်သူဖြစ်သည်။ ကိုယ်ရည်ကိုယ်သွေး ပို၍မြင့်မားသူဖြစ်သည်။ နှုတ်မှုရေးရာတွင် ပို၍ ကျွမ်းကျင်လိမ္မာသူဖြစ်သည်။ တစ်ခုချင်းသောအကြောင်းရပ်တို့ကို ဆောင်ရွက်ရာ၌ ဆိုင်ရာဆိုင်ရာ ကျွမ်းကျင်သူတို့ သိနားလည်တတ်၊ ခန့်ခွဲတတ်ကြသည်မှန်သော်လည်း အထွေထွေနှီးနှောတိုင်ပင်မှု၊ အရေးကိစ္စ ကြီးငယ်တို့အတွက် စီမံကြံဆမှုပြုရမည့်အခါတို့တွင် စာပေနှံ့စပ်သူတို့ထံမှသာ အကောင်းဆုံးအကြံဉာဏ်များ ထွက်လာတတ်သည်ဟု မှတ်သားရဖူးသည်။

သို့ဖြစ်သည့်အလျောက် စာဖတ်သည့်အလေ့အထကို ကလေးဘဝကတည်းက လေ့ကျင့်ပျိုးထောင်ပေးရန်နှင့် ကျောင်းစာကြည့်တိုက်များ တိုးပွားလာရေး၊ စာကြည့်တိုက်ကို ကောင်းစွာအသုံးပြုတတ်ကြစေရေးတို့သည် အနာဂတ်ကာလ မိမိတို့နိုင်ငံသူ နိုင်ငံသားများကို အရည်အသွေး ကောင်းမွန်မြင့်မားစေရေးအတွက် အမှန်တကယ်ဆောင်ရွက်ကြရမည့် အမျိုးသားရေးလုပ်ငန်းများဟုပင် ဆိုချင်ပါသည်။

လက်ရှိကာလတွင် နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံ၌ စာကြည့်တိုက်ယဉ်ကျေးမှု ပြန်လည်ထွန်းကားလာစေရေး ကြိုးစားဆောင်ရွက်နေသည်။ စာကြည့်တိုက်များပြောင်းလဲတိုးတက်လာစေရေး စာကြည့်တိုက်မှူးများ၏ စိတ်အားထက်သန်မှုများ မြင့်မားလာနေသည်။ စာကြည့်တိုက်များသည် သတင်းအချက်အလက်ရယူရေးနည်းပညာ တတ်ကျွမ်းစေမည့် အစီအစဉ်များကို ပူးတွဲလုပ်ဆောင်ပေးခြင်းမှတစ်ဆင့် လူထု၏ ဘဝတစ်သက်တာ ပညာရှာမှီးသည့်နေရာများအဖြစ် အသုံးချလာစေရန် အားထည့်ကြိုးပမ်းဆောင်ရွက်နေသည်ဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားရာတွင် သတင်းစကားပါးခဲ့ပါသည်။

စာကြည့်တိုက်ဆိုသည်မှာ ပျော်ရွှင်နှစ်လိုဖွယ်နေရာ၊ ထူးဆန်းအံ့သြဖွယ်ကောင်းသည့်ဝန်းကျင်ဟု ဖွင့်ဆိုခဲ့ပြီး စာဖတ်ခြင်းကြောင့် တွေးခေါ်မြော်မြင်မှုများ၊ မျှော်လင့်ချက်များနှင့် စိတ်ကူးများကို ပိုမိုအားကောင်းလာနိုင်စေကြောင်းလည်း ညွှန်းဆိုခဲ့ရာ အနာဂတ်၏မျိုးဆက်ကျောင်းသူ ကျောင်းသားလူငယ်များ၊ ဘဝတစ်သက်တာ ပညာရှာမှီးလိုသူများအားလုံး ကျောင်းစာကြည့်တိုက်များ၊ ပြည်သူ့စာကြည့်တိုက်များဆီ အရောက်သွား၍ စာဖတ်ခြင်းဖြင့် ပညာပြည့်ဝနှလုံးလှကြပါစေကြောင်း။ ။

# အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ အနုပညာဦးစီးဌာနမှ မေ ၁၉ ရက်တွင် ဖျော်ဖြေတင်ဆက်မည်

**နေပြည်တော် မေ ၅**

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ ဝန်ကြီးဌာနသုံးခုမှ တစ်နှစ်ပတ်လုံး အလှည့်ကျဖျော်ဖြေတင်ဆက်လျက်ရှိရာ မေ ၁၉ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ မေ ၁၉ ရက်တွင် မွန်းလွဲ ၃ နာရီအထိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ယိမ်းအကများ၊ တေးသံသာများ၊ မျက်လှည့်အစီအစဉ်များ၊ ပဒေသာ ယိမ်းအကများ၊ အငြိမ့်အစီအစဉ်၊ ဟာသတစ်ခန်းရပ်များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥယျာဉ်၌ ၂၀၁၈ ခုနှစ် မတ်လတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များက လည်းကောင်း၊ ဧပြီလတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် ငြိမ်းချမ်းရေးဂီတပွဲတော် တေးသီချင်းပြိုင်ပွဲဆုရတေးသံရှင်များက လည်းကောင်း ဖျော်ဖြေတင်ဆက်ပြီးဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**

**ထင်သာမြင်သာပြုပြင်စရာ**

# နွားထိုးကြီးမြို့ပေါ် အမှတ် ၃ ရပ်ကွက်ရှိ လမ်းပျက်စီးနေ၍ ပြုပြင်ပေးစေလို

နွားထိုးကြီးမြို့ပေါ် အမှတ် ၃ ရပ်ကွက်ရှိ ယခင် ရုပ်ရှင်ရုံတိုက်တန်း၊ ယခု အောင်စေအေးစေ မင်္ဂလာခန်းမတိုက်တန်း အနောက်ဘက်လမ်းမှာ လွန်ခဲ့သော ၁၅ နှစ်ခန့်က ကတ္တရာလမ်းခင်းထားသော်လည်း ယခုအခါ အဆိုပါလမ်းမှာ မြေကြီးဖို့မှုများကြောင့် လမ်းသားပြင် ညီညွတ်မှုမရှိခြင်း၊ ရေမြောင်းများမှ ရေများလမ်းမပေါ်စီးဆင်းနေသဖြင့် အောက်ခံမြေပျော့၍ ကားများ သွားလာရာ ရွှံ့ဗွက်များဖြစ်ကာ လမ်းမှာ ပျက်စီးနေပြီဖြစ်သည်။

“လမ်းက မကောင်းတော့ မြေတွေဖို့ကြတယ်၊ ပတ်ဝန်းကျင်အိမ်တွေက ရေဆိုးတွေ ထွက်တယ်၊ ရေဆိုးတွေထွက်တော့ လမ်းက ပေါက်ရော၊ အဲဒီမှာ ကိုယ့်အိမ်ရှေ့လမ်းပျက်နေတော့ မြေကြီးတွေ ဝယ်ဖို့ကြတယ်၊ ရေဆင်းမြောင်းလည်း မရှိတော့ ရေထွက်လမ်းမရှိဘူး၊ လမ်းကပျက်တာပေါ့” ဟု အနီးဝန်းကျင်နေသူတစ်ဦးက ပြောသည်။ အချို့နေအိမ်များမှာ လမ်းပေါ်အထိ ကွန်ကရစ်ခင်းထားခြင်းများလည်းရှိနေပြီး ရေထွက်ပေါက်မှာ အဆင်မပြေဘဲ လမ်းပေါ်သို့ ရေလျှံနေကြောင်း သိရသည်။

ယင်းလမ်းဘေးရှိ ရေနုတ်မြောင်းတူးဖော်ခြင်းမှာ အားနည်းနေပြီး ရေထွက်ရှိရေး နေရာအတော်များများ အခက်တွေ့နေသည်။ ထိုကဲ့သို့ လမ်းပျက်နေခြင်းကြောင့် ဆိုင်ကယ်၊ ကားများနှင့် ခရီးသွားပြည်သူများ သွားလာမှုအဆင်မပြေသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးစေလိုကြောင်း သိရသည်။

**ခင်ဇာမွန်မြင့် (ဥပဒေ)**



# လေဘေးသင့် ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေ ပေးအပ်

**ကျောင်းကုန်း မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဇော်တို့သည် လေပြင်းတိုက်ခတ်၍ အိမ်ပြိုသွားသော ဇရပ်ဆိပ်ကျေးရွာမှ အိမ်ထောင်စု ခြောက်စုအား မေ ၄ ရက်က ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ဇရပ်ဆိပ်ကျေးရွာရှိ အိမ်ပြိုသွားသော အိမ်ထောင်စု ခြောက်စုအတွက် တစ်အိမ်ထောင်လျှင် Family kits ၂၆ မျိုးပါတစ်ပုံး၊ ခုနစ်ရက်စာ ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ်တစ်သိန်းစီ စုစုပေါင်း ခြောက်သိန်းကျော် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင် (ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၅-၅-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

| စက်သုံးဆီ | လက်လီဈေး | လက်ကားဈေး |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၃၅/၈၄၅ ကျပ် | ၈၂၀ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၄၅/၈၆၀ ကျပ် | ၈၂၈/၈၃၀ကျပ် |
| အောက်တိန်း ၉၂ | ၈၀၀/၈၁၅ ကျပ် | ၇၈၀/၇၈၇ကျပ် |
| အောက်တိန်း ၉၅ | ၈၅၀/၈၆၀ ကျပ် | ၈၂၀/၈၃၀ကျပ် |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၃ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၉ ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၉ ·၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ၁၈၂၃ ·၇ |
| ဂျပန် | ၁၀၀ ယန်း | ၁၂၃၀ ·၄ |
| သြစတြေးလျ | တစ်ဒေါ်လာ | ၁၀၁၂ ·၆ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၃၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၁၄၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ၁၂၄ ·၇၂ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၄၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၁ ·၁၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီဌေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

**ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေး ရည်မှန်းချက်ပန်းတိုင်တွေ ဖြစ်တဲ့ (၁)တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃)ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်သမ္မတဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုး

**အတိတ်က ကျန်ခဲ့တဲ့ အမွေဆိုးတွေကို ဖယ်ရှားကျော်လွှားဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းတဲ့နေရာမှာ ကျွန်မတို့တွေ သင်ခန်းစာယူနိုင်တဲ့ အခွင့်အရေးတွေ အများကြီးရခဲ့ရပါတယ်။ သစ္စာ၊ မေတ္တာ၊ သတ္တိ၊ မုဒိတာ ဘယ်လောက်လိုအပ်တယ်၊ လောဘ၊ ဒေါသ၊ မောဟတွေ ဘယ်လောက် များပြား ဆိုးဝါးတယ်၊ မိတ်ဆွေကောင်းတွေရဲ့ကျေးဇူး ဘယ်လောက်ကြီးမားတယ်ဆိုတာကို ပိုမိုလို့ သိနားလည်လာရ ပါတယ်။ အားလုံးအထက်မှာ ကျွန်မတို့အတွက် အရေးအကြီးဆုံး သင်ခန်းစာကတော့ ပြည်သူရဲ့ နားလည်ထောက်ခံမှု၊ အားပေးမှုများရဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးပါပဲ။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော် အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# ဆေးဝါးစက်ရုံ(အင်းစိန်) တွင် ဆေးဘူးအရည်အသွေးများကို နိုင်ငံတကာအဆင့်မီ စီမံထုတ်လုပ်

**ရန်ကုန် မေ ၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မြန်မာ့ဆေးဝါး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်နှင့်အတူ ဆေးဝါး စက်ရုံ(အင်းစိန်)သို့ မေ ၅ ရက် နံနက်ပိုင်းက ရောက်ရှိပြီး ဆေးဝါးထုတ်ပိုးမှု ပုံစံအသစ်များအား အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော JKL ကုမ္ပဏီမှ ဆေးဝါးစက်ရုံ (အင်းစိန်) အတွက် Sticker Labels များနှင့် Printed Box များ ထုတ်လုပ်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**နိုင်ငံတကာအဆင့်မီ ဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက BPI ဆေးဝါး၏ အရည်အသွေးမှာ ကောင်းမွန်ပြီး ISO ၉၀၀၁-၂၀၁၅ ကိုလည်း ရရှိပြီးဖြစ်၍ ထုပ်ပိုးမှုပုံစံအား နိုင်ငံတကာအဆင့်မီ ဆောင်ရွက်ရန် မှာကြားသည်။ ယင်းနောက် ဆေးဝါး စက်ရုံ (အင်းစိန်)ပုံနှိပ်ဌာနတွင် CTP စနစ်ဖြင့် ကွန်ပျူတာမှ တိုက်ရိုက်ပုံနှိပ် လုပ်ငန်း ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး BPI ဆေးဝါးများအား အတုအပကင်းစင်ရေးအတွက် မိမိစက်ရုံ တွင်း၌ပင် အရည်အသွေးကောင်းမွန်သည့် ဆေးဝါးတံဆိပ်များရိုက်နှိပ်ရေး မှာကြားသည်။ ဆက်လက်၍ ဆေးဘူး ပုံစံသစ်ပြောင်းလဲရန်အတွက် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Suntec Pharmaceutical Co.,Ltd. မှ ဆေးဝါးစက်ရုံ (အင်းစိန်)တွင် ထုပ်ပိုး မှုပုံစံသစ်ဆေးဘူးများ ပြောင်းလဲ ထုတ်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးပြီး ဆေးဘူးအရည်အသွေးများကို နိုင်ငံ တကာအဆင့်မီ စီမံထုတ်လုပ်သွားရန် မှာကြားသည်။

ယင်းနောက် ဆေးဝါးစက်ရုံ (အင်းစိန်)မှ ထပ်မံထုတ်လုပ်ထားသည့် အဆင့်မြင့် ရှေးဦးသူနာပြုအိတ် First Aid Kid (Advance) အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် အသက်ကယ် ပစ္စည်းများထည့်သွင်းရေး ညွှန်ကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဆေးဝါးစက်ရုံ (အင်းစိန်) ဆေးဝါး ထုတ်လုပ်နေမှုများအား ကြည့်ရှုစစ်ဆေးစဉ်။** သတင်းစဉ်

*✻ ကျော့ဖုံးမှ*

ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံတို့က နှုတ်ခွန်းဆက် အမှာစကားများ ပြောကြားကြပြီး ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစိုးရအစုအဖွဲ့မှ ဦးခင်ဇော်ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့မှ ဦးခွန်မြင့်ထွန်း၊ နိုင်ငံရေးပါတီအစုအဖွဲ့မှ ဦးစောထွန်းအောင်မြင့်၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ၏ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်ကျန်ရစ် နှင့် မွန်အမျိုးသားပါတီမှ ဒုတိယဥက္ကဋ္ဌ နိုင်ငွေသိန်းတို့က အမှာစကားများ ပြောကြားကြကာ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ နိုင်ဗညားလယ်မှ မွန်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ဆောင်ရွက်မှုများအား ရှင်းလင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ရေးမြို့ မွန်ဓမ္မာရုံတွင် နိုင်ငံရေးကဏ္ဍဆိုင်ရာအခြေခံမူ အဆိုပြုချက်များကို လည်းကောင်း**(ဓါပုံ)**၊ အထက (၁) ကျောင်းခန်းမတွင် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံရမည့် လူမှုရေးကဏ္ဍအခြေခံမူ အဆိုပြုချက်များကို လည်းကောင်း၊ အထက(၁) ခန်းမဆောင်တွင် ဖက်ဒရယ်စီးပွားရေးဆိုင်ရာ အခြေခံမူ အဆိုပြုချက်များကို လည်းကောင်း၊ တစ်ပလ္လင်နှစ်ဆူ ဓမ္မာရုံတွင် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မူဝါဒအဆိုပြုချက်များကို လည်းကောင်း ကိုယ်စားလှယ် အသီးသီးတို့က အစုအဖွဲ့အလိုက် ဆွေးနွေးကြသည်။

**အစုအဖွဲ့အလိုက် ဆွေးနွေး**

အဆိုပါဆွေးနွေးပွဲကို မေ ၇ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး အစုအဖွဲ့အသီးသီးမှ ဆွေးနွေးပွဲ ကိုယ်စားလှယ် ၅၀၀ တို့က ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) မှ သတ်မှတ်ထားသည့် ကဏ္ဍလေးရပ်အား သက်ဆိုင်ရာအစုအဖွဲ့အလိုက် ဆွေးနွေးသွားကြမည်ဖြစ်သည်။



အခမ်းအနားသို့ သံဃာတော်များ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၊ ငြိမ်းချမ်းရေးကော်မရှင်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် နှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်ရေးကော်မတီဝင်များ၊ လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများ၊ အစုအဖွဲ့အသီးသီးမှ ဆွေးနွေးပွဲကိုယ်စားလှယ်များ၊ လေ့လာသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ် (မြန်/ဆက်)**



**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း အမှာစကားပြောကြားစဉ်။**

## ဘာသာပေါင်းစုံ တူယှဉ်တွဲ ငြိမ်းချမ်းရေးတွေ ပိုခိုင်မြဲ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး မေ ၅**

မန္တလေးကရုဏာမျိုးစေ့အဖွဲ့၏ စီစဉ်မှုဖြင့် **ဘာသာပေါင်းစုံ တူယှဉ်တွဲ ငြိမ်းချမ်းရေးတွေ ပိုခိုင်မြဲ** စကားဝိုင်းဆွေးနွေးပွဲကို မေလ ၅ ရက်က မန္တလေးချမ်းအေးသာဇံမြို့နယ် ၇၆ လမ်း၊ ၃၂ လမ်း × ၃၃ လမ်းကြားရှိ Hotel 76 ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကရုဏာမျိုးစေ့အဖွဲ့မှ ဒေါ်နီလာက ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်၊ ကရုဏာမျိုးစေ့အဖွဲ့၏လုပ်ဆောင်ချက်များနှင့် ဘာသာပေါင်းစုံ အတူတကွယှဉ်တွဲ၍ ငြိမ်းချမ်းရေးလုပ်ဆောင်လျှင် ငြိမ်းချမ်းမှု ပိုမိုခိုင်မြဲနိုင်သည်ဟု ပြောကြားသည်။ ဆက်လက်၍ ဗုဒ္ဓဘာသာမှ ဆရာတော် ဦးဥတ္တမစာရ၊ အစ္စလာမ်ဘာသာမှ မော်လဝီဦးစိုးနေဦး၊ ခရစ်ယာန်ဘာသာမှ ဦးဝင်းထွန်းအောင်၊ ဘဟာအီဘာသာမှ ဒေါ်ဝဏ္ဏာပပ နှင့် ဟိန္ဒူဘာသာမှ ဒေါ်နှင်းစိန်(တရားလွှတ်တော်ရှေ့နေ) တို့က ဦးဆောင်ဆွေးနွေးရာတွင် ဘာသာရေးရှုထောင့်၊ ငြိမ်းချမ်းရေးရှုထောင့်၊ နိုင်ငံရေးရှုထောင့်၊ ပညာရေးရှုထောင့်၊ ဥပဒေရှုထောင့် တို့မှ ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်နိုင်ရန် ဆွေးနွေးကြသည်။ ဆက်လက်၍ တက်ရောက်လာသူများမှ သိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ခင်ခင်ဝင်း (ပညာရေး)**

◆ *ရှေ့ဖုံးမှ*

မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရန် ဖွဲ့စည်းတည်ဆောက်ခဲ့ရာ ယခုအခါ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ သဘာဝဘေးအန္တရာယ်နှင့် ဓာတု၊ ဇီဝ၊ ရေဒီယိုသတ္တိကြွပစ္စည်း အန္တရာယ်များလည်း ဖြစ်ပွားပေါ်ပေါက်လာမှုကြောင့် ယင်းတို့ကို ကာကွယ်ရန် လူ၊ အထောက်အကူပြု ယာဉ်၊ စက်ပစ္စည်း ကိရိယာနှင့် နည်းပညာဆိုသော အခြေပြုကဏ္ဍ ၃ ရပ်ကို ဟန်ချက်ညီအောင် ကြိုတင်ပြင်ဆင်လေ့ကျင့်ထားရန် အမြော်အမြင်ရှိရှိ စီမံဆောင်ရွက်ထားရန် လိုအပ်လာပြီဖြစ်ကြောင်း၊ နောင်အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော အခြေအနေများကို မျှော်မှန်းတွက်ဆပြီး မီးသတ်တပ်ဖွဲ့၏ ဖွဲ့စည်းပုံ၊ စွမ်းဆောင်ရည်နှင့် ယာဉ်၊ စက်အင်အားများကို တိုးချဲ့ပေးနိုင်ခဲ့ပြီး ၎င်းအင်အားများဖြင့် ပြည်သူလူထုကို အကောင်းဆုံးဝန်ဆောင်မှု ပေးနိုင်ရန် အခြေခံနှင့် အဓိကအကျဆုံး အသိပညာ၊ အတတ်ပညာများ ပြည့်ဝနေအောင် လေ့ကျင့်ရေးသာလျှင် ပဓာနဖြစ်၍ နည်းပညာနှင့် ထက်မြက်ထိရောက်သော စွမ်းဆောင်ရည်များရရှိအောင် စဉ်ဆက်မပြတ် လေ့ကျင့်တည်ဆောက်နေရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်မှုတိုင်းသည် ပြည်သူလူထု၏ နေထိုင်မှု ဘဝလုံခြုံရေးမှစ၍ နိုင်ငံတော်တည်ဆောက်ရေးအထိ အကျုံးဝင်ခြင်းကြောင့် စွမ်းရည်ထက်မြက်အောင် လေ့ကျင့်တည်ဆောက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**သရုပ်ပြသ**

ထို့နောက် စစ်ရေးပြတပ်ခွဲများနှင့် မီးသတ်ယာဉ်များက ပြည်ထောင်စုဝန်ကြီးအား ချီတက်အလေးပြုခဲ့ကြပြီး တပ်ဖွဲ့ဝင်များ၏ တစ်ဦးချင်းစွမ်းရည်ပြိုင်ပွဲနှင့် ယာဉ်မတော်တဆမှုဖြစ်စဉ်တွင် အဖွဲ့လိုက် ရှာဖွေကယ်ဆယ်ရေး စွမ်းရည်ပြိုင်ပွဲများ၊ ပိုလန်နိုင်ငံမှ ရရှိသည့် ယာဉ်၊ စက်များ စွမ်းရည်ပြသခြင်း၊ ငလျင်ဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး (တပ်ခွဲအဆင့်) လေ့ကျင့်ခန်းဆောင်ရွက်နေမှုများအား သရုပ်ပြသခဲ့သည်။

**ကြည့်ရှု**

ဆက်လက်၍ ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် ပါဝင်ချီတက်ခဲ့သော တပ်ဖွဲ့ဝင်များအား ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက မီးသတ်တပ်ဖွဲ့ပြခန်းအတွင်း ခင်းကျင်း ပြသထားသည့် ခေတ်မီမီးသတ် ပစ္စည်းကိရိယာများကို ကြည့်ရှုခဲ့ကြသည်။



(၇၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ မိန့်ခွန်းပြောကြားစဉ်။

**တက်ရောက်**

(၇၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် ဇနီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ဌာနအကြီးအမှူးများ၊ အရာရှိကြီးများနှင့် တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ အလှူရှင်များ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်ပြီး ဂုဏ်ပြု လက်မှတ်နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် သီတာခန်းမတွင် ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများက တစ်ဦးချင်း စွမ်းရည်ပြိုင်ပွဲနှင့် ယာဉ်မတော်တဆမှုဖြစ်စဉ်တွင် အဖွဲ့လိုက် ရှာဖွေကယ်ဆယ်ရေး စွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိသည့် အသင်းများ၊ ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဆုရရှိသည့် စစ်ရေးပြတပ်ခွဲများ၊ စံပြမီးသတ်စခန်းဆု၊ သက်ပြည့်အငြိမ်းစား ခံစားခဲ့သည့် အရာရှိကြီးများ၊ ပြင်ပနည်းပြများ၊ နိုင်ငံတော်မှ ချီးမြှင့်သော ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူများ၊ ၂၅ နှစ်ကျော်တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အနုပညာရှင်များ၊ အလှူရှင်များ၊ စာတည်းမှူး (စာပေဗိမာန်)၊ ဗဟိုအဆင့်ကျင့်ဝတ်ဆုရရှိသည့် တပ်ဖွဲ့ဝင်များ၊ တစ်နှစ်တာအတွင်း ဝတ်စားဆင်ယင်မှု အကောင်းဆုံးရရှိသည့် တပ်ဖွဲ့ဝင်များနှင့် တစ်နှစ်တာအတွင်း အိမ်ထောင်သည်လိုင်းခန်းဆုရရှိသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**သတင်း - ထင်ပေါ်ဝင်း(ကမာရွတ်)**

**ဓာတ်ပုံ - ထိန်လင်း**

**“မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်မှုတိုင်းသည် ပြည်သူလူထု၏ နေထိုင်မှု ဘဝလုံခြုံရေးမှစ၍ နိုင်ငံတော်တည်ဆောက်ရေးအထိ အကျုံးဝင်ခြင်းကြောင့် စွမ်းရည်ထက်မြက်အောင် လေ့ကျင့်တည်ဆောက်ရမည်ဖြစ်”**





ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ၊ ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများ (၇၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားတွင် မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းရည်ပြသနေမှုကို ကြည့်ရှုအားပေးစဉ်။

## (၇၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားများ ကျင်းပ

**နေပြည်တော်**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ (၇၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၇ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် အမှတ် ၁၀ အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပခဲ့ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် မြို့တော်ဝန် ဒေါက်တာမျိုးအောင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၉၅ ဦးတို့မှ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်အား စစ်ရေးပြပုံစံဖြင့် အလေးပြုကြပြီး ဥက္ကဋ္ဌက မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားကာ လယ်ဝေးမြို့သာဝတ္တိမြို့နယ် ဆီသယ်ယာဉ်မီးလောင်မှုတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် တပ်ဖွဲ့ဝင် ခြောက်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်များအား လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

**မကွေး**

(၇၂)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို မကွေးမြို့ ခရိုင်အားကစားကွင်းအတွင်း၌ မေ ၅ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ရာ အခမ်းအနားတွင် မီးသတ်စစ်ရေးပြတပ်ခွဲမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်အား ချီတက်အလေးပြုကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စခန်းသန့်ရှင်းရေးဆုနှင့် မီးသတ်ကျင့်ဝတ်ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခြင်း၊ မိန့်ခွန်းပြောကြားခြင်း ဆောင်ရွက်ခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များက ခေတ်မီမီးသတ်ပစ္စည်းများ၏ စွမ်းရည်များကို သရုပ်ဖော်ပြသခဲ့ကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

**နမ့်ခမ်း**

(၇၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ မီးသတ်ရုံးတွင် ကျင်းပရာ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်က မိန့်ခွန်းပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးမျိုးမင်းသန့် ဦးဆောင်သော သန္ဓေ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာများရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်အစီး ၂၀ ဖြင့် ရေဖျန်း၍ သရုပ်ပြသခဲ့ရာ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များက ကြည့်ရှုအားပေးခဲ့ကြသည်။

**ညဏ်မင်း(နမ့်ခမ်း)**

**သီပေါ**

(၇၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို မေ ၅ ရက်က သီပေါမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပရာ မြို့နယ်မီးဘေးတားဆီးရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျတက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းက မီးသတ်တပ်ဖွဲ့နေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားပြီး လုပ်သက် ၄၉ နှစ်အတွင်း စေတနာ၊ ဝါသနာ၊ အနစ်နာခံကာ ဆောင်ရွက်ခဲ့သည့် အရန်မီးသတ်တပ်ဖွဲ့ ဒုတပ်ရင်းမှူး ဦးအုန်းညွန့်အား မြို့နယ်အုပ်ချုပ်ရေးမှူးက လည်းကောင်း၊ မီးသတ်လုပ်ငန်းများအပြင် အခြားလူမှုရေးလုပ်ငန်းများ ကူညီဆောင်ရွက်နေသည့် အရန်မီးသတ်တပ်စုမှူး ဦးအောင်သူထွေး၊ အခြေခံရုံးလုပ်ငန်းသင်တန်းတွင် ပထမဆုရခဲ့သော မီးသတ်တပ်သား ကျော်သူရ၊ တစ်ဦးချင်း စွမ်းရည်ပြသသော ဒုတပ်ကြပ်ကောင်းစစ်မှူး၊ အားကစားပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက တစ်ဦးချင်း ဂုဏ်ပြုဆုပစ္စည်းနှင့် လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်

**စိုင်း(သီပေါ)**

**ဖန်းမောက်**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ်၌ (၇၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို မြို့နယ်မီးသတ်ဦးစီးဌာနရုံးတွင် မေ ၅ ရက် နံနက် ၁၀ နာရီမှ နံနက် ၁၁ နာရီအထိ ကျင်းပခဲ့ကြကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်ဌေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးတင်ကိုကို၊ မြို့မိမြို့ဖ ဗဟိုတရားရုံးရှေ့နေ ဦးရီစိန်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးခူးပိုကတ်နှင့် မီးသတ်သန္ဓေအင်အား ၂၀ နှင့် အရန်အင်အား ၇၅ ဦး တက်ရောက်ခဲ့ကြသည်။

**သန်းမောင်လေး(ကချင်မြေ )**

# အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနား ကျင်းပ




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အလုပ်အကိုင် ၁၁ မျိုး ဖြေဆိုအောင်မြင်သူတစ်ဦးအား ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်စဉ်။

**မန္တလေး မေ ၅**
မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လုပ်သား ၅၀၀၀ စစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းစဉ်အရ အထက်မြန်မာပြည်ရှိ စစ်ဆေးအကဲဖြတ်ရေးဌာနများတွင် အလုပ်အကိုင် ၁၁ မျိုးအတွက် ဖြေဆိုအောင်မြင်သည့် ကျွမ်းကျင်လုပ်သား ၁၄၈၈ ဦး၊ စစ်ဆေးအကဲဖြတ်ရေးဌာန ၈ ခုနှင့် စစ်ဆေးရေးမှူး ၁၅ ဦးအား အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို မေ ၅ ရက်က မန္တလေးမြို့စက်မှုဇုန် (၁) ကနောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက NSSA အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း လုပ်သား ၅၀၀၀ စစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းစဉ်အရ အလုပ်အကိုင် ၁၈ မျိုးအတွက် လုပ်သား ၅၈၅၅ ဦးကို စစ်ဆေးအကဲဖြတ်နိုင်ခဲ့ပြီးအောင်မြင်သူ ၅၁၆၄ ဦး ဖြစ်၍ အောင်မြင်မှုရာခိုင်နှုန်း ၈၈ ရာခိုင်နှုန်းရှိကြောင်း၊ လျာထားချက်ကျော်လွန်၍ စစ်ဆေးအကဲ ဖြတ်နိုင်ခဲ့ပြီး အထက်မြန်မာပြည်၌ အလုပ်အကိုင် ၁၁ မျိုးတွင် ဖြေဆိုအောင်မြင်သူ ကျွမ်းကျင်လုပ်သား ကျား ၁၀၉၂ ဦး၊ မ ၃၉၆ ဦး စုစုပေါင်း ၁၄၈၈ ဦးနှင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန ရှစ်ခု၊ အလုပ်အကိုင်အလိုက် စစ်ဆေးရေးမှူး ၁၅ ဦးကို အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးမည်ဖြစ်ကြောင်း၊ လုပ်သားများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသဆိုင်ရာ ပုဂ္ဂလိကအဖွဲ့စည်းများ၊ ကျွမ်းကျင်သူများ၊ အစိုးရ၊ ပုဂ္ဂလိကသက်မွေးသင်တန်းကျောင်းများနှင့် NSSA ပူးပေါင်း ဆောင်ရွက်မှုသည် (Public Private Partnership-PPP) လုပ်ငန်းစဉ်ကို ပိုမိုပေါ်လွင်စေကြောင်း၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မြန်မာလုပ်သားထု ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတွင်း ကျွမ်းကျင်လုပ်သားများရရှိရေး မူဝါဒများ ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ၂၀၁၈ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းအတွင်း အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသထူထောင်ခြင်း အသက်ဝင်လာမည်ဖြစ်ရာ ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ရွှေ့ပြောင်းလုပ်ကိုင်နိုင်ခြင်းကြောင့် နိုင်ငံတွင်းရှိ လုပ်သားများအနေဖြင့် ဒေသတွင်းနိုင်ငံများရှိ လုပ်သားများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် လိုကြောင်း၊ နိုင်ငံတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာသည်နှင့်အမျှ လုပ်သားများ လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံခံရမှု မရှိစေရေး၊ ထိုက်သင့်သော လုပ်ခလစာများရရှိရေး၊ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေး လုပ်ငန်းစဉ်များသည် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းစဉ်အရ အလုပ်အကိုင် ၁၁ မျိုးတွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် လုပ်သားများအား ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များကို ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိတို့က ပေးအပ်ခဲ့ရာ အလုပ်ရှင်တစ်ဦးနှင့် ဖြေဆိုအောင်မြင်သည့် လုပ်သားများ ကိုယ်စားလုပ်သားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး၌ (၇၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား ကျင်းပ

**မန္တလေး မေ ၅**
မန္တလေးတိုင်းဒေသကြီး (၇၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၇ နာရီက အောင်မြေမန္တလာ အားကစားကွင်းတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်၍ မီးသတ်တပ်ဖွဲ့နေ့ အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မီးသတ်တပ်ဖွဲ့ဝင်များက ကွင်းအတွင်း နေရာယူကြပြီး နိုင်ငံတော်အလံနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့အား အလေးပြုကြကာ သစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းနှင့် အရန်စခန်းများမှ စစ်ရေးပြဆုရရှိကြသော ပထမဆုရ ပုသိမ်ကြီးမြို့နယ်၊ ဒုတိယဆုရ မဟာအောင်မြေမြို့နယ်၊ တတိယဆုရ ချမ်းအေးသာစံမြို့နယ်များကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် လျှင်လှုပ်ခတ်မှုကြောင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည်နှင့် မီးလောင်မှုသရုပ်ပြသခြင်း၊ အထပ်မြင့်အဆောက်အအုံ မီးငြိမ်းသတ်ခြင်းနှင့် မီးဘေးလုံခြုံရေးအတွက် ထားရှိသော ပစ္စည်းများအား လက်တွေ့သရုပ်ပြသခြင်း၊ ရေပြင်အသက်ကယ်ခြင်း၊ ယာဉ်တိမ်းမှောက်မှု ကယ်ဆယ်ခြင်း၊ ဂက်စ်အိုးမီးလောင်မှုအား 3D Nozzle ဖြင့် ငြိမ်းသတ်ခြင်းများကို သရုပ်ပြသမှုတို့နှင့် ခေတ်မီမီးငြိမ်းသတ်စက်ပစ္စည်း ကိရိယာများကို ကြည့်ရှုအားပေးခဲ့ကြသည်။ **(ယာပုံ)**

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး (၇၂)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဆုချီးမြှင့်ခြင်း အခမ်းအနားကို နံနက် ၉ နာရီတွင် အောင်မြေမန္တလာ အားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းနှင့် အရံစခန်းများမှ သန့်ရှင်းသာယာလှပရေးဆုရ အရန်မီးသတ်တပ်ဖွဲ့မှ တစ်ဦးချင်းနှင့်အဖွဲ့လိုက် မီးသတ်စွမ်းရည်ပြိုင်ပွဲဆုရရှိသူများ၊ တိုင်းဒေသကြီးအဆင့် မီးသတ်ကျင့်ဝတ်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ပြိုင်ပွဲတွင် ဆုရရှိသူများ၊ မြို့နယ်၊ နယ်မြေများမှ သင်တန်းများအလိုက် ဆုရရှိသူများအား တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ဆီမီးခုံ-သာထွန်း ရောဝတီမြစ်ကူး ကူးတို့ဇက်ရေယာဉ် စမ်းသပ်ပြေးဆွဲ

**မြောင် မေ ၅**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်တို့ကို ဆက်သွယ်သွားလာမှု အဆင်ပြေစေရန်အတွက် နိုင်ငံတော်အစိုးရက ဆီမီးခုံ- သာထွန်း ရောဝတီမြစ်ကူး ဇက်ရေယာဉ်ကို မေ ၄ ရက်က စတင်စမ်းသပ်ပြေးဆွဲပေးခဲ့ကြောင်း သိရသည်။ ဆီမီးခုံဆိပ်ကမ်း စီမံကိန်းနှင့် ရောဝတီမြစ် အနောက်ဘက်ကမ်းရှိ မြောင်မြို့နယ် သာထွန်းကျေးရွာသို့ အသွားအပြန် ပြေးဆွဲပေးခဲ့သည်။ မေလအတွင်း မော်တော်ယာဉ်များပါ ကူးလူးသွားလာနိုင်မည်ဖြစ်သည့်အတွက် မြင်းခြံမြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ မြောင်မြို့နယ်ရှိ ပြည်သူများသာမက ဒေသထွက် လယ်ယာသုံးပစ္စည်းများပါ ကုန်စည်စီးဆင်းမှု ပိုမိုလွယ်ကူနိုင်မည် ဖြစ်သည်။ ယခင်က ရောဝတီ မြစ်ကြီးခြား၍ သွားလာမှု ခက်ခဲမှုကြောင့် အမြင်နီးသော်လည်း ခရီးဝေးခဲ့ကြရသည်။

မြောင်မြို့နယ်မှ သာထွန်း၊ မင်းတန်း၊ အိုင်သာ၊ ညွန့်ရွာကျေးရွာများရှိ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများသည် ဆီမီးခုံသို့ သေးငယ်သော လှေ၊ ငှက်သမ္ဗန်များ စီး၍ ရောဝတီမြစ်အတွင်း ဖြတ်သန်းသွားလာခဲ့ကြရသည်။



ယခုအခါ ကူးတို့ကူးဇက်ရေယာဉ် စီး၍ ဒေသခံပြည်သူများ ဘေးကင်းစွာ သွားလာနိုင်ကြသည့်အပြင် မန္တလေးတိုင်းဒေသကြီးမှ မြင်းခြံ၊ တောင်သာ ငါန်းဇွန်မြို့နယ်အတွင်းရှိ မော်တော်ယာဉ်များသည် မုံရွာဒေသသို့ သွားရန် မန္တလေးမြို့ဘက်မှ လှည့်ပတ်၍ သွားစရာ မလိုတော့ဘဲ ဆီမီးခုံဆိပ်ကမ်းမှ ဇက်ရေယာဉ်ကူး၍ သွားလာနိုင်ကြမည် ဖြစ်သလို စစ်ကိုင်းတိုင်းဒေသကြီးမှ မြောင်၊ ချောင်းဦး၊ မြင်းမူမြို့နယ်များမှ မော်တော်ယာဉ်များသည် မန္တလေးဘက်မှ လှည့်ပတ်၍ သွားလာစရာမလိုဘဲ မြင်းခြံ၊ နွားထိုးကြီး တောင်သာ အစရှိသည့် ဒေသများမှ လိုရာခရီးသို့ ဇက်ရေယာဉ်ကူး၍ လွယ်ကူစွာသွားလာနိုင်ကြမည်ဖြစ်ရာ အမြင်နီး၍ ခရီးမဝေးတော့ဘဲ ဆီမီးခုံ-သာထွန်းရောဝတီမြစ် ဇက်ကူးကူးတို့သည် ခရီးသွားလာမှု၊ အချိန်ကုန်သက်သာမှု၊ ကုန်ကျစရိတ်သက်သာမှု ရရှိစေပြီး ကုန်စည်စီးဆင်းမှု ပိုမိုလွယ်ကူစေခြင်းကြောင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူဖြစ်စေမည် ဖြစ်သည်။

**ဆီမီးခုံ-နန်းရီ**

## တာချီလိတ်၌ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပ

**တာချီလိတ် မေ ၅**
(၇၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနားကို မေ ၅ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ မြို့နယ်မီးသတ်ဦးစီးဌာနတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက (၇၂)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့မိန့်ခွန်းအား ဖတ်ကြားပြီး မီးသတ်တပ်ဖွဲ့အား အဘက်ဘက်မှ ပါဝင်ကူညီပေးခဲ့သည့် လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊ ထူးချွန်သည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ရှမ်းရိုးမကွင်း၌ မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်တန်း မေးခွန်းပုံစံသစ်နှင့် စပ်လျဉ်း၍ သိမှတ်ဖွယ်ရာများ

## ဒေါက်တာလဲ့လဲ့ဝင်း၊ ပါမောက္ခ (ဌာနမှူး) ရူပဗေဒဌာန၊ မန္တလေးတက္ကသိုလ်

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို ရူပဗေဒဘာသာရပ် မေးခွန်းပုံစံအသစ်နှင့် ပတ်သက်၍ ဆွေးနွေးမှာ ဖြစ်ပါသည်။

ပထမဦးဆုံး ရူပဗေဒဘာသာရပ် **မေးခွန်းပုံစံအဟောင်းကို** ရှင်းလင်းပြောပြမှာ ဖြစ်ပါသည်။

**ရူပဗေဒဘာသာရပ် မေးခွန်းပုံစံအဟောင်းမှာ-**

၁။ SECTION (A) နှင့် SECTION (B) အပိုင်း ၂ ပိုင်း ပါရှိပြီး ၁ ပိုင်းစီတွင် ရူပဗေဒပြဋ္ဌာန်းစာအုပ်မှာ ပါဝင်သော Mechanics, Heat, Waves and Sound, Optics, Electricity and Magnetism, Modern Physics ကဏ္ဍ ၆ ခုကို သင်ကြားပို့ချသော သင်ခန်းစာအနည်းအများပေါ်မူတည်၍ အချိုးညီမျှစွာ ပါဝင်ဖွဲ့စည်းထားသော မေးခွန်းပုံစံ ဖြစ်ပါသည်။

SECTION (A) တွင် ၄ မှတ်တန် မေးခွန်း ၉ ပုဒ်ရှိပြီး အားလုံးဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် ၉ ကတော့ “(OR)” နဲ့ခံပြီး ၂ ပုဒ် မေးထားတဲ့အတွက် နှစ်သက်ရာ ၁ ပုဒ်ကိုပဲ ရွေးချယ်ဖြေဆိုရပါမည်။

SECTION (B) မှာတော့ နံပါတ် ၁၀ က နေပြီးတော့ နံပါတ် ၁၅ အထိ မေးခွန်း ၆ ပုဒ် မေးထားပါသည်။ နှစ်သက်ရာ ၄ ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါသည်။ မေးခွန်း ၁ ပုဒ်ကို ၁၆ မှတ် ပေးထားပြီး မေးခွန်းတိုင်းမှာ (a) နဲ့ (b) ၂ ပိုင်းခွဲ၍ မေးထားပါသည်။

မေးခွန်းနံပါတ် ၁၅ မှာလည်း “(OR)” ခံပြီး ၂ ပုဒ်မေးထားတဲ့အတွက် နှစ်သက်ရာ ၁ ပုဒ်ကိုပဲ ရွေးချယ်ဖြေဆိုရပါမည်။

၂။ မေးခွန်းများကိုလည်း အပိုင်းအလိုက် သီအိုရီပေါ်အခြေခံပြီး၊ ရူပဗေဒအသိသညာများအပေါ် နားလည်နိုင်စွမ်းရှိမှု၊ လက်တွေ့နှင့် ဆက်စပ်အသုံးပြုနေမှုများကို၊ ဆန်းစစ်နားလည်နိုင်စေရန်အတွက်၊ သီအိုရီ၊ အသိသညာနှင့် လက်တွေ့များ ပေါင်းစပ်ဖွဲ့စည်းထားသော မေးခွန်းပုံစံ ဖြစ်ပါသည်။

၃။ မေးခွန်း၏ဖြေဆိုချိန် သတ်မှတ်ချက်အချိန်အတွင်း စဉ်းစားချိန်နှင့် ဖြေဆိုချိန်တို့ကို တော်၊ သင့်၊ ညံ့ ကျောင်းသား၊ ကျောင်းသူများအားလုံးအတွက် အချိန်ညှိနှိုင်းထည့်သွင်းထားသော မေးခွန်းပုံစံ ဖြစ်ပါသည်။

၄။ မေးခွန်း၏ အခြေခံမူအရ ရူပဗေဒဘာသာရပ်သည် အလွတ်ကျက်မှတ်ရုံနှင့်မရဘဲ၊ စာသင်နှစ်အစမှအဆုံးတိုင် ပုံမှန်လေ့လာဆည်းပူးထားသော ကျောင်းသား၊ ကျောင်းသူများအတွက် ကောင်းမွန်စွာဖြေဆို အောင်မြင်နိုင်ရန်၊ အထူးဂရုစိုက် လေ့လာဆည်းပူးထားသော ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ထူးမှတ်ရရှိစေနိုင်ရန်၊ မေးခွန်းတိုင်းအပေါ်တွင် အလေးအပေါ့ညီမျှစွာ ပေါင်းစပ်ဖွဲ့စည်းထားသော မေးခွန်းပုံစံ ဖြစ်ပါသည်။

၅။ ယခင် ရူပဗေဒဘာသာရပ်မေးခွန်းပုံစံအဟောင်းသည် ကောင်းမွန်စွာဖြေဆိုအောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအတွက် တက္ကသိုလ်အဆင့် ရူပဗေဒဘာသာရပ်ကို ဆက်လက်လေ့လာဆည်းပူးနိုင်ရန် အထောက်အပံ့ကောင်း ဖြစ်စေနိုင်သော မေးခွန်းပုံစံ ဖြစ်ပါသည်။

ဒုတိယပိုင်းအနေနှင့် ၂၀၁၉ ခုနှစ်တွင် ဖြေဆိုရမည့် ရူပဗေဒဘာသာရပ် မေးခွန်းပုံစံအသစ်အကြောင်းကို ရှင်းလင်းမှာ ဖြစ်ပါသည်။

**မျှတစွာ မေးမြန်းထား**

ရူပဗေဒမေးခွန်းအဟောင်းသည် သင်ကြားပို့ချသော သင်ခန်းစာများကို အချိုးအစားညီမျှစွာ မေးထားခြင်း၊ သီအိုရီ၊ အသိပညာလက်တွေ့နှင့် ဆက်စပ်အသုံးပြုမှုများကို မျှတစွာမေးမြန်းထားခြင်း၊ တော်၊ သင့်၊ ညံ့ ကျောင်းသား၊ ကျောင်းသူအားလုံး မိမိ၏ အရည်အသွေးပေါ်မူတည်၍ ဖြေဆိုနိုင်ရန် မေးမြန်းထားသော မေးခွန်းပုံစံတစ်ခုဖြစ်သည့်အတွက် **၂၀၁၉ ရူပဗေဒမေးခွန်းပုံစံအသစ်တွင် မေးခွန်းအဟောင်း၏ SECTION (A) မှ မေးခွန်း ၁၊ မေးခွန်း ၂ နှင့် မေးခွန်း ၉ မှ လွဲ၍ ကျန်မေးခွန်းများတွင် အပြောင်းအလဲမရှိပါ။**

ယခုမေးခွန်းပုံစံအသစ်၏ မေးခွန်းနံပါတ် ၁ တွင် ယခင် မေးခွန်းအဟောင်းနံပါတ် ၁ ၏ ကွက်လပ်ဖြည့် (Fill in the blanks) အစား ပေးထားသော အဖြေများအနက်မှ မှန်ကန်သောအဖြေကို ရွေးချယ်ခြင်း (Multiple Choice) နှင့် အစားထိုးပါမည်။

**ဥပမာ နံပါတ်(၁) Multiple Choice မေးခွန်းအတွက်-**

1. Choose the correct answer from the followings. (4 marks)
   (i) The .......... in hydraulic press is exerted equally in the liquid in all directions.
   (A. pressure, B. force, C. weight)
   (ii) The .......... carry negative charge.
   (A. positrons, B. electrons, C. neutrons)
   (iii) The unit used to measure electric current is .......... .
   (A. ampete (A), B.volt(V), C. farad(F))
   (iv) A concave lens is .......... .
   (A. converging, B.diverging, C. neither of these)

ဤသို့ပြောင်းလဲရခြင်းမှာ ယခင်မေးခွန်းပုံစံနံပါတ် ၁ ကွက်လပ်ဖြည့်တွင် တစ်ခါတစ်ရံ တစ်ခုမကသော အဖြေမျိုးဖြစ်နိုင်ခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူများအတွက် ဝိဝါဒကွဲပြားမှုမျိုး ဖြစ်ပေါ်နိုင်ပါသည်။

**အချိန်တိုအတွင်းမှာ အဖြေမှန်ကို ရွေးချယ်နိုင်မှာဖြစ်**

ထိုကဲ့သို့သော ကွက်လပ်ဖြည့်မေးခွန်းအစား မှန်ကန်တိကျသည့် အဖြေတစ်ခုပါရှိသော အဖြေ(၃)မျိုးပေးထားပြီး ထိုအဖြေထဲမှ မှန်ကန်သောအဖြေကို ရွေးချယ်ဖြေဆိုခြင်းသည် ကျောင်းသား၊ ကျောင်းသူများအတွက် ပိုမိုအဆင်ပြေစေပါသည်။ ရူပဗေဒအခြေခံသဘောတရားကို နားလည်လျှင် အချိန်တိုအတွင်းမှာ အဖြေမှန်ကို ရွေးချယ်နိုင်မှာ ဖြစ်ပါသည်။

ရူပဗေဒဘာသာရပ် စာအုပ်တွေမှာလည်း ယခုလို Multiple Choice မေးခွန်းမျိုးများ လေ့လာနိုင်ရန်အတွက် ပါရှိပါသည်။

ထို့အတွက်ကြောင့် ယခင်မေးခွန်းဟောင်းပုံစံမှ ကွက်လပ်ဖြည့်အစား ကျောင်းသား၊ ကျောင်းသူများအတွက် ပိုမိုအကျိုးရှိပြီး၊ ရူပဗေဒသဘောတရားများလည်း ပိုမိုသက်ဝင်နားလည်နိုင်သော Multiple Choice မေးခွန်းကို ပြောင်းလဲခြင်း ဖြစ်ပါသည်။

ယခုမေးခွန်းပုံစံအသစ်၏ မေးခွန်းနံပါတ် ၂ တွင် ယခင် မေးခွန်းအဟောင်းနံပါတ် ၂ ၏ အမှား၊ အမှန်ရွေးခြင်း (True or False)အစား အလိုက်ဖက်ညီမှန်ကန်စွာတွဲဖက်ပေးခြင်း (Matching)နှင့် အစားထိုးပါမည်။

**ဥပမာ နံပါတ် (၂) Matching မေးခွန်းအတွက်-**

2. Match the followings. (4 marks)

| | |
|---|---|
| (i) The rate of doing work | A. form of energy |
| (ii) NAND gate | B. newton per coulomb ($NC^{-1}$) |
| (iii) volt per metre ($Vm^{-1}$ | C. universal gate |
| (iv) Light | D. power |

ယခင်မေးခွန်းပုံစံနံပါတ် ၂ တွင် (True or False) ရွေးချယ်ရာ၌ ကျောင်းသား၊ ကျောင်းသူများသည် ရူပဗေဒအသိပညာရပ်ဆိုင်ရာ ရှုထောင့်မှ အဖြေကို မစဉ်းစားမိဘဲ True သို့မဟုတ် False ကို မိမိစိတ်ကြိုက် လွယ်ကူစွာ ရွေးချယ်ဖြေဆိုလိုက်ခြင်းသည် ကျောင်းသား၊ ကျောင်းသူများ၏ ဆက်စပ်စဉ်းစားနိုင်စွမ်းကို လျော့ကျစေပါသည်။ True သို့မဟုတ် False တစ်ခုကိုသာ ဖြေဆိုလိုက်ခြင်းသည် ကျောင်းသား၊ ကျောင်းသူတို့၏ အသိပညာဖွံ့ဖြိုးမှုအတွက်လည်း အထောက်အကူမဖြစ်စေပါ။

**ပိုမိုသက်ဝင်နားလည်စေမှာဖြစ်**

ထို့ကြောင့် True သို့မဟုတ် False မေးခွန်းပုံစံအစား Column ၂ ခု ခွဲပြီး Column ၂ ခု တွင်ပါရှိသော အကြောင်းအရာများကို မှန်ကန်စွာတွဲဖက်ပေးသော Matching ပုံစံမျိုးကို မေးခြင်းသည် ကျောင်းသား၊ ကျောင်းသူများအတွက် ရူပဗေဒသဘောတရားကို ပိုမိုသက်ဝင်နားလည်စေမှာ ဖြစ်ပါသည်။

ဤသို့ (Matching) မေးခွန်းပုံစံပြောင်းလဲခြင်းဖြင့် သီအိုရီနှင့်ပတ်သက်သော ရူပဗေဒအသိပညာအပေါ် အခြေခံဆက်စပ်စဉ်းစားခြင်း (Conceptual Thinking)ကို တွန်းအားပေး မြှင့်တင်စေနိုင်ပါသည်။

ယခုမေးခွန်းပုံစံအသစ်၏ မေးခွန်းနံပါတ် ၉ တွင် ယခင်မေးခွန်း အဟောင်းနံပါတ် ၉ OR ကို ဖြုတ်ထားပါသည်။

ယခင်မေးခွန်းပုံစံ နံပါတ် ၉ တွင် မေးခွန်းနှစ်ခု ( OR) ခံပြီး မေးမည့်အစား မေးခွန်းတစ်ခုတည်းကိုသာ မေးခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ ရှင်းလင်းလွယ်ကူစွာ ဖြေဆိုနိုင်ရန် ရည်ရွယ်၍လည်းကောင်း၊ အမှတ်ပေးရာတွင် မူလကပေးမှတ် ၁၅၂ မှတ်တွင် ၁၀၀ မှတ်ဖိုး ဖြေဆိုရသော်လည်း နံပါတ် ၉ တွင် (OR) ဖြုတ်ခြင်းဖြင့် ပေးမှတ်ကို ၁၄၈ မှတ်သို့ လျှော့ချထားပါသည်။

ယခုမေးခွန်းပုံစံအသစ်၏ Section (B) တွင် ကဏ္ဍ ၆ ခုကို ယခင်မေးခွန်းပုံစံအတိုင်း အချိုးညီစွာ မျှမျှတတ မေးမည်ဖြစ်သောကြောင့် ကျောင်းသား၊ ကျောင်းသူများအတွက် အဆင်ပြေကောင်းမွန်သော မေးခွန်းပုံစံဖြစ်မည်ဟု ယူဆပါသည်။

၂၀၁၈ ခုနှစ်အထိ ကျင့်သုံးခဲ့သော တက္ကသိုလ်ဝင်တန်း ရူပဗေဒဘာသာရပ် မေးခွန်းပုံစံအဟောင်းနှင့် ၂၀၁၉ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်း ရူပဗေဒဘာသာရပ်မေးခွန်းပုံစံအသစ်တို့၏ နှိုင်းယှဉ်ဇယားကို ပူးတွဲဖော်ပြထားပါသည်။

## ၂၀၁၈ ခုနှစ်အထိ ကျင့်သုံးခဲ့သော တက္ကသိုလ်ဝင်တန်းရူပဗေဒဘာသာရပ် မေးခွန်းပုံစံအဟောင်းနှင့် ၂၀၁၉ ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်တန်းရူပဗေဒဘာသာရပ် မေးခွန်းပုံစံအသစ်တို့ နှိုင်းယှဉ်ဇယား

| လက်ရှိမေးခွန်းပုံစံ | | | မေးခွန်းပုံစံသစ် | | |
|---|---|---|---|---|---|
| မေးခွန်းနံပါတ် | သင်ခန်းစာ | ပေးမှတ် | မေးခွန်းနံပါတ် | သင်ခန်းစာ | ပေးမှတ် |
| **SECTION (A)** (Answer **ALL** questions) | | | **SECTION (A)** (Answer **ALL** questions) | | |
| 1. | Fill in the blanks. | 4 marks | 1. | Choose the correct answer from the followings. | 4 marks |
| | (i) | | | (i) | |
| | (ii) | | | (ii) | |
| | (iii) | | | (iii) | |
| | (iv) | | | (iv) | |
| 2. | Are the following statements **True** (or) **False**? | 4 marks | 2. | Match the followings. | 4 marks |
| | (i) | | | (i) A. | |
| | (ii) | | | (ii) B. | |
| | (iii) | | | (iii) C. | |
| | (iv) | | | (iv) D. | |
| 3. | Mechanics | 4 marks | 3. | Mechanics | 4 marks |
| 4. | Heat | 4 marks | 4. | Heat | 4 marks |
| 5. | Optics | 4 marks | 5. | Optics | 4 marks |
| 6. | Electric and Magnetic Fields | 4 marks | 6. | Electric and Magnetic Fields | 4 marks |
| 7. | Wave and Sound + Electric and Magnetic Fields | 4 marks | 7. | Wave and Sound + Electric and Magnetic Fields | 4 marks |
| 8. | Modern Physics | 4 marks | 8. | Modern Physics | 4 marks |
| 9. | Modern Physics | 4 marks | 9. | Modern Physics | 4 marks |
| (OR) | | | | | |
| 9. | Modern Physics | 4 marks | | | |

စာမျက်နှာ ၇ သို့

# ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန်  မေ ၅**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ကြီးမှူး၍ "မြန်မာ့ဒီမိုကရေစီ နိုင်ငံတော်နှင့် စတုတ္ထမဏ္ဍိုင် ပီပြင်စွာရပ်တည်ရေး"ခေါင်းစဉ်ဖြင့် ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်းရှေ့၌ ကျင်းပသည်။

**စာအုပ်ဆိုင်များ လှည့်လည်ကြည့်ရှု**

ရှေးဦးစွာ ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာ စာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် စာတမ်းဖတ်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးအုန်းကြိုင်(ဟံသာဝတီဦးအုန်းကြိုင်) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စက်ရုံဝင်းအတွင်း ခင်းကျင်းရောင်းချလျက်ရှိသည့် စာအုပ်ဆိုင်များကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနခန်းမ၌ ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာ စာတမ်းဖတ်ပွဲ ဖွင့်ပွဲကိုကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက "ပညာရှင်ကြီးများ စာတမ်းဖတ်ကြသည့်အတွက် ဗဟုသုတများစွာ ရရှိခဲ့ပါကြောင်း၊ ယခုလိုပွဲမျိုးကျင်းပပေးခြင်းဖြင့် မသိသည့် အကြောင်းအရာများ သိရှိရပြီး နိုင်ငံသူ နိုင်ငံသားများ စာအုပ်စာပေကို ဖတ်ရှုသည့် အလေ့အကျင့်များဖြစ်လာပါကြောင်း၊ လူငယ်များ စာအုပ်စာပေများကို စိတ်ဝင်စားလာကြသည့်အတွက် ယခုကဲ့သို့ပွဲမျိုးကို ဆက်လက်ဆောင်ရွက်ပေးကြပါ" ဟု ပြောကြားသည်။

**သတင်းသမားတွေရဲ့ တာဝန်**

စာတမ်းဖတ်ပွဲ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးအုန်းကြိုင်(ဟံသာဝတီဦးအုန်းကြိုင်)က "မီဒီယာသမားအားလုံးဟာ သတင်းမီဒီယာလွတ်လပ်ခွင့် ဒီနေ့ ရသလားလို့မေးရင် ကျွန်တော့်အမြင်အရ လွတ်လပ်ခွင့်ဆိုတာ တောင်းယူလို့ရတဲ့ပစ္စည်း မဟုတ်သလို ရပိုင်ခွင့်ရှိတဲ့ပစ္စည်းလည်း မဟုတ်ဘူး။ သတင်းသမားတာဝန်ဟာ ရေးသားတင်ပြရမယ့် တာဝန်ရှိတဲ့အတွက် ပြည်သူရဲ့ဝန် ထမ်းဆောင်ရတဲ့ ပြည့်မျက်လုံးဖြစ်တဲ့အတွက် သိတဲ့အတိုင်း၊ မြင်တဲ့အတိုင်း ပြည်သူသိအောင် ရေးသားတင်ပြရမယ်၊ ဒါ ကျွန်တော်တို့ သတင်းသမားတွေရဲ့ တာဝန်ဖြစ်တယ်၊ ဒါကို အခြေခံဥပဒေအရ ခွင့်ပြုပြီးဖြစ်တယ်၊ လာမယ့် အနာဂတ်တိုင်းပြည်ဟာ ဒီမိုကရေစီနိုင်ငံစနစ် ပီပီပြင်ပြင်ပေါ်လာတဲ့တစ်နေ့ သတင်းမီဒီယာဟူသော စတုတ္ထမဏ္ဍိုင်သည်လည်း နိုင်ငံတော်မှာ ပီပီပြင်ပြင် ရပ်တည်နိုင်ဖို့ ဦးတည်ပြီး ဒီစာတမ်းဖတ်ပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

ယင်းနောက် စာတမ်းဖတ်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ သဘာပတိများ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နံနက်ပိုင်းစာတမ်းဖတ်ပွဲကိုကျင်းပရာ သဘာပတိများအဖြစ် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာမျိုးသန့်တင်နှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် (ပြန်ကြားရေးတာဝန်ခံ) ဦးမြင့်ကျော်တို့က ဆောင်ရွက်ကြပြီး စာတမ်းရှင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဦးအုန်းကြိုင်(ဟံသာဝတီဦးအုန်းကြိုင်)က **"မြန်မာ့ဒီမိုကရေစီနိုင်ငံတော်နှင့် စတုတ္ထမဏ္ဍိုင် ပီပြင်စွာရပ်တည်ရေး"** စာတမ်းနှင့် စာတမ်းရှင် ဦးရဲမြင့်ဖေက **"သတင်းသမားဘဝ ဖြတ်သန်းခဲ့ရခြင်းပုံရိပ်"**စာတမ်းများကို ဖတ်ကြားကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းစာတမ်းဖတ်ပွဲတွင် သဘာပတိများအဖြစ် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ တွဲဖက်အတွင်းရေးမှူး(၂) ဦးကျော်စွာမင်းတို့က ဆောင်ရွက်ကြပြီး စာတမ်းရှင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)က **"မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အစတည်ပုံနှင့် အနာဂတ်အတွက် ဆောင်ရွက်သင့်သည်များ"** စာတမ်းနှင့် စာတမ်းရှင် ပါမောက္ခဒေါက်တာမြင့်မောင်မောင်က **"ပြည်သူ့ကျန်းမာရေးနှင့် သတင်းမီဒီယာကဏ္ဍ"** စာတမ်းများကို ဖတ်ကြားကြသည်။

ထို့နောက် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြပြီး ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သဘာပတိများနှင့် စာတမ်းရှင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ စာပေနှင့် ပုံနှိပ်ထုတ်ဝေ၊ သတင်းမီဒီယာ အသင်းအဖွဲ့များ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် မီဒီယာများ တက်ရောက်ကြသည်။

ယနေ့ စာအုပ်ဈေးရောင်းပွဲတွင် စာအုပ်ဆိုင်ပေါင်း ၁၀၀ ကျော် ဖွင့်လှစ်ရောင်းချလျက်ရှိရာ စာပေချစ်မြတ်နိုးသူ မိဘပြည်သူများ လာရောက်ကြည့်ရှု ဝယ်ယူအားပေးကြသည်။

**စာတမ်းများကို ဖတ်ကြားကြမည်**

အဆိုပါစာတမ်းဖတ်ပွဲကို မေ ၆ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ရာ ဒေါက်တာမောင်မောင်စံက **"ဂျင်မီတို့ကမ္ဘာ၊ ကျွန်တော်တို့ရဲ့ကမ္ဘာ"**စာတမ်း၊ ဦးမြတ်ခိုင်(MJA)က **"သတင်းလွတ်လပ်ခွင့် တိုက်ပွဲများ"** စာတမ်း၊ ဦးနိုင်မောင်၊ ဦးကြည်နိုင်(MWU)တို့က **"မျက်မှောက်ခေတ် သတင်းမီဒီယာလောကကို တစေ့တစောင်းအကဲခတ်ခြင်း"**စာတမ်း၊ ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်) (MWA) က **"သတင်းသမားများနှင့် မီဒီယာကျင့်ဝတ်"**စာတမ်း၊ ဦးချစ်ဝင်းမောင်(MJU) က **"NLD အစိုးရလက်ထက် မြန်မာ့သတင်းမီဒီယာလွတ်လပ်မှုအခြေအနေကို လေ့လာသုံးသပ်ခြင်း"**စာတမ်းနှင့် ဦးဇေယျ(သားကြီးမောင်ဇေယျ)က **"ရခိုင်ပြည်နယ်အရေးနှင့် ငြိမ်းချမ်းရေးသတင်းစာပညာ အသုံးအနှုန်း"**စာတမ်းများကို ဖတ်ကြားကြမည်ဖြစ်သည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့် ၊ ဓာတ်ပုံ - ဇော်မင်းလတ်**



**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ (MPC) ဒုတိယဥက္ကဋ္ဌ ဦးအုန်းကြိုင်တို့က ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** သတင်းစဉ်

*စာမျက်နှာ ၆ မှ*

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| SECTION (B) (Answer any Four questions) | | | | | SECTION (B) (Answer any Four questions) | | | | |
| 10. | (a) | | Mechanics | 8 marks | 10. | (a) | | Mechanics | 8 marks |
| | (b) | (i) | Heat | 8 marks | | (b) | (i) | Heat | 8 marks |
| | | (ii) | Wave and Sound | | | | (ii) | Wave and Sound | |
| 11. | (a) | | Optics | 8 marks | 11. | (a) | | Optics | 8 marks |
| | (b) | | Optics | 8 marks | | (b) | | Optics | 8 marks |
| 12. | (a) | | Electric and Magnetic Fields | 8 marks | 12. | (a) | | Electric and Magnetic Fields | 8 marks |
| | (b) | | Electric and Magnetic Fields | 8 marks | | (b) | | Electric and Magnetic Fields | 8 marks |
| 13. | (a) | | Electric and Magnetic Fields | 8 marks | 13. | (a) | | Electric and Magnetic Fields | 8 marks |
| | (b) | | Electric and Magnetic Fields | 8 marks | | (b) | | Electric and Magnetic Fields | 8 marks |
| 14. | (a) | | Modern Physics | 8 marks | 14. | (a) | | Modern Physics | 8 marks |
| | (b) | | Modern Physics | 8 marks | | (b) | | Modern Physics | 8 marks |
| 15. | (a) | | Heat + Electric and Magnetic Fields | 8 marks | 15. | (a) | | Heat + Electric and Magnetic Fields | 8 marks |
| | (b) | | Light + Electric and Magnetic Fields | 8 marks | | (b) | | Light + Electric and Magnetic Fields | 8 marks |
| (OR) | | | | | (OR) | | | | |
| 15. | (a) | | Electric and Magnetic and Fields | 8 marks | 15. | (a) | | Electric and Magnetic and Fields | 8 marks |
| | (b) | | Modern Physics | 8 marks | | (b) | | Modern Physics | 8 marks |
| စုစုပေါင်းမေးအမှတ်ပေါင်း = 152 marks | | | | | စုစုပေါင်းမေးအမှတ်ပေါင်း = 148 marks | | | | |

# ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းမှ ပြန်ရောက်လာမည့် မြန်မာနိုင်ငံသားများ တည်းခိုမည့်နေရာ ကွင်းဆင်းစစ်ဆေး

**မြဝတီ  မေ ၅**

ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးနှင့် အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံဒုက္ခသည်စခန်းမှ မိမိသဘောဆန္ဒအလျောက် ပြန်ရောက်လာမည့် မြန်မာနိုင်ငံသားများနေထိုင်မည့် မြဝတီမြို့ရှိ ကျောက်လုံးကြီးစခန်းအား မေ ၅ ရက် မွန်းလွဲ ၂ နာရီက သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်နှင့် ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးတို့က ကြိုဆိုလက်ခံရေး ကော်မတီများအား ပြန်ရောက်လာမည့် ဒုက္ခသည်များ ရောက်ရှိလာပါက နေရာထိုင်ခင်းများ စနစ်တကျ ပြုလုပ်ထားရန်၊ ချက်ပြုတ်ကျွေးမွေးမှုအား အဆင်သင့် ပြုလုပ်ထားကြရန်၊ ကျန်းမာရေးနှင့် နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးနိုင်ရန် ယာဉ်များ စီစဉ်ထားရန်နှင့် ပြန်ဝင်လာမည့်သူများ စာရင်းဇယားများ ပြုစုနိုင်ရေးတို့ကို မှာကြားခဲ့သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ပြန်လည်ဝင်ရောက်လာမည့် မြန်မာနိုင်ငံသားများ ယာယီနေထိုင်မည့် အိပ်ဆောင်၊ မီးဖိုချောင်၊ ရေချိုးခန်း၊ အိမ်သာများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းများတွင်နေထိုင်သော မြန်မာနိုင်ငံသားများသည် မြဝတီမြို့သို့ မေ ၇ ရက်တွင် ပြန်လည်ဝင်ရောက်လာမည်ဖြစ်ကြောင်း၊ စခန်းများဖြစ်သော မယ်လ၊ အုန်းဖျန်၊ နို့ဖိုး၊ ဘမ့်ဒုံယမ်းနှင့် မိုင်နန်းစွယ် ကရင်နီဒုက္ခသည်စခန်းအတွင်းမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာမည့် မယ်လစခန်းမှ အိမ်ထောင်စု ၂၀၊ လူဦးရေ ၆၀၊ နို့ဖိုးစခန်းမှ အိမ်ထောင်စု ၁၃ စု၊ လူဦးရေ ၃၅ ဦး၊ အုန်းဖျန်စခန်းမှ အိမ်ထောင်စု ရှစ်စု၊ လူဦးရေ ၃၀၊ မိုင်နန်းစွယ်စခန်းမှ အိမ်ထောင်စု ကိုးစု၊ လူဦးရေ ၃၅ ဦးနှင့် ဘမ့်ဒုံယမ်းစခန်းမှ တစ်ဦး စုစုပေါင်း ၁၆၁ ဦးဖြစ်ကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

**ထူးခြားသည့် နေ့အပူချိန်များ**

**နေပြည်တော်  မေ ၅**

ထူးခြားသည့်နေ့အပူချိန်များမှာ ဘော်လခဲမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ သာယာဝတီမြို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်၊ မြင်းမူမြို့နှင့် အောင်လံမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီ တို့ဖြစ်ကြသည်။ **မိုး/ဇလ**

# မြန်မာ့ဒီမိုကရေစီနိုင်ငံတော်နှင့် စတုတ္ထမဏ္ဍိုင် ပီပြင်စွာရပ်တည်ရေး သတင်းစာဆရာကြီးများနှင့် ပညာရှင်များ၏ အတွေးအမြင်များ


ဦးအုန်းကြိုင် (ဟံသာဝတီဦးအုန်းကြိုင်)


ဦးရဲမြင့်ဖေ


ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)


ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်


ဦးသိမ်းစိုး (သိမ်းစိုးသီဟရတနာ)

**ရန်ကုန် မေ ၅**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ကြီးမှူး၍ "မြန်မာ့ဒီမိုကရေစီ နိုင်ငံတော်နှင့် စတုတ္ထမဏ္ဍိုင် ပီပြင်စွာရပ်တည်ရေး"ခေါင်းစဉ်ဖြင့် ဒုတိယအကြိမ် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို မေ ၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲတွင် ဖတ်ကြားကြမည့် စာတမ်းရှင် သတင်းစာဆရာကြီးများနှင့် ပညာရှင်များအား မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားဖော်ပြပါသည်။

**ဦးအုန်းကြိုင် (ဟံသာဝတီဦးအုန်းကြိုင်)**
**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ**
**ဒုတိယဥက္ကဋ္ဌ(၁)**

"မြန်မာ့ဒီမိုကရေစီနိုင်ငံတော်နှင့် စတုတ္ထမဏ္ဍိုင် ပီပြင်စွာရပ်တည်ရေး"ခေါင်းစဉ်နဲ့ စာတမ်းဖတ်ကြားပါမယ်။ ဒီကနေ့ သတင်းသမားတွေ ပြောနေတဲ့ သတင်းလွတ်လပ်ခွင့် မရှိဘူးဆိုတာ ကိုယ်က ကိုယ့်ဟာကိုယ်ရေးရမယ့်တာဝန်အရ ရေးကိုရေးရမယ်။ အခွင့်အရေးတောင်းနေစရာမလိုဘူး။ ပြည်သူဘာဖြစ်နေတယ်ဆိုတာ တင်ပြရမယ်၊ အစိုးရ ဘာလုပ်တယ်ဆိုတာ တင်ပြရမယ်။ ဒါကျွန်တော်တို့ တာဝန်ပါ။ အဲဒီအတွက် သတင်းလွတ်လပ်ခွင့်ကို နားမလည်ဘူး။ ကျွန်တော်တို့မှာ ရှိပြီးသားအခွင့်အရေး ပြည်သူပိုင်သလို ကျွန်တော်တို့ မီဒီယာသမားတွေလည်း အခွင့်အရေးရှိတယ်။ ဘာလဲဆိုရင် အခြေခံဥပဒေအရ ပေးထားတဲ့ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ လွတ်လပ်စွာပြောဆိုခွင့် အဲဒီအခွင့်အရေးတွေက ကျွန်တော်တို့မှာ ရှိပြီးသားဖြစ်တယ်။ သို့သော် တည်ဆဲဥပဒေတွေနဲ့ မငြိစွန်းရင် ကျွန်တော်တို့ လွတ်လပ်စွာရေးမှာပဲ။ ဒီဟာတစ်ခုပဲ ထိန်းတယ်၊ စည်းမဲ့ကမ်းမဲ့ရေးသားတာမျိုးတော့မဟုတ်ဘူး။ ရှိတဲ့သတင်း မီဒီယာကျင့်ဝတ်တွေနဲ့ရေးမယ်။ ရေးရင် သတင်းလွတ်လပ်ခွင့်ရှိပြီးသား ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်နဲ့ စာတမ်းခေါင်းစဉ် ရွေးချယ်ခြင်းဖြစ်ပါတယ်။

**ဦးရဲမြင့်ဖေ(မြန်မာ့အလင်းစာတည်းမှူးချုပ်-ငြိမ်း၊ မြန်မာတိုင်းမ်နေ့စဉ် အယ်ဒီတာချုပ်)**

"သတင်းသမားဘဝဖြတ်သန်းခဲ့ရခြင်း ပုံရိပ်" ခေါင်းစဉ်နဲ့ စာတမ်းဖတ်ပါမယ်။ ကျွန်တော်ကြေးမုံမှာလုပ်ခဲ့စဉ်က သတင်းသမားဘဝ၊ နေ့စားဘဝ၊ စာပြင်ဘဝ၊ သတင်းထောက်ဘဝ၊ အယ်ဒီတာဘဝ၊ နောက်ဆုံး အယ်ဒီတာချုပ်ထိ လုပ်ခဲ့တာတွေကို ပြောမယ်။ ရှင်းပြမယ်။ သတင်းသမားဘဝဆိုတာ ရိုးရိုးတန်းတန်းသာမန် မရနိုင်ဘူး။ ခက်ခဲတဲ့ ဆူးခင်းလမ်းကို ဖြတ်ရမယ်၊ ပေးဆပ်ရမယ်။ အနစ်နာခံရမယ်။ စာအုပ် စာတမ်းတွေ ဖတ်ရမယ်၊ ဆရာသမားတွေ၊ ဆရာကောင်းသမားကောင်းတွေ့ဖို့လိုတယ်။

**ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)**

"မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ အစ တည်ပုံနှင့် အနာဂတ်အတွက် ဆောင်ရွက်သင့်သည်များ" ခေါင်းစဉ်နဲ့ စာတမ်းဖတ်ကြားပါမယ်။ စာတမ်းဖတ်ရတဲ့ ရည်ရွယ်ချက်ကတော့ စာတမ်းခေါင်းစဉ်အတိုင်း မြန်မာသတင်းမီဒီယာကောင်စီဖြစ်ပေါ်လာပုံကို မှတ်တမ်းမှတ်ရာဖြစ်ဖို့၊ လူအများသိသွားစေရန်အတွက် မှတ်တမ်းမှတ်ရာ ကျန်ရစ်စေရန် ဖတ်ကြားတာပါ။ နောက်တစ်ခုက အနာဂတ်အတွက် လုပ်ဆောင်သင့်တဲ့ ရှေ့ဘာဆက်လုပ်ကြမလဲ၊ ဥပဒေပြဋ္ဌာန်းထားတဲ့အထဲမှာ ရည်ရွယ်ချက်တွေပါပါတယ်။ ရည်ရွယ်ချက်တွေကို ပေါက်မြောက်အောင် ဘာတွေဆက်လုပ်ကြမလဲ။ လုပ်သင့်တာလေးတွေ ဆွေးနွေးဖို့အဓိက ရည်ရွယ်ချက်ပါ။ ဒီစာတမ်းကို ပြည်သူတွေအတွက် Message ကတော့ ပထမဒီသတင်းမီဒီယာကောင်စီဖြစ်ပေါ်လာပုံကို သမိုင်းကြောင်းလေး သိစေချင်တာပါ။ သုတပေးရုံပါ၊ နောင်တစ်ချိန်ကျတော့ သုတေသီတွေ ဘာတွေပြန်ဖော်ထုတ်ချင်ကြတယ်။ ရေးသားချင်တဲ့စိတ် မှတ်တမ်း ကျန်ရစ်ဖို့၊ သတင်းမီဒီယာကောင်စီရဲ့ လုပ်ငန်းစဉ်၊ ဘာတွေလုပ်တာသိအောင်၊ နောင်ကို ဘာတွေလုပ်သင့်သလဲ၊ ကြိုတင်ဆွေးနွေးထားတာပါ။ အဲဒီမှာ စိတ်ဝင်စားတဲ့ ပြည်သူလူထုက အကြံဉာဏ်ပေးနိုင်၊ ဆွေးနွေးနိုင်အောင် ဒါကို ဖွင့်လိုက်တဲ့သဘောပါ။ ဒါက သတင်းမီဒီယာကောင်စီရဲ့ ဒုတိယအကြိမ် စာတမ်းဖတ်ပွဲဖြစ်ပါတယ်။

**ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်**

"ပြည်သူ့ကျန်းမာရေးနှင့် သတင်းမီဒီယာကဏ္ဍ"ခေါင်းစဉ်နဲ့ စာတမ်းဖတ်ပါမယ်။ ဆေးပညာသည်တွေရဲ့ တစ်ဦးတည်းကိုယ်စားလှယ်ပါ၊ ပါတဲ့အနှစ်သာရကတော့ ရည်ရွယ်ချက် သုံးခုရှိပါတယ်။ တစ်ခုက ကနေ့လက်ရှိ မြန်မာနိုင်ငံမှာ သတင်းမီဒီယာက ပြည်သူ့ကျန်းမာရေးနဲ့ ဘယ်လောက် အထောက်အကူဖြစ်နိုင်သလဲ။ အားနည်းချက် အားသာချက်၊ နောက်တစ်ခုက ပြည်တွင်းတွင်မက အာဆီယံနိုင်ငံတွေမှာတော့ ဘာတွေလုပ်နေလဲ။ အခု တက်ရောက်လာတဲ့ ပရိသတ်တွေကို အသိပေးမှာပါ။ နောက်တစ်ခုက ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ဘာတွေလုပ်နေသလဲ ဆိုတာပါ။

မီဒီယာကောင်စီ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဂျာနယ်လစ်ဆင်သင်တန်းတွေဖွင့်မယ်။ လက်မှတ်ရ သင်တန်း၊ ဒီပလိုမာ၊ မာစတာ ဒီဂရီ၊ သိပ်တော်ရင် ပြည်ပအထိ လွှတ်မယ်။ ပီပြင်လာရင် ကျန်းမာရေးကဏ္ဍဟာ မီဒီယာများရဲ့အကူအညီနဲ့ နှစ်ဦးနှစ်ဖက်ကူညီပြီး ဒီထက်ဖွံ့ဖြိုးမယ်လို့ ထင်ပါတယ်။ ကမ္ဘာ့နာမည်ကြီးတဲ့ စာစောင်တွေမှာတောင် အနည်းဆုံးလူထုအတွင်းမှာ အဖြစ်များတဲ့ ရောဂါတစ်ခုအကြောင်း အမြဲပါတယ်။ နောက်ထပ်အသစ်ပေါ်တဲ့ ဆေးတို့၊ ရောဂါတို့အကြောင်းတွေ အများကြီး ပါပါတယ်။ အဲဒါတွေကို တိုတိုနဲ့လိုရင်း ရှင်းပြပါမယ်။ နောင်ကို သတင်းမီဒီယာကို ဝါသနာပါပြီး တကယ်အထူးပြုချင်တဲ့လူက တကယ့်ကို ထိပ်တန်းကျကျ အသိအမှတ်ပြုပြီး သင်တန်းလက်မှတ်ရ၊ ဘွဲ့ရအထိကို ထူထောင်ပေးချင်တာပါ။ အဲဒီလောက်ထိ မျှော်မှန်းပါတယ်။ ဒါကြောင့်မို့ ဝိဇ္ဇာ၊ သိပ္ပံ၊ တက္ကသိုလ်၊ ဆေးပညာ၊ နောက်ပြီးတော့ အင်ဂျင်နီယာထဲက အသိပညာရှင် အတတ်ပညာရှင်တွေလည်း ဒီအဖွဲ့ထဲမှာ ပါလာမယ်လို့ ထင်ပါတယ်။

**ဦးသိမ်းစိုး (သိမ်းစိုးသီဟရတနာ)**
**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်**

ပထမအကြိမ် စာတမ်းဖတ်ပြီး စာအုပ်ထုတ်ဝေနိုင်ရေး၊ ဒီပုံနှိပ်တိုက်ဝင်းအတွင်းမှာ ဆိုင်ခန်းတွေနေရာချပြီး အကုန်လုံးစီစဉ်တာတွေကို တာဝန်ယူစီစဉ်ရပါတယ်။ စာတမ်းဖတ်ပွဲခေါင်းစဉ်က မြန်မာ့ဒီမိုကရေစီ နိုင်ငံတော်နဲ့ စတုတ္ထမဏ္ဍိုင် ပီပြင်စွာရပ်တည်နိုင်ရေးဆိုတဲ့အတွက် သတင်းမီဒီယာလောကအတွက် တစ်စုံတစ်ရာအထောက်အကူ ဒီထက် အများကြီးပိုပြီးတော့ ရှိလာမယ်လို့ မျှော်လင့်ပါတယ်။ ဒီသတင်းမီဒီယာဆိုတာ သိပ်အရေးကြီးပါတယ်။ ဒီနေ့ခေတ်လိုမျိုးမှာ အချိန်နဲ့တစ်ပြေးညီ အင်မတန်လျင်မြန်စွာ ကမ္ဘာနဲ့အနှံ့ ပျံ့နှံ့သွားနိုင်တာမျိုးဖြစ်တဲ့အတွက် သတင်းတွေနဲ့ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ အခြေခံအချက်အလက်တွေ၊ ကျင့်ဝတ်တွေ၊ သတင်းမီဒီယာပိုင်းဆိုင်ရာသမိုင်းကနေအစချီပြီး သိသင့်သိထိုက်တာတွေကို လေ့လာနိုင်ဖို့ စာတမ်းတွေ၊ စာအုပ်တွေ၊ ထုတ်ဝေထားပါတယ်။ လူငယ်တွေ အနေနဲ့လည်း ဒါကို မျက်ခြည်မပြတ်လေ့လာပြီး တိုင်းပြည်အတွက် အကျိုးရှိနိုင်မယ့်ကဏ္ဍတွေ ဖော်ဆောင်နိုင်ဖို့အတွက် ဆန္ဒပြုလိုပါတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ **တွေ့ဆုံမေးမြန်း-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ-ဇော်မင်းလတ်**

# အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် ငွေကြေးအရင်းအနှီးအပါအဝင် အရေးကြီးသည့်အချက်များရှိ

**ရန်ကုန် မေ ၅**

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (SME) များ ဖွံ့ဖြိုးတိုးတက်ရန် ငွေကြေးအပါအဝင် အခြားအရေးကြီးသည့် အချက်များရှိနေကြောင်း ယနေ့ ကျင်းပသည့် SME နှင့် ငွေရေးကြေးရေးကဏ္ဍ ဆွေးနွေးပွဲတွင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး Financial Inclusion and SME Promotion ခေါင်းစဉ်ဖြင့် ဟောပြောရာတွင် ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။



SME လုပ်ငန်းများအောင်မြင်ရန် ငွေကြေးအပါအဝင် အရေးကြီးသည့် အချက်များဖြစ်သော SME လုပ်ငန်းများ၏ သဘောသဘာဝ၊ စီမံခန့်ခွဲမှုနှင့် အသိပညာ၊ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု၊ ဝယ်ယူသူနှင့် ဈေးကွက်၊ အလုပ်လုပ်ကိုင်မှုပုံစံနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ငွေကြေးနှင့် အရင်းအမြစ်၊ မဟာဗျူဟာနှင့် ပြင်ပပတ်ဝန်းကျင် အခြေအနေစသည့် အချက်များသည် အရေးကြီးကြောင်း ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ဆွေးနွေးပြောကြားခဲ့သည်။

"SME လုပ်ငန်းတွေကို အဓိက ဘာပြဿနာရှိလဲမေးရင် ငွေကြေးအရင်းအနှီးမရှိဘူး ပြောကြတယ်၊ တကယ်တမ်းတော့ SME တွေ အောင်မြင်ဖို့ ငွေကြေးတစ်ခုတည်း မဟုတ်ဘူး၊ အောင်မြင်တဲ့ SME တွေ ဖြစ်ချင်ရင် ငွေကြေးအပြင် ဒီအချက် ရှစ်ချက်ကို သတိပြုသင့်ပါတယ်" ဟု ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။

စီးပွားရေးလုပ်ငန်းများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (SME)များဖြစ်ပြီး ငွေကြေး၊ နည်းပညာ၊ ဈေးကွက်စသဖြင့် အဟန့်အတားများရှိနေကြောင်း၊ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဆိုပါ SME လုပ်ငန်းများကို အားပေးရန်လိုကြောင်း UMFCCI အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အဆိုပါ ဆွေးနွေးပွဲ အဖွင့်မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ထို့နောက် SME နှင့် ငွေရေးကြေးရေးကဏ္ဍ စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ဦးဆောင်ဆွေးနွေးခဲ့ပြီး ရောဝတီဘဏ်အုပ်ချုပ်မှု ဒါရိုက်တာ ဦးမြင့်ဇော်က ပြောင်းလဲလာသည့် အခြေအနေများအလိုက် လိုက်ပါပြောင်းလဲသင့်သည့် အချက်များ၊ SME လုပ်ငန်း အခြေခံတွေးခေါ်ပုံ၊ စာရင်းနှင့် စာရင်းစီမံခန့်ခွဲမှုဆိုင်ရာပညာရှင် ဒေါက်တာတင်လတ်က SME လုပ်ငန်းရှင် တစ်ယောက်အနေဖြင့် ရှိသင့်သည့် အသိပညာများ၊ UMFCCI တွဲဖက်အတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က UMFCCI အသင်းချုပ်မှ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ Myanmar Distribution Group (MDG) တည်ထောင်သူ ဦးအောင်မော်သိန်းက အရည်အသွေးရှိသည့် SME လုပ်ငန်းများဖြစ်ရန် ယှဉ်ပြိုင်မှုများကို ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ ပညာရှင်များက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

UMFCCI အသင်းချုပ်အနေဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲများကို လစဉ်ကျင်းပလျက်ရှိပြီး လာမည့် မေ ၁၉ ရက်တွင် Micro- to – Macro Economy: ပုဂ္ဂလိက လုပ်ငန်းများမှသည် နိုင်ငံ့စီးပွားရေး အောင်မြင်မှုဆီသို့ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-နန္ဒာဝင်း၊ ဓာတ်ပုံ- လှမိုး**

❖ *ကျောဖုံးမှ*

အင်ဂျန်းဒုံ၊ အင်ဂိုင်းကောင်နှင့် အင်လော့ယန်ကျေးရွာများရှိ တိုက်ပွဲရှောင်ပြည်သူများက ကူညီထောက်ပံ့မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအချိန်တွင် မိမိတို့ကျေးရွာများ၌ ကျန်ရှိခဲ့သော ပြည်သူများကို လုံခြုံမှုရှိသောနေရာများသို့ ပြောင်းရွှေ့နေထိုင်နိုင်ရေးကို ကူညီဆောင်ရွက်ပေးပါရန်နှင့် ထောက်ပံ့မှုထက် ဘေးကင်းရာရွှေ့ပြောင်းမှုကို ညှိနှိုင်းကူညီ ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားကြသည်။

ထို့နောက် တိုက်ပွဲရှောင်စခန်းရှိ ငါးနှစ်အောက်ကလေးငယ်များအတွက် ထောက်ပံ့ငွေကျပ် ၆၇၅၀၀၀၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် ငွေကျပ် ၁၄ သိန်း၊ မသန်စွမ်းသူများအတွက် ငွေကျပ် ၃၄ သိန်း၊ အမျိုးသမီးဦးဆောင်သူများအတွက် ငွေကျပ် ၁၈၅၀၀၀၀ နှင့် ယာယီခိုလှုံသူ ၈၈၀ အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲရိက္ခာတစ်လစာတို့ကို ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့အပြင် အသက် ၁၀၀ ကျော် အဘွားတစ်ဦး၊ အသက် ၉၀ နှစ်အထက် အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးတို့ကိုလည်း သီးခြားတွေ့ဆုံ၍ ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တိုက်ပွဲရှောင်စခန်းရှိ ပြည်သူများအတွက် ငွေကြေးနှင့် ရိက္ခာများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြစဉ်။** သတင်းစဉ်

# တရားစီရင်ရေးဆိုင်ရာ တည့်မတ်ခိုင်မာစေရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် မေ ၅**

တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရေးအတွက် အထူးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး အစည်းအဝေးခန်းမ၌ မေ ၅ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်စိုးခက်ခက်က တရားမျှတသည့် တရားစီရင်ရေးစနစ် ဖြစ်ပေါ်စေရေး၊ ပြည်သူအများယုံကြည်ကိုးစားသည့် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ် ပေါ်ထွန်းစေရေးနှင့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေးအတွက် ရုံးဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းဥပဒေပါ တာဝန်နှင့် စည်းကမ်းများကို လိုက်နာရန်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ထုတ်ပြန်သော မိမိရာထူးအဆင့်အလိုက် တရားဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန်၊ တရားရုံး အသုံးပြုသူများအပေါ် ကောင်းမွန်သော ဝန်ဆောင်မှုပြုရန်၊ တရားရုံးလုပ်ငန်းစဉ်များအပေါ် ပြည်သူများလက်လှမ်းမီရေးကို အလေးဂရုပြုရန်၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရန်၊ မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရန်၊ မိမိလုပ်ဆောင်ချက်တိုင်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြရန် မှာကြားပြီး ရုံးဝန်ထမ်းများက တင်ပြသည့် ဆွေးနွေးအကြံပြုချက်များနှင့် အခက်အခဲများကို ပြန်လည်ဆွေးနွေး ဖြေရှင်းပြောကြားခဲ့သည်။



အဆိုပါအစည်းအဝေးသို့ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးမှ တရားသူကြီးများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများမှ ရုံးဝန်ထမ်းများ စုစုပေါင်း ၁၈၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ရွှေအင်းသားခင်မောင်ဝင်း**

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မေ ၅**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ရခိုင်ပြည်နယ်တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေး ပြင်ဆင်ဆောင်ရွက်မည်

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များတွင် (၆၆)ကေဗွီ၊ (၃၃) ကေဗွီဓာတ်အားခွဲရုံများ၊ Distribution Transformer များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ မိုးဦးကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေရှည်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာပေးနိုင်ရေးအတွက် ဟောင်းနွမ်း၍ ဝန်အားမနိုင်တော့သော (၁၁)ကေဗွီ ဓာတ်အားလိုင်းကြိုးများအား လျှပ်ကာပါသော ဓာတ်အားလိုင်းကြိုးအသစ်များဖြင့် လဲလှယ်ခြင်းလုပ်ငန်းများကို မေ ၈ ရက်နှင့် မေ ၁၀ ရက်နေ့တို့တွင် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်စဉ်အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဥက္ကံ၊ ဒါးပိန်၊ ဖောင်ကြီး၊ အင်းတိုင်၊ မြောင်းတကာ၊ ရွှေလင်ပန်း၊ ထန်းတပင်၊ မြောက်ဥက္ကလာပ၊ ရွှေပေါက်ကံ၊ တွံတေး၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ သန်လျင် မြို့နယ်များတွင် အဆိုပါရက်များ၌ အချိန်ပိုင်းဓာတ်အားပြတ်တောက်မှု အနည်းငယ်ရှိနိုင်သည်။

ထိုသို့လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်လာနိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ လေးစားစွာ အသိပေးထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

# မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၌ သတင်းမီဒီယာ ဆင့်ပွားသင်တန်းဖွင့်


**မန္တလေး မေ ၅**


သတင်းမီဒီယာ ဆင့်ပွားသင်တန်းအမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲကို မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၌ မေ ၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။


ရှေးဦးစွာ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းက တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ ပါ ဦးစားပေးအဆင့်နှင့် ရည်မှန်းချက်များကို သိရှိနားလည်ပြီး သတင်းမီဒီယာသမားများနှင့် ဆက်ဆံရာတွင် လည်းကောင်း၊ ပြည်သူများသို့ တရားရုံးနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ ဖြန့်ဝေရာတွင် လည်းကောင်း ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ၊ ရှောင်ကြဉ်ရမည့် အချက်များကို သိရှိနားလည်ကာ အများပြည်သူသို့ တရားရုံးမှ တိကျမှန်ကန်သော သတင်းအချက်အလက်များ ထုတ်ပြန်နိုင်ရေးနှင့် တရားစီရင်ရေးကဏ္ဍနှင့် သတင်းမီဒီယာ ဆက်ဆံရေး ကျွမ်းကျင်မှု တိုးတက်လာစေရန်အတွက် ဆောင်ရွက်သွားကြရန်နှင့် သင်တန်းအတွေ့အကြုံများအား လက်တွေ့နယ်ပယ်တွင်ပါ ထိထိရောက်ရောက် ဆောင်ရွက်သွားရန် မှာကြားသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ခင်ခင်ချိုနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်တရားရေးအရာရှိ စုစုပေါင်း ၄၂ ဦး တက်ရောက်ပြီး သင်တန်းကို မေ ၆ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သတင်းမီဒီယာကျွမ်းကျင်နည်းပြအဆင့် သင်တန်းတက်ရောက်ခဲ့သော တရားရေးအရာရှိ သုံးဦးက ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**



# UEHRD ဆင္ဍမအသုတ် စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့ မောင်တောမြို့နယ်အတွင်း အကူအညီအထောက်အပံ့ ပစ္စည်းများပေးအပ်



**စစ်တွေ မေ ၅**
ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာ ထောက်ထားမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD)၏ လုပ်ငန်းစဉ်များအနက် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရန် မောင်တောမြို့နယ်တွင် ရောက်ရှိနေသည့် ဆင္ဍမအသုတ် စေတနာ့ဝန်ထမ်း လူငယ်အဖွဲ့သည် ယနေ့တွင် မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု၊ ရွှေဇား (အနောက်) ကျေးရွာနှင့် ဂုံးနားကျေးရွာများသို့ သွားရောက်ပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီအထောက်အပံ့ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်၊ ငါးသေတ္တာ၊ အာလူးနှင့် နို့မှုန့်တို့ကို ရွာသားများ လက်ဝယ်အရောက် ပေးအပ်ကြသည်။ **(ဝဲပုံ)**

ဆင္ဍမအသုတ် စေတနာ့ဝန်ထမ်း လူငယ်အဖွဲ့သည် မတ် ၃ ရက်တွင် မောင်တောမြို့နယ်ရှိ မြိုလူမျိုးများနှင့် ခမီလူမျိုးများနေထိုင်သည့် သစ်တုံးနားခွဆုံကျေးရွာအုပ်စု၊ သစ်တုံးနားခွဆုံကျေးရွာသို့ သွားရောက်ပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီအထောက်အပံ့ ပစ္စည်းများအား ကျေးရွာနေပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့သည်။

အဆိုပါ စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့သည် ဧပြီ ၂၉ ရက်တွင် မောင်တောမြို့နယ်ရှိ ကိုင်းကြီးကျေးရွာအုပ်စု၊ ကိုင်းကြီး(မြို)ကျေးရွာနှင့် ကိုင်းကြီး (နတလ) ကျေးရွာတို့သို့ သွားရောက်ပြီး အိမ်ထောင်စု ၁၃၄ စု လူဦးရေ ၇၁၆ ဦးတို့အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်၊ ငါးသေတ္တာ၊ အာလူးနှင့် နို့မှုန့်တို့ကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့သည် မေ ၁ ရက်နေ့တွင်လည်း အစ္စလာမ်ဘာသာဝင်များနေထိုင်သည့် ငန်းချောင်းကျေးရွာအုပ်စု၊ ငန်းချောင်းကျေးရွာနှင့် ဂုံးနားကျေးရွာတို့သို့ သွားရောက်ပြီး အိမ်ထောင်စု ၁၄၅ စု လူဦးရေ ၇၈၂ ဦးတို့ အတွက် ထောက်ပံ့ပစ္စည်းများအား လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စေတနာ့ဝန်ထမ်းလူငယ် အဖွဲ့သည် လူသားချင်းစာနာထောက်ထား မှု အကူအညီပေးအပ်ရေး လုပ်ငန်းများကို မောင်တောမြို့နယ်အတွင်း မေ ၇ ရက်အထိ ကွင်းဆင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်း- မျိုးမြင့်၊ ဓာတ်ပုံ- ဟန်လင်းနိုင်**

# (၇၂) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ မေ ၅**
(၇၂) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် စစ်တွေမြို့ရှိ မီးသတ်တပ်ဖွဲ့မှူးရုံးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်အား မီးသတ်တပ်ဖွဲ့ဝင်များက အလေးပြုကြပြီး နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုကြကာ မီးသတ်တပ်ဖွဲ့သစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက (၇၂) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ မိန့်ခွန်းပြောကြားသည်။

ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များက ကြိုးကူးနည်း၊ ကြိုးတက်နည်း၊ ကြိုးဆင်းနည်း၊ Hydrolic Cutter အသုံးပြုနည်း၊ ထမ်းစင်ဖြင့် လူနာတင်ခြင်း၊ ဒယ်အိုးအတွင်း မီးလောင်မှုကို ရေစိုအဝတ်ဖြင့် ငြိမ်းသတ်နည်း၊ Gas အိုးမီးငြိမ်းသတ်နည်း၊ Water Mist ကို အသုံးပြု၍ ဆီမီးလောင်မှုကို ငြိမ်းသတ်နည်းနှင့် အမြှုပ်ဆေးရည်ကို အသုံးပြု၍ ဆီမီးလောင်မှုကို မီးသတ်ယာဉ်ဖြင့် ငြိမ်းသတ်နည်းတို့ကို သရုပ်ပြသကြသည်။ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များက ဝတ်စုံဝတ်ပြိုင်ခြင်းနှင့် မီးငြိမ်းသတ်ရေးစွမ်းရည်များ ယှဉ်ပြိုင်ကြသည်။ **(အောက်ဝဲပုံ)**



ထို့နောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်နယ်လူမှုရေးဝန်ကြီးတို့က ဆုရရှိကြသော မီးသတ်စခန်း၊ သင်တန်းများနှင့် ပြိုင်ပွဲများတွင် ဆုရရှိကြသော တပ်ဖွဲ့ဝင်များအား ဆုများပေးအပ်ချီးမြှင့်ပေးကြပြီး ပြည်နယ်မီးသတ်ဦးစီးမှူးက နွေရာသီအကြိုအခြေခံမီးသတ် လူငယ်သင်တန်းအတွက် သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ထို့နောက် မီးသတ်တပ်ဖွဲ့နေ့အတွက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ထောက်ပံ့ငွေကျပ် ၁၀ သိန်း အားပေးအပ်ရာ ပြည်နယ်မီးသတ်ဦးစီးမှူးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မီးသတ်တပ်ဖွဲ့နေ့ ဘူးသီးတောင်၌ ကျင်းပ



**ဘူးသီးတောင် မေ ၅**
(၇၂) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘူးသီးတောင်မြို့နယ် မီးသတ်စခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရွှေက မီးသတ်တပ်ဖွဲ့နေ့ သဝဏ်လွှာအား ဖတ်ကြားသည်။ ဆက်လက်၍ စစ်ရေးပြအကောင်းဆုံးဆုရ မီးသတ်တပ်ဖွဲ့ဝင်များအား ရဲမှူးကျော်သူဝင်းက လည်းကောင်း၊ ယူနီဖောင်း ဝတ်စားဆင်ယင်မှု အကောင်းဆုံးဆုရ မီးသတ်တပ်ဖွဲ့ဝင်များအား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရွှေက လည်းကောင်း ဆုများချီးမြှင့်ပေးသည်။ **(အပေါ်ပုံ)**ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စွမ်းရည်နှင့်ရှာဖွေကယ်ဆယ်ရေးစွမ်းရည်တို့ကို အနောက်တံခါးလူမှုကူညီရေးအသင်း ( WDAB ) နှင့် ပူးပေါင်း၍ သရုပ်ဖော်ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဖားကန့်မြို့နယ် ဝေ့ခါကျေးရွာ၌ မြေသားကမ်းပါးယံပြိုကျမှု သေဆုံးသူ ရုပ်အလောင်း ၁၈ လောင်းထိ ရှိလာ

မြစ်ကြီးနား မေ ၅
**ဖားကန့်မြို့နယ် ဆိပ်မူအုပ်စု ဝေ့ခါကျေးရွာရှိ ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီလုပ်ကွက်တစ်ခုအတွင်း နံနက် ၄ နာရီခွဲတွင် မြေသားကမ်းပါးယံပြိုကျ၍ မေ ၄ ရက် ညနေအထိ ရေမဆေးကျောက်ရှာဖွေသူအလောင်း ၁၈ လောင်းကို ရှာဖွေတွေ့ရှိထားကြောင်းနှင့် ရှာဖွေမှုကို ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း သိရသည်။**

### ရှာဖွေမှုရပ်ဆိုင်း

ထိုမြေသားကမ်းပါးယံပြိုကျမှုကို မိုးရွာနေခြင်းနှင့် အဆိုပါမြေသားကမ်းပါးယံထပ်မံပြိုကျဖွယ် အန္တရာယ်ရှိသောကြောင့် အလောင်းများရှာဖွေမှုကို ရပ်ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

“မေ ၄ ရက် ညနေ၄ရီခွဲအထိ အလောင်း ၁၈ လောင်းကို ရှာဖွေတွေ့ထားပါပြီ၊ လက်ရှိအချိန်မှာ အလောင်းရှာဖွေမှုကိုတော့ ရပ်နားလိုက်ပါပြီ” ဟု ဝေ့ခါကျေးရွာ ရပ်ကွက် ၄ တွင်နေထိုင်သည့် ကိုနိုင်ဝင်းရွှေကပြောသည်။

### ပူးပေါင်းဆောင်ရွက်

အဆိုပါအလောင်းများ ရှာဖွေရာတွင် ဝေ့ခါလူမှုကူညီရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းအဖွဲ့၊ ဆိပ်မူသင်္ချိုင်းလူမှုကူညီရေးအဖွဲ့နှင့် ဆိပ်မူ အုပ်ချုပ်ရေးမှူးအဖွဲ့များက ပူးပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မင်းမင်းဦး**



မြေသားကမ်းပါးယံ ပြိုကျသည့် ကျောက်စိမ်းတူးဖော်ရေး လုပ်ကွက်ကို ကြည့်ရှုနေသူများအား တွေ့ရစဉ်။

# ထိန်ပင် အမှိုက်ပုံအောက်ခြေမှထွက်ရှိသည့် အပူငွေ့များအား စောင့်ကြည့် ငြိမ်းသတ်လျက်ရှိ



**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံမီးလောင်နေမှုကို အပြီးသတ် ငြိမ်းသတ်နိုင်ခဲ့ပြီးဖြစ်သော်လည်း အမှိုက်ပုံအောက်ခြေမှထွက်ရှိသည့် အပူရှိန်များကြောင့် ယနေ့တွင် (တတိယနေ့ အဖြစ်) ဆက်လက် စောင့်ကြည့်မှုများပြုလုပ်၍ ငြိမ်းသတ်လျက်ရှိကြောင်းသိရသည်။

**စိုးရိမ်ရမယ့် အခြေအနေမဟုတ်**

လက်ရှိ အခြေအနေတွင် ဦးစီးဆောင်ရွက်နေသူ မှော်ဘီမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မင်းဦးက "ဒီကနေ့မှာတော့ ဇုန်(C) မှာ အပူငွေ့ထွက်ရှိနေတဲ့ နေရာနဲ့ အပူငွေ့ထွက်ရှိနိုင်တဲ့ နေရာတွေကို YCDC ရဲ့ ဘက်ဟိုးယာဉ်နဲ့ ကုတ်ပြီး မီးသတ်ကားနဲ့ရေလိုက်ဖျန်းပါတယ်၊ အခုဆိုရင် ဇုန်(C) နဲ့ ဇုန်(D)မှာ အပူငွေ့မရှိတော့ပါဘူး၊ စိတ်ချသွားရပါပြီ၊ ဇုန် (A) ဘက်မှာတော့ နေ့ခင်းဘက်က အပူရှိန်ကြောင့် မီးခိုးဖြူ အပူငွေ့လေးတွေထွက်နေတာရှိပါတယ်၊ အဲဒီအပူငွေ့ကနေ မီးဖြစ်မသွားအောင် မီးငြိမ်းသတ်ယာဉ်တွေ၊ မီးသတ်ရေသယ်ယာဉ်တွေနဲ့ ဝိုင်းဝန်းပြီး ငြိမ်းသတ်နေပါတယ်။ စိုးရိမ်ရမယ့် အခြေအနေမဟုတ်ပါဘူး၊ မနက်ဖြန်ကျရင်လည်း စောင့်ကြည့်ငြိမ်းသတ်မှုတွေလုပ်သွားဦးမှာပါ" ဟုပြောသည်။

ယနေ့ ဇုန် (A) ကို စောင့်ကြည့် ငြိမ်းသတ်ရာတွင် ယမန်နေ့မွန်းလွဲပိုင်းက ရွာသွန်းခဲ့သောမိုးကြောင့် မြေသားလမ်းများတွင် ရွှံ့ဗွက်များဖြစ်ပေါ်ခဲ့သဖြင့် မီးငြိမ်းသတ်ယာဉ်များနှင့် ရေသယ်ယာဉ်များ သွားလာမှု အခက်အခဲဖြစ်ခဲ့၍ မြစိမ်းရောင် ပတ်လမ်းဘက်မှ သွားရောက်ကာ ငြိမ်းသတ်ခဲ့ရကြောင်း သိရသည်။

**အပူငွေ့ထွက်ရှိမှု တဖြည်းဖြည်းလျော့နည်း**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်က "ဒီနေ့မှာတော့ ဇုန်(A,B,C,D)တွေရဲ့ အောက်ခြေတချို့နေရာတွေမှာ အပူငွေ့ထွက်တာ အားလုံးပေါင်း ၂၂ ပေါက်လောက်ရှိပါတယ်၊ အဲဒီအပူငွေ့တွေကိုပဲ ရေနဲ့လိုက်ပြီး ငြိမ်းသတ်ကြတာပါ၊ တချို့နေရာတွေမှာဆိုရင် အမှိုက်ပုံပေါ်အထိ ဘက်ဟိုးနဲ့တက်ပြီး အမှိုက်တွေကို တူးဆွတယ်၊ ပြီးမှရေများများနဲ့ ငြိမ်းသတ်တာမျိုးလုပ်ပါတယ်၊ အရင်နေ့တွေထက်တော့ အပူငွေ့ထွက်ရှိမှု တဖြည်းဖြည်းလျော့နည်းလာပါပြီ" ဟုပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများအပါအဝင် အင်အားတစ်ရာကျော်က မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်များ၊ စက်ယန္တရားကြီးများကိုအသုံးပြု၍ စောင့်ကြည့်ငြိမ်းသတ်မှုများ ပြုလုပ်လျက်ရှိသည်။

ထိန်ပင် အမှိုက်ပုံမီးလောင်မှုသည် ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့် ဆည်မြောင်းဝန်ထမ်းများ အပါအဝင် အင်အား ၉၀၀ ကျော်ဖြင့် ဝိုင်းဝန်း ငြိမ်းသတ်ခဲ့မှုကြောင့် မီးလောင်မှု ဖြစ်ပွားပြီး ၁၂ ရက်အကြာ မေ ၂ ရက် ညပိုင်းတွင် မီးငြိမ်းသွားခဲ့ခြင်းဖြစ်သည်။

ထိုသို့ငြိမ်းသတ်ရာတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ထိုင်းနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ အပါအဝင် အာဆီယံ အရေးပေါ်တုံ့ပြန်ရေးနှင့်အကဲဖြတ်အဖွဲ့ Asean ERAT Team နှင့်ချိတ်ဆက်ကာ လိုအပ်သော အကြံပြုချက်များကိုလည်း ဆောင်ရွက်ခဲ့ပြီး အမှိုက်ပုံအတွင်းပိုင်းမှ လောင်ကျွမ်းနေမှုနှင့် မီးခိုးများ ထွက်ရှိနေမှုတို့ကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ မဟာဗျူဟာအရ ဧပြီ ၂၉ ရက်မှ စတင်၍ (A,B,C,D)ဇုန်များပိုင်းခြားသတ်မှတ်ကာ တစ်ရက်လျှင် တစ်ဇုန်နှုန်းဖြင့် ငြိမ်းသတ်နိုင်ခဲ့ခြင်းဖြစ်သည်။

**မီးလောင်ပြင်ကို စောင့်ကြည့်**

ယခုအခါ မီးငြိမ်းသွားခဲ့ပြီဖြစ်၍ ပူးပေါင်းအဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့ဝင်တို့၏ အင်အားတို့ကိုလျှော့ချခဲ့ပြီး မီးခိုးထွက်ရှိမှုနှင့် မီးကြွင်းမီးကျန်များ မရှိစေရန် ပူးပေါင်းအင်အားတစ်ရာကျော်ဖြင့် မီးလောင်ပြင်ကို စောင့်ကြည့်မှုများပြုလုပ်၍ အမှိုက်ပုံအောက်ခြေမှထွက်ရှိသည့် အပူအငွေ့များကို ငြိမ်းသတ်ရသည့် အဆင့်သာရှိကြောင်း သိရသည်။ **သတင်း-ဇော်ကြီး၊ဓာတ်ပုံ-ဖေဇော်**

# မြိုင်မြို့နယ် ရွှေလင်းဆွဲကျေးရွာ၌ လေပြင်းတိုက်မှုကြောင့် အိမ်များပျက်စီး

**မြိုင် မေ ၅**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွှေလင်းဆွဲကျေးရွာ၌ မေ ၄ ရက် ညနေ ၆နာရီ ၁၅ မိနစ်ခန့်ကမိုးရွာခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများကြောင့် လူနေအိမ်ကိုးလုံး အမိုးလန်ပြီး လျှပ်စစ်လမ်းမီးတိုင် တစ်တိုင်ကျိုးပဲ့ပျက်စီးကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ဒေါ်ငယ်၊ ဦးကျော်ခင်၊ ဒေါ်ဌေးကြည်နှင့် ဦးအောင်စိုး တို့၏ လေးပင်ပတ်လည် ထရံကာ၊ သွပ်မိုးနေအိမ်နှင့် ဦးကျောက်၊ ဦးကျော်ခင်၊ ဒေါ်နွဲ့၊ ဒေါ်ပိုင်တို့ နေအိမ် လေးပင်ပတ်လည် နှစ်ထပ်ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုးတို့တွင် အမိုးလန်ခြင်းများ ဖြစ်ခဲ့ပြီး ဦးမြင့်ဝင်း၏ဆောက်လက်စနေအိမ်ပေါ်သို့ တမာပင်ကိုင်းကျိုးကျ၍ သွပ်များပျက်စီးခြင်း၊ လျှပ်စစ်လမ်းမီးတိုင် ကျိုးပဲ့ပျက်စီးဆုံးရှုံး၍ လူနှင့်တိရစ္ဆာန်များ ပျက်စီးမှုမရှိကြောင်း သိရသည်။

၁၃၅

# မီးကြွင်းမီးကျန်မှ နေအိမ်တစ်လုံးမီးလောင်မှု မိုးနဲမြို့၌ဖြစ်ပွား

**မိုးနဲ မေ ၅**

ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ် ပေါ့မိုင်းရပ်ကွက်၌ မီးကြွင်းမီးကျန်မှ တစ်ဆင့် နေအိမ်တစ်လုံးမီးလောင်ဆုံးရှုံးမှု မေ ၅ ရက် နံနက် ၉ နာရီခွဲကဖြစ်ပွားခဲ့ပြီး ၉ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပေါ့မိုင်းရပ်ကွက်နေ အိမ်ပိုင်ရှင် စိုင်းချစ် နှင့်နန်းလိတ်တို့သည် ဝက်စာကျွေးရန် ထင်းမီးနှင့်ဝက်စာကျိုခဲ့ပြီး မီးများငြိမ်းသတ်၍ ၎င်းလယ်လုပ်ရာ နေရာသို့သွားရောက်နေစဉ် မီးကြွင်းမီးကျန်မှတစ်ဆင့်မီးများ စတင်လောင်ကျွမ်းခဲ့ပြီး မြေစိုက်၊ ထရံကာ၊ သွပ်မိုး၊ ဝါးခင်းနှစ်ထပ်နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါ မီးလောင်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှထွဋ်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက မီးသတ်ကားတစ်စီးနှင့် ဝိုင်းဝန်းငြိမ်းသတ်ပေးခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ နေအိမ်ပိုင်ရှင် စိုင်းချစ်အား သက်ဆိုင်ရာက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ခင်ဦးမြို့နယ်တွင် မိုးကြိုးပစ်သဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးသေဆုံး

**ခင်ဦး မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် တမာကျေးရွာ၌ မေ ၄ ရက် ညနေ ၆ နာရီခန့်က မိုးကြိုးပစ်၍ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးသေဆုံးကြောင်း ကုန်းကြီး ရဲကင်းစခန်းမှ သိရသည်။

ခင်ဦးမြို့နယ် တမာကျေးရွာတွင် အမျိုးသမီးတစ်ဦး မိုးကြိုးထိမှန်၍ သေဆုံးကြောင်း သတင်းအရ ကုန်းကြီးရဲကင်း စခန်းမှူး ရဲအုပ်အောင်ဇော်သည် သက်သေများနှင့်အတူသွားရောက်စစ်ဆေးရာအဆိုပါရွာလယ်ပိုင်းနေ ဒေါ်နွယ်ဝင်း (၃၂ နှစ်) သည် နေအိမ်မီးဖိုချောင်၌ ထမင်းဟင်းချက်နေစဉ် အိမ်အရှေ့ဘက် ၁၅ ပေခန့်အကွာရှိ နွားလှည်းထားသော တဲအားမိုးကြိုးပစ်ထိမှန်သဖြင့် ကိုယ်ဝန်လေးလလွယ်ထားသော ဒေါ်နွယ်ဝင်းမှာ မိုးကြိုးစက်ကွင်းမိပြီး ခြေဖျားလက်ဖျားများမည်း၍ သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် အလောင်းအား ရွာစဉ်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်၍ ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်၊ မဟုတ်မြို့မရဲစခန်းက အမှုရေးဖွင့်ထားကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

# ဒလမြို့နယ်၌ အမျိုးသားနှစ်ဦး မိုးကြိုးပစ်ခံရ၍ တစ်ဦးသေဆုံး

**ရန်ကုန် မေ ၅**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် မေ ၄ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်က ငါးရှာပြီးအိမ်ပြန်လာသော အမျိုးသားနှစ်ဦးမိုးကြိုးပစ်ခံရ၍ တစ်ဦးသေဆုံးခဲ့သည်။

ခနတ်စံပြကျေးရွာနေသူ အမျိုးသားနှစ်ဦးမှာ အင်းအိုင်ချောင်းမြောင်းအတွင်းမှ ငါးရှာပြီးနေအိမ်သို့ပြန်လာရာ ခနတ်ဘုရားအနီး ဦးအောင်သန်းပိုင်ဆိုင်သည့် လယ်ကွင်းထဲအရောက်တွင် မိုးကြိုးပစ်လိုက်သဖြင့် ဦးဌေးဝင်းမှာ ၁၅ မိနစ်ခန့်မေ့သွားပြီး သတိပြန်ရလာချိန်တွင် အတူပြန်လာသော ဦးကျော်လေး (၄၂နှစ်)မှာ သေဆုံးလျက်တွေ့ရှိခဲ့ရသဖြင့် ရွာသို့အကြောင်းကြားပြီး သေဆုံးသူအား နေအိမ်သို့ သယ်ယူလာသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ ဒလမြို့နယ် ပျော်ဘွယ်ကြီးနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သန်းဌေး(ဒလ)**

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် နည်းပြ အန်တွမ်နီဟေး တွေ့ဆုံ



**ရန်ကုန် မေ ၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း နည်းပြချုပ်အဖြစ်ခန့်အပ်ရန် အကြိုသဘောတူညီမှုရထားသည့် ဂျာမန်လူမျိုးအန်တွမ်နီဟေးနှင့် အဖွဲ့အား မေ ၄ ရက်က တွေ့ဆုံခဲ့သည်။

ဥက္ကဋ္ဌ ဦးဇော်ဇော်သည် နည်းပြအန်တွမ်နီဟေးအား တွေ့ဆုံရာတွင် မြန်မာ့ဘောလုံးလောက အခြေအနေ၊ မြန်မာ့လက်ရွေးစင်အသင်းကို ကိုင်တွယ်ပါက ကြုံတွေ့ရနိုင်သည့် အခက်အခဲများ၊ အောင်မြင်မှုရရှိရေး ဆောင်ရွက်လိုသည့်အစီအစဉ်များအား ပွင့်ပွင့်လင်းလင်းပြောကြားခဲ့ပြီး အန်တွမ်နီဟေးကလည်း ဥက္ကဋ္ဌဦးဇော်ဇော်၏ ပြောကြားမှုများအပေါ် ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

ဥက္ကဋ္ဌ ဦးဇော်ဇော်က "ကစားသမားတွေအနေနဲ့သာ ပရော်ဖက်ရှင်နယ် ဘောလုံးသမားပီသစွာ နေထိုင်ကျင့်ကြံတတ်ကြမယ်ဆိုရင် အောင်မြင်မှုဆိုတာ မဝေးလှပါဘူး၊ ပရိသတ်တွေက ဘယ်လောက်ပဲရှုံးရှုံး မြန်မာအသင်းကန်ပြီဟေ့ဆိုတာနဲ့ အားပေးတဲ့သူတွေပါ၊ နည်းပြသစ်တွေအနေနဲ့ ကစားသမားတွေရဲ့စိတ်နေစိတ်ထားနဲ့ ခံယူချက်ကို မပြောင်းလဲနိုင်ဘူး ဆိုရင် ဘယ်လို အောင်မြင်မှုမျိုးကိုမှ ရမယ် မထင်ပါဘူး၊ နည်းစနစ်တွေ၊ နည်းဗျူဟာတွေထက်ပိုတဲ့ အလုပ်မျိုးကိုလုပ်ရမှာပါ" ဟု ပြောကြားခဲ့သည်။

အန်တွမ်နီဟေးက " အခြေအနေမှန်ကို ကျွန်တော်တို့ သိနားလည်ဖို့ တကယ့်ကို လိုအပ်ပါတယ်၊ ကျွန်တော်တို့ အနေနဲ့ အာဖရိက နိုင်ငံတွေမှာလည်း အလားတူ ပြဿနာမျိုးတွေကို ကြုံတွေ့ခဲ့ဖူးပါတယ်၊ အကောင်းဘက်က ရှုမြင်သုံးသပ်ပြီး မြန်မာ့ဘောလုံးအသင်းအတွက် မှန်ကန်တဲ့ လုပ်ဆောင်မှုတွေ လုပ်နိုင်မယ်လို့ ယုံကြည်ထားပါတယ်၊ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့လည်း အဆင်သင့်ရှိနေပါတယ်" ဟု ပြန်လည်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်အဖြစ် လျာထားသည့် အန်တွမ်နီဟေးနှင့်အတူ လက်ထောက်နည်းပြတစ်ဦး၊ ဂိုးနည်းပြတစ်ဦးအား အပြီးသတ်စာချုပ် ချုပ်ဆိုရန် ညှိနှိုင်းလျက်ရှိပြီး မကြာမီစာချုပ်ချုပ်ဆိုဖွယ်ရှိနေသည်။

အန်တွမ်နီဟေးသည် ၂၀၀၄ ခုနှစ်တွင် နည်းပြဘဝသို့ စတင်ကူးပြောင်းခဲ့ပြီး အာဖရိကအသင်းများကို အများဆုံး ကိုင်တွယ်ခဲ့ကာ လီဆိုသို၊ ဂမ်ဘီယာ၊ လိုင်ဘေးရီးယား၊ ကင်ညာ၊ ရဝမ်ဒါ လက်ရွေးစင်အသင်းတို့ကို ကိုင်တွယ်ခဲ့ဖူးကာ မြန်မာအသင်းကို ကိုင်တွယ်ပါက အာရှအသင်းများကို ပထမဆုံး ကိုင်တွယ်မှုဖြစ်လာမည်ဖြစ်သည်။ ၎င်းသည် ကစားသမားဘဝတွင် ဂျာမနီ၊ အင်္ဂလန်ကလပ်အသင်းများတွင် ကစားခဲ့ဖူးကြောင်း သိရသည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-MFF**

# မြဝတီ- ကော့ကရိတ် အာရှလမ်းတွင် ဘုရားဖူးမှန်လုံယာဉ်တစ်စီး တိမ်းမှောက်မှုဖြစ်ပွားရာ ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိ

မြဝတီ မေ ၅

**မြဝတီ- ကော့ကရိတ် အာရှလမ်းကွမ်းခြံကုန်းကွေ့ကုန်းဆင်းနေရာတွင် မေ ၅ ရက် နံနက် ၈ နာရီခန့်က ကော့ကရိတ်မှ မြဝတီသို့ မောင်းနှင်လာသည့် ကမ္ဘာကျော်မှန်လုံဘုရားဖူးယာဉ် BAGO 7M/------ တစ်စီး လမ်းချော်ပြီးတိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လူ ၁၅ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။**



ဘုရားဖူးယာဉ်အား လှည်းကူးမြို့နေ ယာဉ်မောင်း ဇင်မင်းထွန်း(၃၁ နှစ်) မောင်းနှင်ပြီး ယာဉ်နောက်လိုက် တစ်ဦး၊ စီးနင်းလိုက်ပါသူ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ၂၂ ဦးတို့အနက် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် အပါအဝင် အမျိုးသား ငါးဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၁၅ ဦးထိခိုက်ဒဏ်ရာများ ရရှိခဲ့ခြင်း ဖြစ်သည်။

ဖြစ်စဉ်မှာ အခင်းဖြစ်ပွားနေရာ အရောက်တွင် မိုးရွာသွန်းမှုကြောင့် လမ်းချော်နေပြီး ယာဉ်မောင်းမှာ ဘရိတ်အုပ်ရာ လမ်းယာဘက်ခြမ်းသို့ တိမ်းမှောက်ခဲ့ခြင်း ဖြစ်သည်။

ထိခိုက်ဒဏ်ရာရရှိသော လူနာများအား သဃ်န်းညီနောင်မြို့သစ် လူမှုကယ်ဆယ်ရေးအဖွဲ့မှ မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက ထိခိုက်ဒဏ်ရာရ လူနာများအား သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဇင်မင်းထွန်းအား သဃ်န်းညီနောင်ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ဘားအံ- သထုံအဝေးပြေး ကားလမ်းမကြီးတွင် ယာဉ်တစ်စီး တိမ်းမှောက်ရာ တစ်ဦးသေဆုံး

**ဘားအံ မေ ၅**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ- သထုံ အဝေးပြေးကားလမ်းမကြီးဝါးဘိုးတောကျေးရွာအနီး အန္တရာယ်ကွေ့၌ ပဲခူးမှ ဘားအံသို့ မောင်းနှင်လာသော ဟိုင်းလတ်ယာဉ်တစ်စီးလမ်းဘေးထိုးကျ



တိမ်းမှောက်မှု မေ ၄ ရက် နံနက် ၉ နာရီခန့်က ဖြစ်ပွားခဲ့သည်။

သထုံဘက်မှ ဘားအံဘက်သို့ ယာဉ်မောင်း သန်းညွန့်ဝင်း(၂၇ နှစ်) ပဲခူးမြို့နေသူမောင်းနှင်ပြီး ယာဉ်နောက်လိုက် အောင်ကိုကိုထွန်းလိုက်ပါ၍ အမျိုးသမီး သုံးဦး၊ အမျိုးသားတစ်ဦး စီးနင်းလာသော(အောင်ထူးဆန်း) ယာဉ်လိုင်းမှ ဟိုင်းလတ်ယာဉ်သည် ဘုရင်ညီဂူဘုရားအလွန်၊ ဝါးဘိုးတောကျေးရွာအနီး အန္တရာယ်ကွေ့ မိုင်တိုင်အမှတ် ၁၃/၂နှင့် ၁၃/၃ကြား အရောက်အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေး ချောက်ထဲသို့ ထိုးကျ တိမ်းမှောက်ခဲ့ပြီး ယာဉ်ပေါ်ပါ အောင်နိုင်ထွန်း၊ ဒေါ်ခင်အုံးမြင့်၊ မခင်ခင်လေးတို့ (မစိုးရိမ်) ဒဏ်ရာရရှိခဲ့ပြီး မနန်းမြင့် ကမော့ကစဉ်ကျေးရွာ ဘားအံမြို့နယ်နေသူမှာရရှိသော ဒဏ်ရာများကြောင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း သန်းညွန့်ဝင်း အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး (ဘားအံ)**

# ယင်းမာပင်မြို့နယ် မုံရွာ- ယာကြီး- ကလေးဝလမ်းတွင် ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင်ပိတောက်ခွဲသားများ သိမ်းဆည်းရမိ

**ယင်းမာပင် မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ကျောက်မှော်(၁)ဘိနယ် မုံရွာ- ယာကြီး- ကလေးဝလမ်း ကံစုကျေးရွာအနီးတွင် ခြောက်ဘီးယာဉ်ပေါ်မှ ပိတောက်ခွဲသားများ သိမ်းဆည်းရမိခဲ့သည်။



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၏ ညွှန်ကြားမှုဖြင့် မုံရွာခရိုင်သစ်တောဦးစီးဌာန ခရိုင်စစ်ကြောင်းအဖွဲ့၊ ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာန ကျောက်မှော် ၁ ဘိနယ်မှ ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်ရှာဖွေဖော်ထုတ် ဖမ်းဆီးခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ မေ ၅ ရက် ည ၁၂ နာရီခွဲက ယင်းမာပင်မြို့နယ် ကျောက်မှော် ၁ ဘိနယ်၊ မုံရွာ- ယာကြီး-ကလေးဝလမ်း၊ မိုင်တိုင်အမှတ် ၇/၇၇ ကံစုကျေးရွာအနီး၌ ယာဉ်နံပါတ်မပါ၊ ကင်တာ ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၁၉ ချောင်း ၂ ဒသမ ၀၀၈၄ တန် ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ထွက်ပြေးတိမ်းရှောင်သွားသော ဆက်စပ်ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်၍ ယင်းမာပင်မြို့နယ် သစ်တောဦးစီးဌာနက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# မြို့သစ်မြို့နယ်တွင် သုံးလောင်းပြိုင်လူသတ်မှု ဖြစ်ပွား

**မြို့သစ် မေ ၅**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မကြီးထူးကျေးရွာတွင် မေ ၄ ရက် ညနေ ၆နာရီခွဲက သုံးလောင်းပြိုင်လူသတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မကြီးထူး ကျေးရွာနေ ဦးတင်မောင်ဝင်း (၅၇ နှစ်)၏သမက်ဖြစ်သူ ကျော်နိုင်ထွေး (၃၀ နှစ်)သည် ရွာထဲမှနေအိမ်သို့ ပြန်လည်ရောက်ရှိလာပြီး ပုခက်အတွင်း၌ အိပ်နေသော ၎င်း၏သားဖြစ်သူ ကောင်းခန့်သူ နှစ်နှစ်အရွယ်ကလေး အား အိပ်ရာမှနှိုးခဲ့သဖြင့် ဇနီးဖြစ်သူ မရီရီချို(၂၃ နှစ်)က တားမြစ်ရာ ကျော်နိုင်ထွေးက လှေကားတွင် ထောင်ထားသောဓားဖြင့် မရီရီချိုအား ခုတ်ခဲ့ကြောင်း၊ ဆက်လက်၍ မရီရီချို၏ မိခင်ဒေါ်ချိုနွဲ့ဝင်း (၅၅ နှစ်)၊ မရီရီချို၏ အဘွားဖြစ်သူ ဒေါ်ခင်ပု (၈၄ နှစ်)နှင့် မရီရီချို၏ အဒေါ်ဖြစ်သူ မြင့်မြင့်စန်း (၄၅ နှစ်) တို့အား ထပ်မံလိုက်လံ၍ ခုတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် မရီရီချို၊ ဒေါ်ချိုနွဲ့ဝင်း၊ ဒေါ်မြင့်မြင့်စန်းတို့သုံးဦးမှာ ရရှိဒဏ်ရာများဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး မရီရီချို၏ အဘွားဖြစ်သူ ဒေါ်ခင်ပုမှာလည်း ပြတ်ရှဒဏ်ရာများ ရရှိခဲ့သဖြင့် မြို့သစ်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဓားဖြင့်ခုတ်ခဲ့သူကျော်နိုင်ထွေးအား မြို့သစ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**

# အမှတ် ၅၀ အစုန် မြစ်ကြီးနား- နဘားလော်ကယ်ရထားဘီးချော်မှုဖြစ်

**ဆားမှော် မေ ၅**

မြစ်ကြီးနားမှ နဘားသို့ စက်ခေါင်းမောင်း ဦးစိုးနိုင်မောင်းနှင်လာသောအမှတ်၅၀ အစုန်မြစ်ကြီးနား- နဘားလော်ကယ် ရထားသည် ယနေ့နံနက် ၉နာရီ ၄၅ မိနစ်က ဆားမှော်ဘူတာ မန္တလေးဘက်လမ်းခွဲပွိုင့်တွင် ဘီးချော်ကျမှု ဖြစ်ခဲ့သည်။





အဆိုပါရထား ဘီးချော်ကျမှုကြောင့် အမှတ်၄၂ အစုန်ရထားသည် ထိုးပူးဘူတာ၌လည်းကောင်း၊ အမှတ် ၅၅ အဆန်ရထားသည် တောင်နီဘူတာ၌လည်းကောင်း၊ အမှတ် ၅၆ အစုန်အထူးအမြန်ရထားသည် မိုးကောင်းဘူတာ၌လည်းကောင်း အသီးသီးရပ်တန့်နေရပြီး မီးရထားလမ်း အမြန်ဆုံးပွင့်နိုင်ရန် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

ဘီးချော်ကျမှုဖြစ်ပွားသည့် ရထားကို တွေ့ရစဉ်။

**မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ**

# ရေပူနှင့်မရမ်းချောင် စစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ



နေပြည်တော် မေ ၅

**တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက် ခဲ့ပြီး မေ ၄ ရက်က မန္တလေး- မူဆယ်ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၁၆၇ စီး၊ သွင်းကုန် ၉၂၆ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ်ပို့ကုန် ၆၈ စီး၊ သွင်းကုန် ၂၀၃ စီးကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။ (ဝဲပုံ)**

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၄၆၉ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၈၆၈ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၀မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂ ဒသမ ၃၇၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၄ ရက်က မူဆယ်နှင့် မန္တလေးမြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Fixed Wireless Terminal အထိုင်ဖုန်း အလုံး ၂၀၀၊ ပလတ်စတစ်ခြင်း (40)kg ၊ ဖုန်းမှုန် မှန်မကွဲအခု ၁၂၀၀၀၊ Speaker Stand S/P (60)kg၊ iPhone အားသွင်းကြိုး အခု ၂၀၀၊ i Happy Keypad Handset အလုံး ၁၂၀၀ ၊ CCTV Barcket အခု ၁၀၀၊ MPT (Maxx Call ) Handset အလုံး ၃၉၀ ၊ WANHUA စကားပြောစက်အခု ၁၀၀ စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၁၀ ဒသမ ၂၅၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံ ယူ-၁၉ ပွဲအတွက် မြန်မာအသင်း မေ ၁၀ ရက်တွင် စတင်လေ့ကျင့်မည်



မြန်မာ ယူ-၁၉ အသင်း နည်းပြချုပ် ဦးမျိုးလှိုင်ဝင်း

**ရန်ကုန် မေ ၅**

မြန်မာ ယူ-၁၉ အသင်းသည် အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပမည့် ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲယှဉ်ပြိုင်ရန် မေ ၁၀ ရက် နံနက်ပိုင်းတွင် လေ့ကျင့်မှု စတင်ပြုလုပ်မည်ဖြစ်သည်။

**ရွေးချယ်ကာယှဉ်ပြိုင်စေခဲ့**

မြန်မာ ယူ-၁၉ အသင်းဖွဲ့စည်းရန် မေ ၂ ရက်မှ ၄ ရက်အထိ လူရွေးပွဲများ ကျင်းပခဲ့ပြီး လူငယ်လိဂ်ပြိုင်ပွဲများတွင် ခြေစွမ်းပြနေသည့် ကစားသမားများအား ရွေးချယ်ကာ ယှဉ်ပြိုင်စေခဲ့သည်။ ယင်းလူရွေးပွဲတွင် ကစားသမား ၉၀ ကျော် လာရောက်ရွေးချယ်ခံခဲ့ပြီး နည်းပြချုပ် ဦးမျိုးလှိုင်ဝင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီဝင်များ တက်ရောက်ရွေးချယ်ခဲ့သည်။

**အချိန်ယူပြင်ဆင်**

မြန်မာ ယူ-၁၉ အသင်းအား ပဏာမကစားသမား ၃၀ ဖြင့် စတင်ဖွဲ့စည်းမည်ဖြစ်ပြီး နှစ်လနီးပါး အချိန်ယူပြင်ဆင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ယခုလကုန်ပိုင်းတွင် ခြေစမ်းပွဲများ စတင်ကစားမည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများလည်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်း ယှဉ်ပြိုင်မည့် ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို ဇူလိုင် ၂ ရက်မှ ၁၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အုပ်စု(ခ)တွင် မလေးရှား၊ တီမော၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းအသင်းတို့နှင့် ကျရောက်နေသည်။

အုပ်စု(က)တွင်မူ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအိုနှင့် ဖိလစ်ပိုင်အသင်းတို့ ပါဝင်နေသည်။

မြန်မာ ယူ-၁၉ အသင်း နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက "ကျွန်တော်တို့အနေနဲ့ မူလက ယူ-၂၁ အသင်းမှာပါသွားတဲ့ အသက်လွတ်တဲ့ ကစားသမားတွေကို ရွေးချယ်ဖို့ စီစဉ်ထားတာပါ၊ သူတို့က ပြီးခဲ့တဲ့နှစ်မှာ ယူ-၁၈ ပြိုင်ပွဲယှဉ်ပြိုင်ထားတာကြောင့် ယှဉ်ပြိုင်လို့ရပါတယ်။

**ကစားသမားသစ်တွေနဲ့ယှဉ်ပြိုင်**

"ဒါပေမယ့် ကစားသမားသစ်တွေ ပေါ်ထွက်လာချင်တာရယ်၊ သူတို့ကလည်း ယူ-၂၁ အသင်းမှာ ပါနေပြီဖြစ်တာကြောင့် ကစားသမားသစ်တွေနဲ့ ယှဉ်ပြိုင်ဖို့ ဆုံးဖြတ်လိုက်တာပါ၊ ယူ-၂၁၊ ယူ-၂၀နဲ့ ယူ-၁၉ လိဂ်ပြိုင်ပွဲက ကစားသမား ၇၁ ဦး ရွေးထားပြီး လူရွေးပွဲက ခြေစွမ်းအပေါ်မူတည်ပြီး ပြန်လည်ရွေးချယ်မှာပါ၊ ပြိုင်ပွဲအတွက် နှစ်လနီးပါး ပြင်ဆင်ချိန်ရမှာဖြစ်ပြီး အကောင်းဆုံးဖြစ်အောင် ပြင်ဆင်မှာပါ"ဟု ပြောကြားခဲ့သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

## မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိ

**နေပြည်တော် မေ ၅**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

## မြန်မာ့ရုပ်မြင်သံကြား

၆-၅-၂၀၁၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈:၁၅ - **နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက်ဒုတိယတစ်နှစ်တာ** (ချင်းပြည်နယ်)(ဟားခါး)
- ၁၁:၃၀ - **ဖဲကြိုးနီလေး**
- ၁၂:၃၀ - This Week's Special Interest
- ၁၂:၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် **နွေကန္တာဦး** (ဇော်လင်း၊စန္ဒာ၊ ကြည်ကြည်ဌေး)(ဒါရိုက်တာ-သက်လယ်)

**ညပိုင်း**

- ၁၆:၁၅ - **ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ** (၅၁)
- ၁၇:၃၀ - Sunday Talk
- ၁၉:၁၅ - အိန္ဒိယဇာတ်လမ်းတွဲ **မြွေပျိုမယ်ရဲ့ မာယာလှည့်ကွက်** (အပိုင်း-၈၇)
- ၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀:၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက်ဒုတိယတစ်နှစ်တာ** (နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန)
- - In&Out ပုဂံခရီးစဉ် (အပိုင်း-၄)(လေးဖြူ၊အငဲ)

**(၁၉)ကြိမ်မြောက် အသက် ၂၁ နှစ်အောက်အာရှအမျိုးသား စနူကာပြိုင်ပွဲတွင် ပထမ(ချွေတံဆိပ်)ရရှိခဲ့သည့် စနူကာအားကစားသမားအား ဂုဏ်ပြုချီးမြှင့်ပွဲကို မေ ၂ ရက် ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပခဲ့ရာ ပထမ(ရွှေတံဆိပ်)ဆုရ စနူကာ အားကစားသမား အောင်ဖြိုးအား မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ မင်းနိုင်က ဂုဏ်ပြုဆုငွေကျပ်သိန်း ၁၀၀ အား ချီးမြှင့်ခဲ့စဉ်။** (မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်ကလည်း ဆုရကစားသမားအား ငွေကျပ် ၁၀ သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။)

**တင်စိုး(မြန်မာ့အလင်း)**




▲ *ကျောဖုံးမှ*

တစ်ဆင့် အီမီလီက သွင်းယူခဲ့သည်။ မြန်မာအသင်းသည် ယခုပွဲ အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ် တက်ရောက်ရန် မျှော်လင့်ချက်ကောင်းသွားပြီး လက်ကျန်နှစ်ပွဲတွင် အနိုင်ရရန် လိုအပ်နေသည်။

ယခုပွဲအပြီးတွင် မြန်မာအသင်း ပါဝင်သော အုပ်စု(က)၌ ဗီယက်နမ်နှင့် မြန်မာအသင်းက နှစ်ပွဲကစား လေးမှတ်စီ၊ မလေးရှားအသင်းက သုံးပွဲကစား လေးမှတ်၊ စင်ကာပူအသင်းက သုံးပွဲကစား နှစ်မှတ်၊ ဖိလစ်ပိုင်အသင်းက နှစ်ပွဲကစား တစ်မှတ်ရထားသည်။

မြန်မာအသင်းသည် တတိယပွဲအဖြစ် မေ ၇ ရက်တွင် စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**


## အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်များတွင် (၆၆)ကေဗွီ၊ (၃၃)ကေဗွီ ဓာတ်အားခွဲရုံများ၊ Distribution Transformer များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ မိုးဦးကာလ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်း ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေရှည်ဓာတ်အားတည်ငြိမ်ပြည့်ဝစွာပေးနိုင်ရေးအတွက် ဟောင်းနွမ်း၍ ဝန်အားမနိုင်တော့သော(၁၁)ကေဗွီ ဓာတ်အားလိုင်းကြိုးများအား လျှပ်ကာပါသော ဓာတ်အားလိုင်းကြိုးအသစ်များဖြင့် လဲလှယ်ခြင်းလုပ်ငန်းများကို အပတ်စဉ်ရက်သတ်မှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်ချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အဆိုပါရက်များ၌ အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုအနည်းငယ်ရှိနိုင်ပါသည်။ ဆောင်ရွက်ရမည့်ရက်အားလည်း ကြိုတင်အသိပေး ပြောကြားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများပေါ်ပေါက်လာနိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ လေးစားစွာ အသိပေး ပန်ကြားအပ်ပါသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**



## ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ တိုက်(၈၈)၊ အခန်းအမှတ်(၁၀၄)နေ မမြတ်နိုးဦး(ခ)ဒိန်းပိုပိုဒေါင် ၁၂/ကမတ(နိုင်)၀၇၉၁၉၀နှင့် အများသိစေရန် ကြေညာခြင်း

နေပြည်တော်နေ မမေမြတ်သူသူကြွယ်(ခ)မမေသူ ၉/ပမန(နိုင်)၂၃၈၂၈၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်အမည်ပါရှိသူ မမြတ်နိုးဦး(ခ)ဒိန်းပိုပိုဒေါင်သည် သရုပ်ဆောင်မော်ဒယ်လ်တစ်ဦးဖြစ်ပြီး ၎င်း၏ Online Facebook အကောင့်ဖြစ်သော Myat Noe Oo အကောင့်ဖြင့် စုကြေးလေလံမဲများအား အမြတ်ရရှိမည်ဟု ယုံကြည်အောင်ပြောဆိုကာ ရောင်းချခဲ့သည့်အပေါ် မမေမြတ်သူသူကြွယ်(ခ)မမေသူမှ May Thu Aung အကောင့်ဖြင့် ဆက်သွယ်သိရှိခဲ့ရာမှ မမြတ်နိုးဦး(ခ)ဒိန်းပိုပိုဒေါင် ရောင်းချသည့် စုကြေးလေလံမဲ စုစုပေါင်း(၁၀)စု ဝယ်ယူခဲ့ပါသည်။ အဆိုပါစုကြေးလေလံမဲ (၁၀)စုအတွက် မမေမြတ်သူသူကြွယ်(ခ)မမေသူမှ မမြတ်နိုးဦး(ခ)ဒိန်းပိုပိုဒေါင်ထံသို့ Mobile Banking ဖြင့် ငွေကျပ်သိန်း ၂၉၀ လွှဲအပ်ပေးခဲ့ရာ မမြတ်နိုးဦး(ခ)ဒိန်းပိုပိုဒေါင်မှ ဘဏ်အကောင့်များဖြင့် လက်ခံရယူထားပါသည်။ အဆိုပါစုကြေးလေလံမဲများနှင့် ပတ်သက်၍ ပြန်လည်ထုတ်ပေးမည်ဆိုသော နေ့ရက်များတွင် ထုတ်ပေးခြင်းမရှိသည့်အတွက် မမြတ်နိုးဦး(ခ)ဒိန်းပိုပိုဒေါင်အား ဆက်သွယ်မေးမြန်းရာ ၎င်းအနေဖြင့် ပြန်လည်ထုတ်ပေးနိုင်ခြင်းမရှိကြောင်း ပြောဆိုခဲ့ပါသည်။

ထို့အပြင် ၎င်းမှာ မဖြိုးသီရိထွန်း အမည်ရှိသူထံမှ ယူရောင်းခြင်းဖြစ်ကြောင်း(၂-၅-၂၀၁၈)ရက်တွင် ၎င်း၏ Facebook Account Messenger မှတစ်ဆင့် ပြောကြားလာသည့်အပြင် မည်ကဲ့သို့ ဖြေရှင်းပေးမည်ဖြစ်ကြောင်းလည်း ပြေလည်စွာ ပြန်လည်ပြောဆိုခဲ့ခြင်း မရှိပါ။

သို့ဖြစ်ပါ၍ မမြတ်နိုးဦး(ခ)ဒိန်းပိုပိုဒေါင်အနေဖြင့် မမေမြတ်သူသူကြွယ်(ခ)မမေသူထံမှ ဆက်သွယ်ရေးကွန်ရက်အသုံးပြု၍ ရယူထားသော ငွေကျပ်သိန်း ၂၉၀အား ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း မမေမြတ်သူသူကြွယ်(ခ)မမေသူထံသို့ ပြန်လည်ပေးအပ်ရန် အသိပေး ကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာမှုမရှိဘဲ ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိထိရောက်ရောက် တရားတထုံးစွဲဆိုသွားမည်ဖြစ်ပါကြောင်း ထပ်လောင်းအသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

**ဦးနေစည်သူဇော်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၃၄၆)**

**ရန်ကုန်ရုံးခန်းလိပ်စာ - အမှတ်(၃၁၀/က)၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**မန္တလေးရုံးခန်း လိပ်စာ၊ ၈၈-၂၀/၁၇၊ အောင်သစ္စာလမ်း၊ ၅၁လမ်း×၅၂လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ဖုန်း-၀၉-၂၆၅၀၂၅၂၁၉**



## အမွေခံသားအဖြစ်မှ စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးဒေါင့်မြို့နယ်၊ ကျိုက်လတ်ကျေးရွာနေ ဦးစိုးနိုင်-ဒေါ်မြမြစိုးတို့၏ သား၊ မောင်ဝေယံစိုး ၁၄/ကကထ(နိုင်)၁၆၅၀၇၄သည် မိဘများ ခွင့်မလွှတ်နိုင်သည့် ကိစ္စများ ဆောင်ရွက်ခဲ့သည့်အပြင် ပြောဆိုဆုံးမမှုကို မနာခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်း။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**မိဘများ**
**ဦးစိုးနိုင်-ဒေါ်မြမြစိုး**


**စာအုပ်စာပေ လူ့မိတ်ဆွေ**


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/9118 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3G/8898 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**



ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဒုပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပုသိမ်ခရိုင်တရားရုံး**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၁၄၇ နှင့်ဆက်နွှယ်သည့်**
**၂၀၁၈ခုနှစ် တရားမဇာရီမှုအမှတ်-၂၉**

ဒေါ်ခင်မျိုးစု **(ဒီကရီအနိုင်ရသူ)** **နှင့်** ဒေါ်အေးစိမ့်မွန် ပါ(၄) **(တရားရှုံးများ)**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ် ၇၃၊ မဟာစေတီလမ်းသွယ်နေ တရားရှုံးများဖြစ်သော (၁)ဒေါ်အေးစိမ့်မွန် (၂)ဦးတင်လှိုင် (၃)ဒေါ်ရင်လှ (၄)မောင်ထက်ဝေယံကျော် (ယခုနေရပ်လိပ်စာမသိသူ)များ သိစေရမည်။

သင်တို့အပေါ် ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၁၄၇တွင် ရရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ခင်မျိုးစုက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ အကြောင်းပြနိုင်သည့် အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၈ခုနှစ် မေ ၁၇ ရက် (၁၃၈၀ပြည့်နှစ် နယုန်လဆန်း ၃ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၈ခုနှစ် မေ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စိုး)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပုသိမ်ခရိုင်တရားရုံး**



## အမည်ပြောင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၃၈၇)နေ ဦးအောင်မြင့် ၁၃/တကန(နိုင်) ၀၄၈၈၄၄ ၏ သမီးဖြစ်သူ မချမ်းမြေ့သင်း အား မချမ်းမြေ့သူဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပျောက်ဆုံးကြောင်း

Dexter Korea Blind Co., Ltd မှ အခွန်ရှင်းလင်းရာတွင် အသုံးပြုသော ID Code အမှတ် (100007108721)မှာ လုပ်ငန်းလုပ်ကိုင်ရာတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၀၀၂၀၉၅၈၊ ၀၉-၄၄၀၀၄၀၀၆၆**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်တင်ဝင်း ၁၀/မလမ(နိုင်)၁၈၀၂၉၀၏ Passport- NO (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၆၇၈၈၂၉၉**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ ဈေးအရှေ့ပြင်နယ်မြေ-ကန်သာယာရပ်နေ ဦးသံလုံး(ခ)ဦးအေးကျော်-ဒေါ်ခင်အုန်းမြင့်တို့၏သမီး မသွယ်သွယ်ဦး(ခ) မသွယ်သွယ်ဇင် ၉/မထလ(နိုင်)၁၉၉၅၀၅သည် မိဘနှစ်ပါးကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၂၉-၄-၂၀၁၈ရက်တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဖခင်-ဦးသံလုံး(ခ)ဦးအေးကျော် ၉/မထလ(နိုင်)၀၄၀၄၉၄**
**မိခင်-ဒေါ်ခင်အုန်းမြင့် ၉/မထလ(နိုင်)၀၄၀၃၀၉**

# ရုရှား၌ အတိုက်အခံခေါင်းဆောင်ကို ထောက်ခံသူများက ပူတင်သမ္မတအဖြစ် တင်မြှောက်ခြင်းမတိုင်မီ ဆန္ဒပြ

**မော်စကို မေ ၅**

ရုရှားနိုင်ငံ၌ အတိုက်အခံခေါင်းဆောင် အဲလက်ဇီနာဗယ်နီကို ထောက်ခံခဲ့သည့် လူများကို ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ဗလာဒီမာပူတင်၏ စတုတ္ထအကြိမ်မြောက် သမ္မတသက်တမ်းအတွက် အခမ်းအနားကျင်းပသည့် အကြိုရက်တွင် ယခုကဲ့သို့ နိုင်ငံတစ်ဝန်း ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မတ်လ ရုရှားသမ္မတရွေးကောက်ပွဲတွင် သမ္မတပူတင်ကို ယှဉ်ပြိုင်ရန် အဲလက်ဇီနာဗယ်နီကို ပိတ်ပင်ထားခဲ့ကြောင်းသိရပြီး ရုရှားသမ္မတအဖြစ် တင်မြှောက်ခြင်း မတိုင်မီ တစ်ရက်တွင် ယခုကဲ့သို့ နိုင်ငံတစ်ဝန်း မကျေမနပ်ဆန္ဒပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ရုရှားအရှေ့ဖျားနှင့် ဆိုက်ဘေးရီးယန်းဒေသရှိ ဆန္ဒပြသူများကို ရဲတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း အဲလက်ဇီနာဗယ်နီအဖွဲ့နှင့် လွတ်လပ်စောင့်ကြည့်အဖွဲ့က ပြောခဲ့သည်။

အရှေ့ဘက် ဆိုက်ဘေးရီးယန်းမြို့ဖြစ်သည့် ခရာ့နိုယက်ခ်တွင် သတင်းထောက်များ အပါအဝင် လူ ၁၅ ဦးခန့်ကို ထိန်းသိမ်းခဲ့ကြောင်း လွတ်လပ်စောင့်ကြည့်အဖွဲ့က ပြောခဲ့သည်။

မော်စကိုနှင့် စိန့်ပီတာစဘတ်မြို့များတွင်လည်း ဆန္ဒပြမည့်သူများက ဆန္ဒပြရန် အတွက် ကြိုးစားသော်လည်း သက်ဆိုင်ရာအာဏာပိုင်များက ဆန္ဒပြခြင်းကို တားဆီးခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**




# တောင်ကိုရီးယားသမ္မတနှင့် အမေရိကန်သမ္မတတို့ တွေ့ဆုံမည်




**ဆိုးလ် မေ ၅**

တောင်ကိုရီးယားနိုင်ငံ သမ္မတ မွန်ဂျယ်အင်းသည် မြောက်ကိုရီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံအကြား ပြုလုပ်မည့် ထိပ်သီးအစည်းအဝေးအတွက် သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံဆွေးနွေးရန် အမေရိကန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း တောင်ကိုရီးယားအိမ်ပြာတော်က မေ ၅ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ထို့အတူ အိမ်ဖြူတော်ကလည်း မြောက်ကိုရီးယားနှင့် အမေရိကန် ထိပ်သီးအစည်းအဝေးမတိုင်ခင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းတို့ ဝါရှင်တန်တွင် မေ ၂၂ ရက်၌ တွေ့ဆုံမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်ကို သိရသည်။

ယခုလို အမေရိကန်နှင့် တောင်ကိုရီးယားတို့ သုံးကြိမ်မြောက်တွေ့ဆုံခြင်းသည် အမေရိကန်-တောင်ကိုရီးယား မိတ်ဖက်ဆက်ဆံရေး အားကောင်းလာသည်ကို ပြဆိုကြောင်း၊ ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးအတွက် အမေရိကန်သမ္မတ ထရန့်နှင့် တောင်ကိုရီးယားသမ္မတ မွန်တို့ အနီးကပ် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်အရာရှိများက ဆက်လက်ပြောကြားခဲ့သည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ ဖိတ်ကြားမှုဖြင့် မေလ ၂၂ ရက်တွင် အမေရိကန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

မေလနှောင်းပိုင်း သို့မဟုတ် ဇွန်လအစောပိုင်းတွင် ကျင်းပရန် ခန့်မှန်းထားသော ပထမဆုံးအကြိမ် မြောက်ကိုရီးယား-အမေရိကန် ထိပ်သီးအစည်းအဝေးအတွက် ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ထိုသို့ သွားရောက်ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်သမ္မတထရန့်နှင့် မွန်တို့အကြား ဆွေးနွေးမှုသည် လာမည့် မြောက်ကိုရီးယား-အမေရိကန်ထိပ်သီးအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်မည့် နည်းလမ်းများအတွက် ကြိုတင်ပြင်ဆင်မှုဖြစ်ကြောင်း အိမ်ပြာတော်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနှင့် အမေရိကန် ထိပ်သီးအစည်းအဝေးကို စင်ကာပူ သို့မဟုတ် ပန်မွန်ဂျွန်ကျေးရွာတွင် ပြုလုပ်နိုင်ရန် စဉ်းစားနေကြောင်း သိရသည်။

အမေရိကန်သမ္မတ ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့အကြား ပြုလုပ်မည့် ထိပ်သီးအစည်းအဝေးသည် ဧပြီ ၂၇ ရက်က ပြုလုပ်ခဲ့သည့် တတိယအကြိမ်မြောက် ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးပြီးနောက် ပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**

# ကနေဒါနိုင်ငံတွင် လေပြင်းများတိုက်ခတ်မှုကြောင့် လူနှစ်ဦးသေဆုံး

**အော့တဝါ မေ ၅**

ကနေဒါနိုင်ငံ အွန်တေရီယိုပြည်နယ်၌ မေ ၄ ရက်က လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးမုန်တိုင်းတိုက်ခတ်ခြင်းနှင့် မိုးသီးကြွေကျခြင်းများ ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူနှစ်ဦးသေဆုံးခဲ့ကြောင်း၊ ထို့အတူ လူနေအိမ်ခြေ နှစ်သိန်းနီးပါး လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ကြောင်း ဒေသတွင်းသတင်းများတွင် ဖော်ပြသည်။

အမျိုးသားတစ်ဦးမှာ မိုးကြိုးထိမှန်ကာ သေဆုံးခဲ့ခြင်းဖြစ်ပြီး တခြားတစ်ဦးမှာ သစ်ပင်ပိမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ဒေသခံရဲတပ်ဖွဲ့၏ ပြောကြားချက်အရ သိရသည်။ လေပြင်းတိုက်ခတ်မှုများကြောင့် တိုရန်တိုပီယာဆန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ လေယာဉ်ခရီးစဉ်များလည်း ပိတ်ထားခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

**ဆင်ဟွာ**

# တောင်အာဖရိကတွင် လျှပ်လျှပ်မှုကြောင့် ရွှေတွင်းတစ်ခု ပြိုကျရာ ခုနစ်ဦးသေဆုံး

**ဂျိုဟန်နက်စ်ဘတ် မေ ၅**

တောင်အာဖရိက၌ ရွှေတူးဖော်ရေးမိုင်းတွင်းတစ်ခု၌ ငလျင်လှုပ်ခဲ့ရာ စုစုပေါင်း ခုနစ်ဦးသေဆုံးခဲ့ကြောင်း အဆိုပါ မိုင်းတွင်းပိုင်ရှင်တစ်ဦးက မေ ၅ ရက်က ပြောခဲ့သည်။ ဂျိုဟန်နက်စ်ဘတ်အပြင်ဘက်ရှိ အဆိုပါ ရွှေတွင်း၌ ကယ်ဆယ်ရှာဖွေမှုများလည်း ပြုလုပ်ခဲ့ကြသည်။

အလုပ်သမားများရွှေတူးဖော်နေသော မိုင်းတွင်းအနီးတွင် ငလျင်ပြင်းအား ၂ ဒသမ ၂ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။ ထို့အတူ ငလျင်လှုပ်ခတ်ချိန်တွင် မြေအောက် နှစ်မိုင်ခန့်၌ စုစုပေါင်းအလုပ်သမား ၁၃ ဦးခန့် ပိတ်မိနေကြောင်း သိရသည်။

ပိတ်မိအလုပ်သမား ၁၃ ဦးအနက် ခုနစ်ဦးသေဆုံးခဲ့ကြောင်း မိုင်းတွင်းကုမ္ပဏီဖြစ်သည့် ဆီဘန်ရီ-စတေးလ်ဝါတာက ၎င်း၏ ကြေညာချက်တွင် ထုတ်ပြန်ဖော်ပြခဲ့သည်။

ကယ်ဆယ်ရေးအဖွဲ့များသည် နှစ်ရက်ကျော် ခဲရာခဲဆစ်ရှာဖွေကယ်ဆယ်မှုများ ပြုလုပ်ခဲ့ရကြောင်း သိရသည်။ ဒဏ်ရာရရှိသူ ခြောက်ဦး ဆေးရုံသို့ပို့ဆောင်ထားကြောင်း သိရသည်။ အဆိုပါ မိုင်းတွင်းကို ယခုအခါတွင် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ခေတ္တပိတ်ထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ဂျပန်နိုင်ငံ ရိုးရာနွားရိုင်းတိုက်ပွဲ၌ အမျိုးသမီးပါဝင်

**တိုကျို မေ ၅**

ဂျပန်နိုင်ငံအလယ်ပိုင်း နိုင်အီဂါတာစီရင်စု ရိုးရာနွားရိုင်းတိုက်ပွဲသို့ အမျိုးသမီးနွားရိုင်းသတ်သမားတစ်ဦးအား ပါဝင်ခွင့်ပြုလိုက်ခြင်းအားဖြင့် ရှေးထုံးအစဉ်အလာများကို ပယ်ဖျက်လိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် မေ ၅ ရက်က ဖော်ပြခဲ့သည်။


ဂျပန်နိုင်ငံအလယ်ပိုင်း နိုင်အီဂါတာစီရင်စု ရာမာကိုရှီဒေသ နာဂါအိုကာမြို့သည် ရိုးရာနွားရိုင်းတိုက်ပွဲဓလေ့ဖြင့် ကျော်ကြားသော မြို့လေးတစ်မြို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ပထမဆုံးနွားရိုင်းတိုက်ပွဲကို အမျိုးသမီးတစ်ဦးအား ပါဝင်ခွင့်ပြုလိုက်ခြင်းဖြစ်ပြီး အဆိုပါကိစ္စမှာ ထူးခြားသည့်ဖြစ်စဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

အစဉ်အလာအားဖြင့် အမျိုးသမီးများကို ထိုသို့သော နွားရိုင်းတိုက်ပွဲများတွင် ပါဝင်ခွင့်မပြုထားကြောင်း သိရသည်။

ယခုလိုအခွင့်အရေးရသည့်အတွက် ၎င်းအနေဖြင့် ပျော်ရွှင်မိကြောင်း နွားရိုင်းတိုက်ပွဲပါဝင်ယှဉ်ပြိုင်သူ ယူကီအာရာကီက ပြောခဲ့သည်။

**အင်န်အိတ်ချ်ကေ**



## နိုင်ငံတကာ သတင်းတိုထွာ

### သန့်စင်ခန်း၌ ကင်မရာဝှက်ထားမှု နယူးဇီလန်ထိပ်တန်း ရေတပ်အရာရှိတစ်ဦးကို တရားစွဲ

**ဝယ်လင်တန် မေ ၅**

နယူးဇီလန်ထိပ်တန်း ရေတပ်အရာရှိတစ်ဦးအား ဝါရှင်တန်သံရုံးသန့်စင်ခန်း၌ သန့်စင်ခန်းသုံးသူများ၏ သတင်းအချက်အလက်များကို လျှို့ဝှက်ရယူရန် ကင်မရာဝှက်ထားမှုဖြင့် တရားစွဲခဲ့ကြောင်း တရားရုံးဆိုင်ရာ စာရွက်စာတမ်းများ၌ မေ ၄ ရက်က ဖော်ပြခဲ့သည်။

အဆိုပါ ကင်မရာကို သန့်စင်ခန်းလာသူများ၏ သတင်းအချက်အလက်ကို ရယူရန် အပူပေးပိုက်လုံးပြွန်ထဲတွင် ရည်ရွယ်ချက်ရှိရှိ ဝှက်ထားခဲ့ခြင်းဖြစ်ကြောင်း မေ ၄ ရက်က ထုတ်ပြန်ခဲ့သော တရားရုံးစာချွန်လွှာတွင် ဖော်ပြခဲ့သည်ဟု တရားသူကြီး ဂရန့်ပေါ်ဝဲလ်က ပြောခဲ့သည်။ အဆိုပါ လျှို့ဝှက်စွာဝှက်ထားသည့် ကင်မရာကို မတော်တဆ ပြုတ်ကျမှုဖြစ်ပွားခဲ့သည့်အချိန်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါကင်မရာကို ယင်းနေရာ၌ လအတော်ကြာ လျှို့ဝှက်စွာဝှက်ထားခဲ့ကြောင်း စုံစမ်းသိရှိခဲ့သည်။

ကင်မရာဝှက်ထားသူမှာ နယူးဇီလန်ရေတပ်မှ ဗိုလ်မှူးချုပ် အဲဖရက်ကိတ်တင်ဆိုသူဖြစ်ကြောင်းသိရပြီး အမေရိကန်ပြည်ထောင်စု၌ သံတမန်ကင်းလွတ်ခွင့်ရရှိသူဖြစ်သည်။ အဆိုပါ ဖြစ်ရပ်နှင့်ပတ်သက်ပြီး မသင်္ကာဖွယ်တစ်စုံတစ်ရာတွေ့လိုတွေ့ငြား ၎င်း၏အိမ်ကို ရှာဖွေခဲ့သော်လည်း ကင်မရာနှင့်ပတ်သက်သည့် ဆော့ဖ်ဝဲတစ်ခုကို ထည့်သွင်းထားသည်မှလွဲ၍ မည်သည့်အချက်မှ မတွေ့ရှိခဲ့ကြောင်း သိရသည်။

လျှို့ဝှက်ကင်မရာ မန်မိုရီကတ်ပေါ်တွင် တွေ့ရှိခဲ့သော ဒီအင်န်အေနှင့် ၎င်း၏ ဒီအင်န်အေတို့ အတူတူပင်ဖြစ်ကြောင်း သက်ဆိုင်ရာက တွေ့ရှိခဲ့သော်လည်း ၎င်းအနေဖြင့် အပြစ်မရှိကြောင်း လျှောက်လဲထွက်ဆိုခဲ့သည်ဟု အေအက်ဖ်ပီသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။ **အေအက်ဖ်ပီ**

### ယခုနှစ် စာပေအနုပညာ နိုဘယ်ဆု ပေးအပ်ခြင်းမရှိကြောင်း ဆွီဒင်အကယ်ဒမီအဖွဲ့ပြောကြား

**စတော့ဟုမ်း မေ ၅**

ယခုနှစ်အတွက် စာပေအနုပညာဘာသာရပ်၌ နိုဘယ်ဆုပေးအပ်မှုရှိလိမ့်မည်မဟုတ်ကြောင်း ဆွီဒင်အကယ်ဒမီအဖွဲ့က သောကြာနေ့တွင်ပြောကြားခဲ့ကြောင်း သိရသည်။ စာပေအနုပညာဆိုင်ရာ နိုဘယ်ဆုကို လာမည့်နှစ်တွင် ဆုနှစ်ဆုချီးမြှင့်သွားရန် စီစဉ်ထားသည်ဟု အဖွဲ့က သတင်းစာရှင်းလင်းပွဲတွင် ထုတ်ပြန်ခဲ့သည်။

ဆွေးနွေးပွဲများကို ကြာမြင့်စွာပြုလုပ်ခဲ့ပြီးနောက် စာပေအနုပညာနိုဘယ်ဆုကို ပေးအပ်ခြင်းမပြုရန် ဆုံးဖြတ်လိုက်ကြောင်း ဆွီဒင်အကယ်ဒမီအဖွဲ့အတွင်း၌ ကမ္ဘာလုံးဆိုင်ရာ ယုံကြည်အားထားမှုလျော့နည်းနေကြောင်းနှင့် ယင်းဆုကိုလာမည့်နှစ်တွင် ပေးအပ်သွားရန်နှင့် ထိုသို့ပေးအပ်ရာတွင် နှစ်ဆုပေးအပ်သွားမည်ဖြစ်ကြောင်း အကယ်ဒမီအဖွဲ့လက်ရှိအကြီးအကဲ အန်ဒါလ်အိုဆန်က ဆွီဒင်တီတီ သတင်းအေဂျင်စီသို့ပြောကြားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# မကြာခင် အဆုံးအဖြတ်ပေးရတော့မယ့် အီရန်နျူကလီးယား သဘောတူညီချက်

● ချြားစနီနွေး ●



အမေရိကန်သမ္မတ ထရန့်

အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီ

အမေရိကန်နဲ့ အီရန်တို့ရဲ့ဆက်ဆံရေး အဆိုးရွားဆုံးဖြစ်လာနေချိန် အများက ဝိုင်းပြီးစိုးရိမ်နေကြတာကတော့ အီရန်နျူကလီးယား သဘောတူညီချက်ကနေ အမေရိကန်ခွဲခွာသွားမှာကိုပါပဲ။ အိုဘားမားလက်ထက်က မဆိုးဘူးလို့ပြောလို့ရမယ့် အီရန်နဲ့အမေရိကန်တို့ရဲ့ဆက်ဆံရေးဟာ သမ္မတ ထရန့်လက်ထက်မှာတော့ အခြေအနေဆိုးဆိုးလာပါတယ်။

**ဆုံးဖြတ်ချက်ချရတော့မယ့်အချိန်**

အရှေ့အလယ်ပိုင်း ဒေသမှာ အီရန်ဟာ မီးပွားတစ်ခုလို့ အမေရိကန်ကသမုတ်ခဲ့ပြီး အစ္စရေး၊ ဆော်ဒီအာရေဗျ၊ ဂျော်ဒန်နိုင်ငံတို့အပါအဝင် အီရန်နဲ့ ဆက်ဆံရေးမပြေလည်တဲ့ နိုင်ငံတွေနဲ့ ပူးပေါင်းကာ အီရန်နျူကလီးယား အရေးဆွေးနွေးလျက်ရှိပါတယ်။

အီရန်ဟာ နျူကလီးယား လက်နက်ထုတ်လုပ်ဖို့ ကြိုးစားနေတယ်လို့ အစ္စရေးက စွပ်စွဲခဲ့ပြီး အဲဒီစွပ်စွဲချက်ဟာ အစ္စရေးရဲ့အမေရိကန်အပေါ် လိမ်ညာမှုတစ်ခုသာဖြစ်တယ်လို့ အီရန်ဘက်က ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။

ဘာလို့လဲဆိုရင် မကြာမီအချိန်အတွင်းမှာပဲ အီရန်နျူကလီယား သဘောတူညီချက်ကနေ အမေရိကန်ဆက်လက်ရှိနေသင့် မသင့်ကို သမ္မတထရန့်က ဆုံးဖြတ်ရတော့မှာပဲ ဖြစ်တယ်။ ဒါကြောင့်လည်း အမေရိကန်ရဲ့ ဆုံးဖြတ်ချက်ကို ချယ်လှယ်နိုင်ဖို့ရာ အစ္စရေးက အခုလို စွပ်စွဲမှုတွေ ပြုလုပ်နေခဲ့တာပဲဖြစ်တယ်လို့ အီရန်ဘက်က တုံ့ပြန်ခဲ့ပါတယ်။

**နုတ်ထွက်မသွားဖို့ တိုက်တွန်းခဲ့**

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုဟာလည်း အရှေ့အလယ်ပိုင်းဒေသကို မကြာသေးမီကမှ သွားရောက်ခဲ့ပြီး ဆော်ဒီက ကိုယ်စားလှယ်တွေ၊ အစ္စရေးဝန်ကြီးချုပ်နဲ့ ဂျော်ဒန်ဘုရင်တို့နဲ့တွေ့ဆုံပြီး အီရန်နျူကလီးယားအရေးကို ဆွေးနွေးခဲ့ပါတယ်။ ဒီလိုမျိုးအခြေအနေတွေ ရှုပ်ထွေးနေချိန်မှာပဲ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်ဟာ အမေရိကန်ကို အီရန်နျူကလီးယား သဘောတူညီချက်ကနေ နုတ်ထွက်မသွားဖို့ တိုက်တွန်းခဲ့ပါတယ်။

တကယ်ဆိုရင် နျူကလီးယား သဘောတူစာချုပ်ဟာ အီရန်ကို နျူကလီးယားလက်နက်ထုတ်လုပ်မှု မရှိစေရေး အပြည်ပြည်ဆိုင်ရာက ဝိုင်းဝန်းပြီး ဆောင်ရွက်ထားတဲ့ သဘောတူညီချက်မို့ အမေရိကန် ကျောမခိုင်းသင့်ပါဘူးလို့ တိုက်တွန်းခဲ့တာပဲ ဖြစ်တယ်။

အီရန်ဟာ သူ့ရဲ့ နျူကလီးယားလက်နက်ထုတ်လုပ်မှုကို ထိန်းချုပ်ဖို့ သဘောတူခဲ့တဲ့အတွက် အီရန်အပေါ် ပိတ်ဆို့ထားတဲ့ ပိတ်ဆို့မှုတွေကို ဖယ်ရှားပေးခဲ့တာဖြစ်ပြီး သမ္မတထရန့်ကတော့ ဒီသဘောတူညီချက်ကို ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ပါတယ်။ မေလ ၁၂ ရက်နေ့ရောက်ရင်တော့ အမေရိကန်ဟာ ဒီနျူကလီးယားစာချုပ်မှာ ဆက်လက်ရှိနေသင့် မသင့် သမ္မတထရန့်က အဆုံးအဖြတ်ပေးရတော့မှာပဲဖြစ်တယ်။

**လျှို့ဝှက်နျူကလီးယား လက်နက်ထုတ်လုပ်ဖို့ ပြင်ဆင်**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဂူတာရက်စ်ကတော့ ဒီစာချုပ်ဟာ သံခင်း တမန်ခင်း ကိစ္စမှာ အလွန်အရေးပါတဲ့ အောင်မြင်မှုတစ်ခုလည်းဖြစ်တဲ့အတွက် ပျက်စီးမသွားအောင် ထိန်းသိမ်းသင့်တယ်လို့ ဆိုပါတယ်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ ဒီလိုမျိုး တိုက်တွန်းမှုတွေ မလုပ်ခင်မှာ လျှို့ဝှက်နျူလီးယားမှတ်တမ်းဆိုပြီး ပေါ်လာပါသေးတယ်။

ဒါကတော့ အီရန်ဟာ နျူကလီးယား လက်နက်မထုတ်ပါဘူးလို့ ကတိထားပေမယ့် လက်တွေ့မှာတော့ လက်နက်ထုတ်ဖို့ လျှို့ဝှက်စွာ ပြင်ဆင်နေတယ်လို့ စွပ်စွဲလိုက်တာပဲ ဖြစ်တယ်။ အီရန်ဘက်က ဒါဟာ အစ္စရေးရဲ့လုပ်ကြံဇာတ်လမ်းတစ်ခုသာဖြစ်တယ်လို့ တုံ့ပြန်ခဲ့ပေမယ့် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး မိုက်ပွန်ပီအိုကတော့ ဒီစွပ်စွဲချက်ကို လက်ခံခဲ့ပါတယ်။

**အလိမ်အညာတွေနဲ့ ပြည့်နေတဲ့ သဘောတူညီမှု**

အိုဘားမားလက်ထက်က ချုပ်ဆိုခဲ့တဲ့ အီရန်နျူကလီယား သဘောတူချက်ဟာ အလိမ်အညာတွေနဲ့ ပြည့်နေတဲ့ သဘောတူညီမှု တစ်ခုသာဖြစ်တယ်လို့ မိုက်ပွန်ပီအိုက ပြောပါတယ်။ အမေရိကန်ဘက်က ဒီလိုမျိုးအခြေအနေတွေ တင်းမာနေပေမယ့် ကျန်တဲ့ ဥရောပမဟာမိတ်နိုင်ငံတွေဖြစ်တဲ့ ဗြိတိန်၊ ဂျာမနီနဲ့ ပြင်သစ်တို့ကတော့ ဒီနျူကလီးယား သဘောတူညီချက်ကို ဆက်လက်လုပ်ဆောင်ဖို့ သဘောတူကြပါတယ်။ ဒီနည်းလမ်းကသာလျှင် အီရန်ကို နျူကလီးယားလက်နက်မထုတ်ဖို့ တားဆီးနိုင်မယ့် တစ်ခုတည်းသောနည်းလမ်းလို့ မြင်ကြပါတယ်။

**ဝင်ရောက်စစ်ဆေးနိုင်**

အီရန်နျူကလီးယားသဘောတူညီချက်ဆိုတာ ၂၀၁၅ ခုနှစ်က အမေရိကန်၊ ရုရှား၊ ဂျာမနီ၊ ပြင်သစ်၊ ဗြိတိန်တို့က အီရန်နိုင်ငံရဲ့ နျူကလီးယားထုတ်လုပ်မှုမှာ ထိန်းချုပ်ကန့်သတ်ဖို့အတွက် သဘောတူခဲ့တာပဲဖြစ်တယ်။ အပြန်အလှန်အနေနဲ့ အီရန်အပေါ်ပိတ်ဆို့ထားတဲ့ စီးပွားရေး ပိတ်ဆို့မှုတွေကို ဖယ်ရှားပေးခဲ့ပါတယ်။ အဲဒီသဘောတူညီချက်အရ ယူရေနီယမ် ထုတ်လုပ်မှုကို လျှော့ချရမှာဖြစ်ပြီး ယူရေနီယမ်ပမာဏဟာ နျူကလီးယား လက်နက်ထုတ်လုပ်နိုင်တဲ့ ပမာဏအထိ ရောက်လို့ မရပါဘူး။

ဒါ့အပြင် အပြည်ပြည်ဆိုင်ရာ နျူကလီးယား စွမ်းအင်အေဂျင်စီကနေ အချိန်မရွေး လျှပ်တစ်ပြက် အီရန်နိုင်ငံရဲ့ နျူကလီးယား လုပ်ငန်းခွင်တွေကို ဝင်ရောက်စစ်ဆေးလို့ ရပါတယ်။ အပြည်ပြည်ဆိုင်ရာ နျူကလီးယားစွမ်းအင်အေဂျင်စီက စောင့်ကြည့်နေတဲ့ သဘောပါ။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုကတော့ အီရန်ဟာ နျူကလီးယား လက်နက်ထုတ်လုပ်ဖို့ လျှို့ဝှက်စွာလုပ်ဆောင်နေတယ်လို့ ပြီးခဲ့တဲ့ တနင်္လာနေ့ကပဲ စွပ်စွဲလိုက်ပါတယ်။ တီဟီရန်မှာ လျှို့ဝှက်စွာလုပ်ဆောင်နေတဲ့ နျူကလီးယားလက်နက်ထုတ်လုပ်ဖို့ ဆောင်ရွက်မှုတွေကို အစ္စရေးထောက်လှမ်းရေးက စုံစမ်းမိပြီး၊ သက်သေခံ အချက်အလက်တွေလည်း စုဆောင်းမိပြီလို့ဆိုပါတယ်။

အီရန်ဟာ နျူကလီးယား လက်နက်ထုတ်လုပ်မှုနဲ့ ပတ်သက်ပြီး တစ်ချိန်လုံး လိမ်ညာနေခဲ့တာ ဖြစ်တယ်လို့ ဆိုပါတယ်။ အစ္စရေးဝန်ကြီးချုပ်ကတော့ နျူကလီးယားလက်နက် ထုတ်လုပ်မှုနဲ့ ဆက်စပ်ပြီး စာမျက်နှာပေါင်း ၅၅၀၀၀ ရှိတဲ့ သက်သေခံစာရွက်စာတမ်းတွေနဲ့ စီဒီချပ်တွေ၊ ဖိုင်တွေကို ရရှိပြီးဖြစ်တယ်လို့ ဆိုပါတယ်။

**တားဆီးမှု မရှိ**

အီရန်နဲ့ အစ္စရေးတို့ ဆိုတာကလည်း ကာလရှည်ကြာကတည်းက ရန်ဘက်နိုင်ငံတွေဖြစ်ပါတယ်။ တစ်ဖက်နဲ့တစ်ဖက် အမြဲရန်လိုနေပြီး လတ်တလောမှာတော့ အစ္စရေးနိုင်ငံ အရှေ့မြောက်ပိုင်းနဲ့ နီးစပ်နေတဲ့ ဆီးရီးယားမှာ အီရန်ဟာ စစ်ရေးအရ ပါဝင်ဆောင်ရွက်မှုတွေ လုပ်ဆောင်လျက်ရှိပါတယ်။ အမေရိကန်သမ္မတထရန့်ကတော့ အီရန်နျူကလီးယား သဘောတူညီချက်ဆိုတာ အဆိုးရွားဆုံးသော သဘောတူညီချက်တွေထဲကတစ်ခုလို့ ဆိုပါတယ်။

မေလ ၁၂ ရက်နေ့မှာ ဒီသဘောတူညီချက်ကနေ နုတ်ထွက်မယ်လို့ ရာဇသံပေးပြီးသားပါ။ ဥရောပက ဒီစာချုပ်မှာ လက်မှတ်ရေးထိုးထားတဲ့ မဟာမိတ်နိုင်ငံတွေနဲ့ လွှတ်တော်က စိုးရိမ်မှုတွေရှိနေပေမယ့် ထရန့်ကတော့ ဂရုမစိုက်ပါဘူး။

ဒီဟာ သဘောတူညီချက်နဲ့ ပတ်သက်လို့ ထရန့် အခဲမကျေဖြစ်ရတဲ့ အပိုင်းကတော့ ဒီသဘောတူညီချက်ဟာ အချိန်အတိုင်းအတာတစ်ခုထိပဲ အီရန်ကို နျူကလီးယားလက်နက်မထုတ်ဖို့ တားဆီးထားနိုင်တယ်။

တာဝေးပစ်ဒုံးကျည်တွေ ထုတ်လုပ်မှုနဲ့ ဆက်စပ်လို့ကတော့ တားဆီးမှုမရှိလို့ပါပဲ။ ဒီသဘောတူညီချက်ကြောင့်ပဲ အီရန်ကို ဒေါ်လာ ၁၀၀ ဘီလီယံ အလကား ပေးလိုက်ရသလိုဖြစ်ပြီး ဒီငွေတွေနဲ့ပဲ အီရန်ဟာ လက်နက်တွေ ထုတ်လုပ်ဖို့ ရန်ပုံငွေတွေ ရရှိလာတယ်။


ဒါ့အပြင် အကြမ်းဖက်မှုတွေ လုပ်ဆောင်ဖို့ရယ်၊ အရှေ့အလယ်ပိုင်း နိုင်ငံတွေကို ဖိနှိပ်ဖို့ပဲ ဖြစ်လာတယ်လို့ သမ္မတထရန့်က စွပ်စွဲခဲ့ပါတယ်။ အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီကတော့ အခြားသောနိုင်ငံတွေနဲ့ပါ သဘောတူထားတဲ့ ဒီသဘောတူညီချက်ကို ထရန့်အနေနဲ့ ပြန်လည်ဆွေးနွေးဖို့ အခွင့်အရေးမရှိဘူးလို့ ဆိုပါတယ်။


ဒါ့အပြင် အီရန်ဟာ သူကတိပေးထားတဲ့ ဘောင်ကိုကျော်ပြီးတော့ ဘယ်ကန့်သတ်ချက်ကိုမှ လက်ခံမှာမဟုတ်ဘူးလို့လည်း ခပ်တင်းတင်း ဝေဖန်ခဲ့ပါတယ်။ သမ္မတထရန့်ကသာ ဒီသဘောတူညီချက်ကို ဖောက်ဖျက်ဖို့ကြိုးပမ်းနေသူလို့ စွပ်စွဲလိုက်ပါတယ်။ အီရန်နဲ့ အမေရိကန်တို့ကတော့ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်ဝေဖန်စွပ်စွဲနေကြတာပါပဲ။


> “ ဒီသဘောတူညီချက်ကြောင့်ပဲ အီရန်ကို ဒေါ်လာ ၁၀၀ ဘီလီယံ အလကား ပေးလိုက်ရသလိုဖြစ်ပြီး ဒီငွေတွေနဲ့ပဲ အီရန်ဟာ လက်နက်တွေ ထုတ်လုပ်ဖို့ ရန်ပုံငွေတွေ ရရှိလာတယ်။ ဒါ့အပြင် အကြမ်းဖက်မှုတွေ လုပ်ဆောင်ဖို့ရယ်၊ အရှေ့အလယ်ပိုင်း နိုင်ငံတွေကို ဖိနှိပ်ဖို့ပဲ ဖြစ်လာတယ်လို့ သမ္မတထရန့်က စွပ်စွဲခဲ့ပါတယ်။ အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီကတော့ အခြားသောနိုင်ငံတွေနဲ့ပါ သဘောတူထားတဲ့ ဒီသဘောတူညီချက်ကို ထရန့်အနေနဲ့ ပြန်လည်ဆွေးနွေးဖို့ အခွင့်အရေးမရှိဘူးလို့ ဆိုပါတယ်။ ဒါ့အပြင် အီရန်ဟာ သူကတိပေးထားတဲ့ ဘောင်ကိုကျော်ပြီးတော့ ဘယ်ကန့်သတ်ချက်ကိုမှ လက်ခံမှာ မဟုတ်ဘူးလို့လည်း ခပ်တင်းတင်း ဝေဖန်ခဲ့”


အခုအချိန်မှာတော့ အမေရိကန်ကို အီရန်နျူကလီးယားသဘောတူညီချက်ကနေ နုတ်ထွက်မသွားဖို့ အများက ဝိုင်းပြီး တိုက်တွန်းနေကြပါတယ်။ နဂိုကမှ ပြဿနာပေါင်းများစွာ ရှုပ်ထွေးနေတဲ့ အရှေ့အလယ်ပိုင်းဒေသမှာ အခုကိစ္စကြောင့် ပိုပြီး အခြေအနေတွေ ဆိုးရွားလာမှာကိုလည်း စိုးရိမ်ရပါတယ်။


မေလ ၁၂ ရက်နေ့ ကျရင်တော့ အီရန်နျူကလီးယား သဘောတူညီချက်ကနေ ခွဲခွာသွား မသွား အဖြေပေါ်တော့မှာပါ။ ॥ **ကိုးကား-ဘီဘီစီ**


HTOO




CARTOONS









# စာလုံးပေါင်းနည်း၊ အသံထွက်နည်း(၈)

မောင်ခင်မင်(ဓနုဖြူ)

"ဗျည်းတစ်လုံးချင်းကို သရတွေ၊ အသတ်တွေတွဲပြီး စာလုံးပေါင်းဖတ်ပုံကို သမီးတို့ နားလည်ပါပြီဘဘ၊ ဗျည်းတစ်လုံးချင်း မဟုတ်ဘဲ ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုးတွေနဲ့ တွဲတဲ့အခါ စာလုံးပေါင်းပြီး ဖတ်ပုံကို ရှင်းပြပေးပါဦးနော် ဘဘ၊ သမီးတို့ကျောင်းက ဆရာမတွေ တစ်ညီတည်းဖြစ်သွားအောင် ညှိပေးချင်လို့ပါ"

"ဟေ...ဗျည်းတွဲတွေကလည်း အစီအစဉ်တကျရှိနေတာပဲ၊ မညီစရာ ဘာရှိလို့လဲသမီးရဲ့"

"သမီးသတိထားမိသလောက် ပြောပါရစေ ဘဘ၊ 'မွှ' ကို စာလုံးပေါင်းရင် တချို့က 'မဝဆွဲဟထိုးမွှ' လို့ ဆိုပါတယ်၊ တချို့က 'မဟထိုးဝဆွဲ မွှ'လို့ ဆိုပါတယ်၊ အဲဒီလိုမျိုး မတူတာတွေရှိနေလို့ပါ ဘဘ"

"ကဲ...ကဲ၊ ဗျည်းတွဲအကြောင်း အခြေခံကျကျသိထားရင် ဘယ်လိုအသံထွက်ရမယ်ဆိုတာ သဘောမပေါက်စရာ မရှိပါဘူးကွယ်၊ ဒီတော့ ဗျည်းတွဲဆိုတာ ဘာလဲဆိုတာက စ စဉ်းစားကြည့်ပေါ့"

"သမီးကတော့ ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုးတွေနဲ့ တွဲထားတဲ့ဗျည်းကို ဗျည်းတွဲလို့ နားလည်ထားပါတယ်"

"ဟုတ်ပါတယ်၊ အရင်းခံဗျည်းတစ်ခုကို အဲဒါတွေနဲ့ တွဲတာ ဗျည်းတွဲပေါ့၊ ဒီလိုဆိုရင် အဲဒီယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုး ဆိုတာတွေကကော ဘယ်လိုဖြစ်လာတာလဲ၊ သမီးသိမှာပေါ့"

"ဟုတ်ကဲ့ပါ၊ ယပင့်ဆိုတာ ယပက်လက်နဲ့ ပင့်ထားတာပါ"

"ရရစ်ကကော"

"ရရစ်က ရကောက်နဲ့ရစ်ထားတာပါ ဘဘ"

"ဝဆွဲကကော"

"အောက်က ဝကလေးဆွဲထားတာပါ"

"ဟထိုးကကော"

"အောက်မှာ ဟကလေးဆွဲပြီး ရှေ့ထိုးထားတာပါ"

"ဒီတော့ အဲဒီ လေးလုံးရဲ့ အရင်းခံ ဗျည်းတွေက ဘာတွေလဲ"

"ယပက်လက်၊ ရကောက်၊ ဝ၊ ဟ ဆိုတဲ့ ဗျည်းလေးလုံးပါ ဘဘ"

"ဟုတ်ပါပြီ၊ တကယ်တော့ ယပင့်ဆိုတဲ့ အကောက်ကလေး(ျ)က ယပက်လက်ကို ပုံပြောင်းပြီး ဘေးကပင့်ထားတာပါ၊ ရရစ် (ြ)ကလည်း ရကောက်ကို ပုံပြောင်းပြီး ပြန်ရစ်ထားတာပါ၊ ဝဆွဲက ဝလုံးကလေးကို အောက်နားမှာ ဆွဲထားတာ၊ ဟထိုးက ဟ ကလေးကို အောက်နားမှာ ရှေ့ထိုးထားတာပေါ့၊ ဒါကြောင့် ဒီနာမည်တွေ အဲဒီလိုခေါ်တာ မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"သာဓကနဲ့ ပြောရအောင်၊ 'မျ' ဆိုတာ မကို ယပင့်ထားတာ မဟုတ်လား၊ တစ်နည်းပြောရရင် မကို ယနဲ့ တွဲထားတာပဲ၊ 'မယ' ကို တွဲဆိုရင် 'မျ' ဖြစ်တယ်မဟုတ်လား၊ ဆိုကြည့်လေ"

"ဟုတ်ပါတယ် ဘဘ"

"အဲဒီလိုပဲ၊ 'မြ' ဆိုတာ မကို ရရစ်ထားတာ၊ မနဲ့ ရ တွဲထားတာ 'မရ' ကို တွဲဆိုရင် 'မြ' ပေါ့၊ ရှေ့အသံကိုတော့ သံဖော့ဖော့ ဆိုရတာပေါ့၊ အရင်တုန်းကတော့ အဲဒီရရစ်ကို လျှာလိပ်သံနဲ့ ဆိုကြတယ်၊ အခုရခိုင်တိုင်းရင်းသားတွေမှာ အဲဒီ ရကောက် လျှာလိပ်သံရှိနေသေးတယ်၊ ဘဘတို့ဆီမှာတော့ 'မျ' ရော၊ 'မြ' ရော ယပင့်သံချည်းဖြစ်နေပြီလေ၊ ရကောက်လျှာလိပ်သံ ကနေပြီး ယသံကို ပြောင်းသွားတာပေါ့၊ အဲဒီလိုပဲ မွ ဆိုတာ မကို ဝဆွဲ ထားတာ၊ မ နဲ့ ဝ တွဲထားတာ၊ 'မဝ' လို့ တွဲဆိုရင် 'မွ' ဖြစ်တာ ပေါ့၊ 'မှ' လည်း မကို ဟထိုးထားတာ၊ မနဲ့ ဟတွဲထားတာ၊ 'မဟ' လို့ တွဲဆိုရင် 'မှ' ဖြစ်သွားတာပေါ့"

"နားလည်ပါပြီ ဘဘ"

"သမီးက မူလတန်းကျောင်းအုပ်ဆရာမကြီးဆိုတော့ အခြေခံကျကျ သိစေချင်လို့ပါ၊ ဒီတော့ စကားပြန်ကောက်ရင် 'ယ၊ ရ၊ ဝ၊ ဟ' ဆိုတာ ဗျည်း ၃၃ လုံးထဲက အစဉ်အတိုင်းပဲလေ၊ ဒီတော့ အဲဒီဗျည်းတွေကို ပုံပြောင်းထားတဲ့ ဗျည်းတွေကိုလည်း အဲဒီအစဉ်အတိုင်း ပြောရင် ဘယ်လိုပြောမလဲ"

"ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုး လို့ ပြောရမှာပါ ဘဘ"

"အေးပေါ့၊ ဒါက တစ်လုံးစီကို ခေါ်တာ၊ ဗျည်းတွဲတွေမှာ နှစ်လုံးတွဲတာတွေလည်း ရှိတယ် မဟုတ်လား၊ နှစ်လုံးတွဲတဲ့နေရာမှာလည်း အဲဒီအစဉ်အတိုင်း တွဲရတယ်၊ 'ယပင့်ဝဆွဲ၊ ရရစ်ဝဆွဲ၊ ယပင့်ဟထိုး၊ ရရစ်ဟထိုး၊ ဝဆွဲဟထိုး' ဆိုတဲ့ အစဉ်အတိုင်း စီစဉ်ရတယ်"

"အစီအစဉ်ကျတယ်နော်ဘဘ"

"ဟုတ်ပါတယ်၊ သုံးလုံးတွဲတာကတော့ နည်းပါတယ်၊ ယပင့်ဝဆွဲဟထိုးရယ်၊ ရရစ်ဝဆွဲဟထိုးရယ် ဒီနှစ်မျိုးပဲရှိတယ်၊ အဲဒီဗျည်းတွဲ တွဲပုံအစီအစဉ်အတိုင်း မြန်မာအဘိဓာန်တို့၊ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းတို့မှာ စာလုံးတွေကို အက္ခရာစဉ်စဉ်ရတာ နောက်တော့ သမီးတို့ လေ့လာကြည့်ပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဘဘ"

"အဲဒီတော့ ဗျည်းတွဲတွေကို စာလုံးပေါင်းပြီးဆိုရင်လည်း အဲဒီအစီအစဉ်အတိုင်းပဲဆိုရမှာပေါ့ကွယ်၊ ဒီတော့ သမီးတို့နဲ့ လေ့ကျင့်ခန်း လုပ်ကြည့်ရအောင်၊ ဘဘပြောတဲ့စာလုံးကို သမီးတို့ နှစ်ယောက်ကတစ်လှည့်စီစာလုံးပေါင်းပြီးဆိုပြကြနော်"

"ဟုတ်ကဲ့ပါ"

"ကြွား"

"ကကြီးရရစ်ဝဆွဲရေးချဝစ္စနှစ်လုံးပေါက်ကြွား"

"ချွန်း"

"ခခွေးယပင့်ဝစွဲနသတ်ချွန်၊ ဝစ္စနှစ်လုံးပေါက်ချွန်း"

"မျှင်"

"မယပင့်ဟထိုးငသတ်မျှင်"

"မြှုံး"

"မရရစ်ဟထိုးသေးသေးတင် တစ်ချောင်းငင်မြှု၊ ဝစ္စနှစ်လုံးပေါက် မြှုံး"

"နွှင်"

"နငယ်ဝဆွဲဟထိုးငသတ်နွှင်"

"မြွှာ"

"မရရစ်ဝဆွဲဟထိုးရေးချမြွှာ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ခုဆိုရင် ရိုးရိုးဗျည်းရော၊ ဗျည်းတွဲရော၊ သရတွေ၊ အသတ်တွေနဲ့တွဲပြီး တစ်ဆင့်ပြီးတစ်ဆင့် စာလုံးပေါင်းပြီးဖတ်ပုံကို သမီးတို့ကွဲကွဲပြားပြားသိပြီပေါ့၊ ကလေးတွေကိုစနစ်တကျ စာလုံးပေါင်းပြီး ဖတ်တတ်အောင်သင်မယ်ဆိုရင် ဆရာ ဆရာမ ကိုယ်တိုင်က စာလုံးပေါင်းတဲ့စနစ်ကို ကျေကျေ ညက်ညက်ရှိထားဖို့ လိုတာပေါ့ကွယ်"

> "တစ်ဆင့်ပြီးတစ်ဆင့်ဖတ်တာက ကလေးရဲ့နားထဲကို တစ်ဆင့်ပြီးတစ်ဆင့် ဝင်သွားတာမို့ ပိုပြီးစွဲတယ်လို့ ဘဘ ထင်တယ်၊ သဝေထိုး တဝမ်းပူရေးချ ငသတ် ဝစ္စနှစ်လုံးပေါက် တောင်းလို့ တစ်ဆက်တည်းဖတ်တာက တစ်ဖြတ်စီ မဟုတ်ဘဲ အရှည်ကြီး အစအဆုံးစာလုံးပေါင်းရတာမို့ ကလေးတွေအတွက် တစ်ဆင့်စီဖတ်တာလောက် မပြေပြစ်ဘူး၊ နားထဲမှာလည်း မစွဲဘူး၊ ထောင့်နေတယ် အစဉ်အဆက် ဖတ်ခဲ့တဲ့ အစဉ်တွေနဲ့လည်း မကိုက်ညီဘူး"

"တစ်ခုမေးပါရစေ ဘဘ"

"မေးလေ"

"စာလုံးပေါင်းပြီးဆိုတဲ့အခါ တစ်ဆင့်စီပေါင်းတာနဲ့၊ အားလုံးပြီးတဲ့အထိ ပေါင်းတာနဲ့ ဘယ်ဟာပိုကောင်းသလဲလို့ သိချင်လို့ပါ ဘဘ"

"သမီးမေးချင်တာကို နမူနာကလေးနဲ့မေးပါလား"

"ဟုတ်ကဲ့ဘဘ၊ နမူနာပြောရရင် 'တောင်း'ဆိုတဲ့ စာလုံးကို စာလုံးပေါင်းပြီးဆိုတဲ့အခါ 'သဝေထိုး တဝမ်းပူရေးချ ငသတ်တောင်၊ ဝစ္စနှစ်လုံးပေါက်တောင်း'လို့ များသောအားဖြင့်ဆိုကြပါတယ် ဘဘ"

"ဟုတ်တယ်လေ"

"'တချို့ကတော့ သဝေထိုးတဝမ်းပူရေးချငသတ် ဝစ္စနှစ်လုံးပေါက် တောင်း'လို့ ဆိုတာလည်း ကြားဖူးပါတယ်"

"ဒီတော့"

"'တောင်း'ကို စာလုံးပေါင်းရင် 'တောင်'ကိုတစ်ဆင့်အရင် ပေါင်းပြီးမှ 'တောင်း'လို့ ဆက်ပေါင်းတာရယ်၊ အစကအဆုံး'တောင်း'လို့စာလုံးပေါင်းတာရယ် နှစ်မျိုးကွဲနေလို့ပါ ဘဘ"

"ဟုတ်ပါပြီ၊ သမီးတို့ကျောင်းစနေတဲ့အရွယ်ကတည်းက စာလုံးပေါင်းပြီးဖတ်တဲ့အခါ တစ်ဆင့်ပြီးတစ်ဆင့်ဖတ်တဲ့နည်းနဲ့ ဖတ်ခဲ့တာ မဟုတ်လား၊ 'ကကြီးရေက၊ ကကြီးရေးချကာ၊ ကကြီးရေးချဝစ္စနှစ်လုံးပေါက်ကား၊ က- ကာ- ကား' ဆိုပြီးဖတ်ရတာလေ၊ 'တောင်' ကိုဖတ်ရင်လည်း 'သဝေထိုး တဝမ်းပူရေးချငသတ်တောင်၊ အောက်ကမြင့်တောင့်၊ ဝစ္စ နှစ်လုံးပေါက်တောင်း' လို့ဖတ်ရတာလေ"

"ဟုတ်ကဲ့ပါ"

"တစ်ဆင့်ပြီးတစ်ဆင့်ဖတ်တာက ကလေးရဲ့နားထဲကို တစ်ဆင့်ပြီးတစ်ဆင့်ဝင်သွားတာမို့ ပိုပြီးစွဲတယ်လို့ ဘဘ ထင်တယ်၊ သဝေထိုး တဝမ်းပူရေးချ ငသတ် ဝစ္စနှစ်လုံး ပေါက် တောင်းလို့ တစ်ဆက်တည်းဖတ်တာက တစ်ဖြတ်စီ မဟုတ်ဘဲ အရှည်ကြီး အစအဆုံးစာလုံးပေါင်းရတာမို့ ကလေးတွေအတွက် တစ်ဆင့်စီဖတ်တာလောက် မပြေပြစ်ဘူး၊ နားထဲမှာလည်း မစွဲဘူး၊ ထောင့်နေတယ် အစဉ်အဆက် ဖတ်ခဲ့တဲ့ အစဉ်တွေနဲ့လည်း မကိုက်ညီဘူးလေ"

"ဟုတ်ကဲ့ပါ"

"နောက်ဆုံးပန်းတိုင်ကတော့ 'တောင်း'ဆိုတဲ့စာလုံး ပေါင်းပုံကို မှတ်မိသွားဖို့ပဲ မဟုတ်လား၊ ဘယ်လိုဖတ်တာ မှားတယ်၊ ဘယ်လိုဖတ်မှ မှန်တယ်လို့ တချို့က လျှန်ခါးထစ် ပြောနေတာလည်း သဘာဝမကျဘူး၊ တစ်ဆင့်ပြီးတစ်ဆင့် စာလုံးပေါင်းဖတ်တဲ့နည်းကတော့ အစဉ်အဆက်ကျင့်သုံးလာတဲ့နည်းမို့ သူငယ်တန်း၊ ပထမတန်းအရွယ်ကလေးတွေနဲ့ ပိုပြီး သင့်လျော်ပါတယ်ကွယ်၊ အခုအထိလည်း ကျင့်သုံးနေပါတယ်၊ တချို့ကိစ္စတွေမှာကျတော့အသစ်ထွင်ချင်တာနဲ့ပဲ မရောင်ရာဆီလူးသလိုဖြစ်ပြီး ကလေးတွေအတွက် ပိုခက်သွားမှာ စိုးရိမ်ပါတယ်၊ ကဲ ... နားကြဦးစို့။ ။


# ဆဲလ်ဖုန်းတွေက ဦးနှောက်အကျိတ်ဖြစ်ပွားမှုကို ပိုဆိုးလာစေသလား

ကလျာမိုးမြင့်

အင်္ဂလန်နိုင်ငံမှာ အန္တရာယ်ကြီးမားတဲ့ ဦးနှောက်အကျိတ်ကင်ဆာဖြစ်ပွားမှုတွေဟာ မကြာသေးမီ ဆယ်စုနှစ်တွေအတွင်းမှာပဲ နှစ်ဆကျော်လွန်လာခဲ့ပါတယ်။ ဒီလို မြင့်တက်လာစေတဲ့အကြောင်းရင်းက ဘာများဖြစ်နိုင်မလဲဆိုတဲ့ မေးခွန်းတွေကလည်း ပေါ်ထွက်လာပါတယ်။

Glioblastomas (ဂလီယိုဘလက်စတိုမာ) လို့ခေါ်တဲ့ ဦးနှောက်အကျိတ်တွေ ဖြစ်ပွားမှုဟာ ၁၉၉၅ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အတွင်း အင်္ဂလန်မှာရှိတဲ့ ပြည်သူ တစ်သိန်းလောက်မှာ ၂ ဒသမ ၄ ရာခိုင်နှုန်းကနေ ၅ဒသမသုည ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့တယ်လို့ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က Environmental နဲ့ Public Health ဂျာနယ်ထဲမှာ ပုံနှိပ်ဖော်ပြခဲ့ပါတယ်။

လေ့လာမှုအတွင်းမှာ ခွဲခြမ်းစိစစ်ထားတဲ့ အချက်အလက်တွေက ဦးနှောက်အတွင်းမှာ အကျိတ်ကင်ဆာဖြစ်ပွားလာနိုင်မှုတွေကို ဖော်ပြနေပြီး ဘာကြောင့် ဒီလိုဖြစ်ပွားလာနိုင်တာလဲဆိုတာကိုတော့ ဖော်ပြထားခြင်းမရှိပါဘူး။ ဒါပေမယ့် သုတေသနပညာရှင်တွေက နေ့စဉ်နေထိုင်မှုပုံစံတွေကလည်း ဒီလိုဖြစ်ပွားစေနိုင်တဲ့ အကြောင်းရင်းတစ်ခုအနေနဲ့ ပါဝင်နေတယ်လို့ထင်မြင်ယူဆချက်တွေကို ထောက်ပြခဲ့ကြပါတယ်။



အဲဒီအကြောင်းရင်းတွေထဲမှာ ဆဲလ်ဖုန်းတွေအသုံးပြုခြင်းဟာ ဦးနှောက်အကျိတ်ဖြစ်ပွားမှုနဲ့ ဦးနှောက်အတွင်းမှာ ပြောင်းလဲမှုတွေဖြစ်ပွားရခြင်းတွေနဲ့ ပတ်သက်ဆက်နွှယ်နေတယ်လို့ ယခင်ပြုလုပ်ခဲ့တဲ့လေ့လာမှုတွေကို ကိုးကားဖော်ပြခဲ့ကြပါတယ်။ ဖော်ပြထားတဲ့ စာတမ်းဟာ ဆဲလ်ဖုန်းအကြောင်းလေ့လာမှုတော့မဟုတ်ဘူး။အကျိတ်တွေအတွင်းမှာ ပြောင်းလဲဖြစ်ပေါ်မှုတွေနဲ့ပတ်သက်ပြီး ပြုစုထားတာပါ။ ဒါပေမယ့် ဆဲလ်ဖုန်းတွေဟာ ဒီလိုဖြစ်ရတဲ့ တကယ့်အကြောင်းရင်းတစ်ခုလို့ ထင်မြင်ရတယ်လို့ လေ့လာမှုကိုဦးဆောင်နေတဲ့ စာရေးသူ အလက်ဒယ်ရာဖိလစ်က ပြောပါတယ်။

အကျိတ်တွေဟာ ဦးခေါင်းရဲ့ရှေ့ခြမ်းနဲ့ ဦးနှောက်ရဲ့လုံးဝန်းတဲ့အခြမ်းက ဧရိယာတွေ၊ နားရွက်နဲ့ နဖူးတွေမှာ စတင်ဖြစ်ပေါ်လာပြီး ဒီလိုပေါ်ထွက်လာတာတွေဟာ ဆဲလ်ဖုန်းတွေကြောင့်လို့ သံသယဖြစ်စရာရှိတယ်လို့ ဖိလစ်ကရှင်းပြခဲ့ပါတယ်။ ဗြိတိန်က ပညာရှင်အချို့ကတော့ ဒီလေ့လာမှုဟာ ဦးနှောက်အကျိတ်ဖြစ်ပွားမှုတွေ တိုးပွားလာတယ်ဆိုတဲ့ သက်သေအထောက်အထားကို တွေ့ရပေမယ့်လည်း ဒီလိုဖြစ်လာတိုင်း ဆဲလ်ဖုန်းအသုံးပြုလို့ဖြစ်ရတယ်လို့ တထစ်ချပြောဆိုနိုင်တဲ့ သက်သေအထောက်အထားမျိုးတော့ ဖော်ပြနိုင်ခြင်းမရှိသေးဘူးလို့ ခုခံပြောဆိုခဲ့ကြပါတယ်။

ကမ္ဘာတစ်ဝန်းမှာ ဆဲလ်ဖုန်းရောင်ခြည်ဖြာထွက်မှုကို လေ့လာတဲ့သုတေသန ဆောင်ရွက်မှုတွေနဲ့ ကင်ဆာဖြစ်ပွားရမှုနဲ့ ဖြစ်နိုင်ဖွယ်ဆက်နွှယ်နေမှုတွေဟာ အဖြေထက် မေးခွန်းတွေကိုပိုများလာစေလျက်ရှိပါတယ်။ တချို့လေ့လာမှုတွေက ဆဲလ်ဖုန်းရဲ့ရေဒီယိုဖရီကွမ်စီပေါ်ထွက်မှုနဲ့ အကျိတ်တွေတိုးပွားလာမှုလိုမျိုး ကျန်းမာရေးဆိုင်ရာပြဿနာအချို့ကြားမှာ ဘာပတ်သက်ဆက်နွှယ်မှုမှမရှိဘူးလို့ ပြောဆိုနေကြပေမယ့် တချို့ကတော့ ဆဲလ်ဖုန်းကြောင့်အကျိတ်တွေ ပိုများလာရတယ်လို့ ငြင်းခုံနေကြဆဲပါ။

စီအန်အန်

**အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ**

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအား အရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# တစ်ဦးချင်း၊ မိသားတစ်စုချင်းမှသည်

**ခင်ရတနာ**

"ကျွန်တော့်ဘဝက အရင်ကထက် အများကြီးအဓိပ္ပာယ်ရှိလာတယ်၊ ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်စိတ်တွေ မရှိတော့ဘူး၊ ကျွန်တော်လုပ်စရာတွေ အများကြီးရှိနေသေးတယ်၊ အမေ့အတွက်ရော၊ မိသားစုအတွက်ရော၊ နိုင်ငံ့အတွက်ပါ၊ ကျွန်တော် အသက်ရှင်ရတာ ပိုပြီး ပျော်လာတယ်" ဟု ပခုက္ကူခရိုင် မြိုင်မြို့နယ် အင်းရောင်းကျေးရွာမှ လူငယ် ကိုထင်က ပြောသည်။

**အောင်မြင်ခြင်းအမျိုးမျိုး**

ကိုထင် ကဲ့သို့ အင်းရောင်းကျေးရွာသားများ အားလုံးနီးပါးပင် ဘဝသည် ပို၍အဓိပ္ပာယ်ရှိလာခဲ့သည်။ လူသားတို့ အသက်ရှင်ရပ်တည်မှုတွင် အောင်မြင်ခြင်းသည် ဘဝ၏ အဓိပ္ပာယ်တစ်ရပ်ပင် ဖြစ်သည်။ အောင်မြင်ခြင်းဟုဆိုရာတွင် အမျိုးမျိုးအဖုံဖုံတော့ ရှိသည်။ လုပ်ငန်းစီးပွားများ အောင်မြင်ခြင်း၊ မိသားစုအဆင့်အတန်း မြင့်မားလာသဖြင့် အောင်မြင်ခြင်းနှင့် မိမိနှင့် မိမိ၏ ပတ်ဝန်းကျင် ဆွေမျိုးဉာတကာများကို စောင့်ရှောက်နိုင်ကြသဖြင့် အောင်မြင်ခြင်းစသည်ဖြင့် အမျိုးမျိုးရှိရာ ယင်းသို့သော အောင်မြင်ခြင်းများကို တစ်စုံတစ်ပြုံတည်း ခံစားလိုက်ရသဖြင့် အင်းရောင်းကျေးရွာသားများအဖို့ အထူးပင် ပျော်ရွှင်မည်မှာ မလွဲပင်ဖြစ်သည်။

နိုင်ငံခြားသား ဧည့်သည်တစ်ဦးဖြစ်သည့် လစ်စတာက သူ့နာမည်ရေးထိုးထားသည့် သစ်သားတုတ်ကလေးကို သူကိုယ်တိုင်စိုက်ပျိုးထားသည့် ပျိုးပင်ငယ်လေးအတွင်း စိုက်ထူရင်း ဂုဏ်ယူဝမ်းမြောက်သည့် ခံစားချက်များကြုံတွေ့ရကြောင်း ပြောသည်။ သူကဲ့သို့ပင် စီဘီတီကျေးရွာများသို့ လာရောက်ကြသူတိုင်း ပျော်ရွှင်ကျေနပ်သည့် အရိပ်အယောင်များကို မြင်ရလျှင် မိမိတို့လည်း စိတ်ချမ်းသာကြောင်း ဒေသခံတစ်ဦးကလည်း ဆိုသည်။

**အောင်မြင်မှုတစ်ရပ်ပင်ဖြစ်**

မြေသားလမ်းမများသည် သန့်ရှင်းသောလမ်းမများ၊ အိမ်တိုင်းအိမ်တိုင်းသည်လည်း ဧည့်သည်များကို လာလှည့်ပါဟု ဖိတ်ခေါ်နေသယောင် တွေ့မြင်ရသည်။ တိုင်ထောင်စိုက်ပျိုးထားသည့် သီးနှံများကို နိုင်ငံခြားသားခရီးသွားများက လေ့လာရင်း သဘာဝအော်ဂဲနစ်သီးနှံများနှင့် သန့်ရှင်းစွာနှင့် စနစ်ကျစွာ ချက်ပြုတ်ထားသည့် အစားအစာများအပေါ်တွင် ဒေသခံများ၏ စေတနာများကြောင့် ပို၍ပင် အရသာလေးနက်သည်ဟု ခံစားမိသည်။ အင်းရောင်းကျေးရွာကဲ့သို့ပင် မြန်မာနိုင်ငံသည် မိမိတို့၏ ရှိရင်းစွဲ သဘာဝအလှတရားကို ပိုမိုမြှင့်တင်ရင်း ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းကို ဖော်ဆောင်နိုင်ခြင်းဖြင့် ကိုထင်တို့ ကဲ့သို့သော ဒေသခံများ၏ ဘဝကို ပြောင်းလဲမှုတစ်ရပ် ပေးနိုင်ခဲ့ခြင်းသည် အောင်မြင်မှုတစ်ရပ်ပင် ဖြစ်သည်။

**လူထုအခြေပြု ခရီးသွားလုပ်ငန်း**

"ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာ ဟိုတယ်ကြီးတွေ၊ ခမ်းနားတဲ့အဆောက်အအုံကြီးတွေ၊ စီးပွားရေးအခြေအနေကောင်းတွေရှိတဲ့ နေရာတွေမှာပဲ တိုးတက်နိုင်တာ မဟုတ်ပါဘူး၊ နေရာတိုင်းမှာ ဟိုတယ်ကြီးတွေရှိနေဖို့ ခက်ပါတယ်၊ ဒါကြောင့် ရပ်ရွာအခြေပြုတဲ့ ခရီးသွားလုပ်ငန်းတွေ ပိုပြီး ကျယ်ပြန့်အောင် ဆောင်ရွက်နေတာ ဖြစ်ပါတယ်၊ လက်ရှိမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ကျေးရွာဒေသ ၁၂ ခုအထိ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါတယ်" ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ပြောကြားသည်။

> "မြေသားလမ်းမများသည် သန့်ရှင်းသော လမ်းမများ၊ အိမ်တိုင်းအိမ်တိုင်းသည်လည်း ဧည့်သည်များကို လာလှည့်ပါဟု ဖိတ်ခေါ်နေသယောင် တွေ့မြင်ရသည်။ တိုင်ထောင်စိုက်ပျိုးထားသည့် သီးနှံများကို နိုင်ငံခြားသားခရီးသွားများက လေ့လာရင်း သဘာဝအော်ဂဲနစ်သီးနှံများနှင့် သန့်ရှင်းစွာနှင့် စနစ်ကျစွာချက်ပြုတ်ထားသည့် အစားအစာများအပေါ်တွင် ဒေသခံများ၏ စေတနာများကြောင့် ပို၍ပင် အရသာလေးနက် သည်ဟု ခံစားမိ"



မြိုင်မြို့နယ်အတွင်းရှိ အင်းရောင်းကျေးရွာအုပ်စုသည် လူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism) ဖြင့် နာမည်ကျော်ကြားလာသည့် ကျေးရွာတစ်ခုလည်း ဖြစ်သည်။ ကျေးရွာအတွင်းရှိ ဒေသခံများသည် ခရီးသွားလုပ်ငန်း၏ အသီးအပွင့်များကို သိရှိခံစားနိုင်ကြပြီဖြစ်သည့်အပြင် သဘာဝပတ်ဝန်းကျင်၊ သဘာဝတရား၏ တန်ဖိုးနှင့်တကွ မိမိတို့နိုင်ငံ၊ မိမိတို့ဒေသ၏ အလေ့အထကောင်းများကို ထိန်းသိမ်းစောင့်ရှောက်တတ်သူများဖြစ်လာကြပြီဟု အဆိုပါ စီဘီတီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးခဲ့သည့် ဒေသခံ ကိုစိုင်းကောင်းမြတ်က ပြောပြသည်။

**သဘာဝအလှတရားတွေ ပိုမိုထိန်းသိမ်းလာနိုင်**

"ကျွန်တော်တို့ရွာက စီဘီတီတွေထဲမှာ တော်တော်လေးနာမည်ကြီးတဲ့ ကျေးရွာတစ်ခုဖြစ်တဲ့အပြင် အာဆီယံစီဘီတီကျေးရွာဆုလည်း ရထားတယ်၊ လစဉ် နိုင်ငံခြားသားဧည့်သည်တွေ၊ ပြည်တွင်းဧည့်သည်တွေ မပြတ်လပ်ပါဘူး၊ ပျော်စရာလည်း ကောင်းတယ်၊ နိုင်ငံခြားသားတစ်ယောက်လာရင် ကျွန်တော်တို့ ကျေးရွာဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၁၃၀၀၀ နဲ့ သစ်ပင်တစ်ပင် စိုက်ပျိုးနိုင်ဖို့ ငွေကျပ် ၅၀၀၀ ဝင်ငွေရရှိပါတယ်၊ ဒီလိုဝင်ငွေတွေကြောင့်လည်း ကျေးရွာကလေးက ပိုပြီး ဖွံ့ဖြိုးတိုးတက်လာခဲ့တယ်၊ သဘာဝအလှတရားတွေကိုလည်း ပိုပြီး ထိန်းသိမ်းလာနိုင်ပြီး အဆင့်အတန်းလည်း မြင့်လာတယ်" ဟု ကိုထင်က ပြောသည်။

လက်ရှိတွင် ကချင်ပြည်နယ် အင်းတော်ကြီးအိုင် ပတ်ဝန်းကျင်ဒေသက သာယာလှပသည့် ကျေးရွာများ၊ ကယားပြည်နယ်အတွင်းရှိ လွိုင်ကော်မြို့အနီးမှ ပန်ပက်နှင့် တနီးလာလဲကျေးရွာ၊ ကရင်ပြည်နယ် သံတောင်ကြီးဒေသ၊ ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ လွယ်ခေါ်၊ အင်းနီ၊ ထီးနဲ့ နှင့် ကက္ကူကျေးရွာ၊ မကွေးတိုင်းဒေသကြီးတွင် အင်းရောင်းကျေးရွာအပါအဝင် အခြားကျေးရွာများ၊ စလေမြို့နယ်တွင် မကျီးကန်ကျေးရွာ၊ မန္တလေးတိုင်းဒေသကြီး မင်းကွန်းနှင့် ကျောက်မြောင်းကျေးရွာအကြားတွင်ရှိသည့် ဧရာဝတီလင်းပိုင်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကို အစဉ်တစိုက် လုပ်ဆောင်နေကြသည့် ကျေးရွာသုံးရွာနှင့် တံငါမိသားစုများ နေထိုင်အခြေချရာ တံငါလှေရွာသုံးရွာ၊ စဉ့်ကူးမြို့နယ် ဆီသည်ကျေးရွာနှင့် မြစ်ကမ်းကြီးကျေးရွာ၊ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျိုက်သလဲကျေးရွာ၊ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ရှိ ဆော်လောင်းကျေးရွာနှင့် ဖလမ်းမြို့နယ် တာရွှန်းကျေးရွာ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ကျောက်မြောင်းမြို့နယ်ငြိမ်းကျေးရွာများသည် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဖော်ဆောင်ထားသည့် စီဘီတီကျေးရွာများအဖြစ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ထောင့်တစ်နေရာမှ အားဖြည့် ဆောင်ရွက်နေကြပြီဖြစ်သည်။

**စစ်မှန်တဲ့ ခရီးသွားလုပ်ငန်း**

"ဇလုံတောင်ပတ်ဝန်းကျင်မှာ စီဘီတီစခန်းတွေ ရှိနေပြီဆိုလို့ ကျွန်တော်တို့စုပေါင်းပြီး သွားကြတယ်၊ အလွန်ပျော်စရာကောင်းပြီး မမေ့နိုင်တဲ့ ခရီးစဉ်တစ်ခုပါ၊ ရှမ်းနီတိုင်းရင်းသားတွေရဲ့ရိုးသားလှတဲ့ ဧည့်ဝတ်ကျေပွန်မှုတွေအပြင် ရှားပါးနေပြီဖြစ်တဲ့ ကတူးလူမျိုးစုတွေကိုလည်း တွေ့ခဲ့ရတယ်၊ အထူးသဖြင့်ကတော့ ဒေသရဲ့ရိုးစင်းတဲ့ အစားအသောက်တွေကို သဘာဝနဲ့ လိုက်လျောညီထွေဖြစ်အောင်၊ သန့်ရှင်းအောင်၊ အဆင့်အတန်း ပြည့်မီအောင် လုပ်ဆောင်ပေးထားတယ်၊ လေ့ကျင့်ပေးထားတယ်၊ ဒါက တော်တော်လေး စိတ်ဝင်စားစရာကောင်းတယ်၊ ပတ်ဝန်းကျင်ကို လေ့လာဖို့အတွက်လည်း လမ်းပြတွေရှိတော့ ခရီးသွားရတဲ့ တန်ဖိုးကို အပြည့်အဝရရှိပါတယ်၊ အရင်ကဆိုရင် ကျွန်တော်ခရီးသွားရမှာ စိတ်ပျက်တဲ့အကြောင်းတစ်ခုရှိတယ်၊ ဒေသခံအများစုတွေက ခရီးသွားတွေကို တစ်ခါဆက်ဆံ ဆယ်ခါလန်ဆိုတဲ့အတိုင်း ရသမျှ အချဉ်မှတ်ကြတယ်၊ အခုနောက်ပိုင်းမှာ စီဘီတီကျေးရွာတွေပေါ်လာတော့ တွံတေးကတစ်ခုနဲ့ ဇလုံတောင်နဲ့ သွားခဲ့တော့ အရင်သွားခဲ့ဖူးတာတွေလို လုံးဝမဟုတ်ဘူး၊ တာဝန်သိခရီးသွားလုပ်ငန်းဆိုတာ ခရီးသွားတွေဘက်ကရော၊ ဒေသခံတွေဘက်ကပါ လိုက်နာဖို့ လိုအပ်တယ်၊ ဒါက အားလုံးအတွက် စစ်မှန်တဲ့ ခရီးသွားလုပ်ငန်းပါပဲ" ဟု ခရီးသွားခဲ့သူ ကိုဝေဖြိုးအောင်က ပြောပြသည်။



ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဖော်ဆောင်နိုင်ရန်အတွက် စံသတ်မှတ်ချက်များကို ပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ပြီး ယင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန် ဂျာမနီနိုင်ငံ၊ လူဇင်ဘတ်နိုင်ငံ၊ နော်ဝေနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့နှင့် ပူးပေါင်းပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်း နေပြည်တော်တွင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပကာ စံနှုန်းမူကြမ်းများ ရေးဆွဲဆောင်ရွက်နိုင်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

**စနစ်တကျသင်ကြားပေးလျက်ရှိ**

ထို့အပြင် ရှမ်းပြည်နယ် ဓနုဒေသ ပင်းတယနှင့် ရွာငံမြို့နယ် ကျေးရွာများ၊ ညောင်ရွှေမြို့နယ် လွယ်နွဲ့ဘုရားတောင်ရေဆိပ်ကျေးရွာ၊ စကားကျေးရွာ၊ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဆင်တောင်ကျေးရွာနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ခမိုးညောင်သာယာ-ခိုပြင်ကျေးရွာတို့တွင်လည်း ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းများ မြှင့်တင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။ ကျေးရွာများရှိ ဒေသခံများသည် ဧည့်ခံကျွေးမွေးခြင်းလုပ်ငန်းများကို အဆင့်မြင့်မြင့် ဝန်ဆောင်မှုပေးအပ်နိုင်ရေးအတွက် လေ့ကျင့်သင်ကြားပေးနေသည့်အပြင် ကျေးရွာ၏ သဘာဝအရင်းအမြစ်များနှင့် ယဉ်ကျေးမှုဓလေ့စရိုက်များကိုလည်း မပျက်ယွင်းစေရန် စနစ်တကျ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

တာဝန်သိခရီးသွားလုပ်ငန်းသည် ဒေသခံတစ်ဦးချင်းမှသည် နိုင်ငံအထိ တိုးတက်ဖွံ့ဖြိုးမှုကိုရရှိစေပြီး ခရီးသွားများကိုလည်း ဒေသန္တရဗဟုသုတများ ပေးစွမ်းခြင်း၊ အပန်းပြေမှု၊ စိတ်အေးချမ်းမှုတို့ကိုပါ ပေးစွမ်းနိုင်သည့် ခရီးသွားလုပ်ငန်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းသည် အမျိုးသားအဆင့် ဦးစားပေးကဏ္ဍတစ်ခုဖြစ်ပြီး ပြည်တွင်းလူမှုစီးပွားရေးဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုလျက်ရှိသည်ဖြစ်ရာ ယဉ်ကျေးမှုဆိုင်ရာ ကွဲပြားမှုများနှင့် စစ်မှန်မှုများကို ထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ ဈေးနှုန်းသာမက ထုတ်ကုန်ပစ္စည်းများ ကြွယ်ဝမှု၊ မျိုးကွဲများ ထုတ်လုပ်နိုင်မှုနှင့် အရည်အသွေး ကောင်းမွန်ပြည့်စုံမှုတို့ကို ယှဉ်ပြိုင်ဆောင်ရွက်နိုင်ခြင်း၊ ခရီးသွားဧည့်သည်များ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးတို့ကို ပိုမိုပြုလုပ်ပေးလာနိုင်သည့် ဒေသခံများဖြစ်ရေး၊ ခရီးသွားလုပ်ငန်းအပေါ် ကောင်းမွန်စွာလေ့ကျင့်ပေးခြင်းဖြင့် ကျွမ်းကျင်သော အလုပ်သမားအင်အားစုများ ဖြစ်ပေါ်လာစေရန်အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြခြင်းဖြင့် ရပ်ရွာများ၏ တစ်ဦးချင်းဝင်ငွေမှသည် မိသားတစ်စုချင်း ဝင်ငွေတိုးပွားစေနိုင်ပြီး အဆုံးတွင် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာ အကျိုးပြုနိုင်မည် ဖြစ်ပါကြောင်း။ ။



ဒေသခံများနှင့် နိုင်ငံခြားသားဧည့်သည်များ ခြင်းရက်လုပ်မှုကို စိတ်ပါဝင်စားစွာ ဆောင်ရွက်နေကြစဉ်။

# ဘုရင့်နောင်မင်းတရားကြီးတည်ထားကိုးကွယ်ခဲ့သော တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင်ကောင်းမှုတော်စေတီတော်မြတ်ကြီး

**တက္ကသိုလ်ပွင့်သူအောင်**

**ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးမှ လူမျိုးအသီးသီးတို့သည် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုများရှိကြသည်။ စာပေနှင့်ယဉ်ကျေးမှုသည် လူမျိုးတိုင်းအတွက် အသက်သွေးကြောသဖွယ် အရေးကြီးလှသည်။ စာပေပျောက်လျှင် ယဉ်ကျေးမှုပျောက်မည်။ ယဉ်ကျေးမှုပျောက်လျှင် လူမျိုးလည်းကွယ်ပျောက်နိုင်သည်။ လူမျိုးတိုင်းသည် ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်စာပေများ ထိန်းသိမ်းမထားနိုင်လျှင် တစ်ချိန်ချိန်တွင် ကွယ်ပျောက်သွားနိုင်သည်။ မြန်မာ့သမိုင်းတွင် ပျူလူမျိုးနှင့် ပျူစာပေတို့သည် အထင်အရှားရှိခဲ့သည်။ မကြာသေးမီက ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့သော မြစေတီကျောက်စာတွင် ပျူ၊ မွန်၊ မြန်မာ၊ ပါဠိဘာသာလေးမျိုးဖြင့် ကျောက်ထက်အက္ခရာရေးသားခဲ့ရာ ပုဂံခေတ်၌ပျူလူမျိုးနှင့် ပျူစာပေရှိခဲ့ကြောင်း သက်သေပြလျက်ရှိသည်။ သို့သော် ယနေ့အချိန်အခါတွင် ပျူလူမျိုးနှင့်ပျူစာပေတို့သည် ကွယ်ပျောက်သွားခဲ့ပြီဖြစ်သည်။ လူမျိုးတိုင်း လူမျိုးတိုင်းသည် မိမိတို့စာပေနှင့် မိမိတို့ယဉ်ကျေးမှုကို လေးစားတန်ဖိုးထားတတ်ရန် မီးမောင်းထိုးပြနေခြင်းပင်ဖြစ်သည်။**

### သမိုင်းထဲက ကေတုမတီ

ပျူခေတ်လွန်သောအခါ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်တို့တွင် မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စာပေများထွန်းကားခဲ့ရာ တောင်ငူခေတ်၏ စာပေများမှာ မြန်မာ့စာပေသမိုင်း၌ အထင်ကရမော်ကွန်းတင်ခံရပြီး မြန်မာစာပေမြတ်နိုးသူတိုင်း အထူးတလည်လိုက်စားနေရဆဲဖြစ်သည်။ အထူးသဖြင့် စာပေယဉ်ကျေးမှုအနုကဗျာ၊ လင်္ကာရတု အရေးအဖွဲ့များဖွံ့ဖြိုးလာသော ကေတုမတီ(တောင်ငူ)ကို တည်ထောင်ခဲ့သူမှာ မဟာသီရိဇေယျသူရမင်းကြီးညိုပင်ဖြစ်သည်။ ဘုန်းသမ္ဘာ၊ လက်ရုံးရည်၊ နိုင်ငံ မြို့ရွာစီမံအုပ်ချုပ်ရေးနှင့် စစ်ရေးစစ်ရာစစ်သေနင်္ဂဗျူဟာတို့တွင် သူမတူအောင် ကျွမ်းကျင်ထက်မြက်သော မင်းကြီးညိုသည် ကောဇာသက္ကရာဇ် ၈၇၂ ခုနှစ် (ခရစ်နှစ် ၁၅၁၀)တန်ဆောင်မုန်းလပြည့် အင်္ဂါနေ့ နံနက် ၂ ချက်တီးအချိန်တွင် ကေတုမတီ(တောင်ငူ)မြို့ကြီးကိုစတင်တည်ထောင်ခဲ့ရာ မြန်မာသက္ကရာဇ် ၁၃၈၀ပြည့်နှစ် (ခရစ်နှစ် ၂၀၁၈ ခုနှစ်) တွင် ၅၀၈ နှစ် ပြည့်တော့မည်ဖြစ်သည်။

ကေတုမတီတောင်ငူ၏ မူလအစဖြစ်သော တောင်ငူကြီးမြို့ကို သဝန်ကြီးမင်းက သက္ကရာဇ် ၆၄၁ ခုနှစ် ကဆုန်လဆန်း ၉ ရက် တနင်္လာနေ့ (ခရစ်နှစ် ၁၂၇၉ ဧပြီလ ၂၀ ရက်နေ့)၌ တည်ထောင်ခဲ့သည်။ ယင်းတောင်ငူကြီးမြို့ဟောင်းသည် ရန်ကုန်-မန္တလေး အမြန်ကားလမ်းမကြီး၏ မိုင်တိုင်အမှတ် ၁၄၅ရှိ ခပေါင်းချောင်းကူးတံတားကြီးပေါ်မှ အနောက်ဘက်သို့ လှမ်းမျှော်ကြည့်ပါက မြင်တွေ့ရသည်။ သဝန်ကြီးမင်းသည် သက္ကရာဇ် ၆၄၁ ခုနှစ်၌ တောင်ငူကြီးကို စတင်အုပ်ချုပ်ခဲ့ရာ မင်းဆက်ပေါင်း ၂၉ ဆက် မြောက် မင်းကြီးညိုအထိ နှစ်ပေါင်း ၂၀၆ နှစ်တိုင် ကြာမြင့်စွာ တည်ရှိခဲ့သည်။ မင်းကြီးညိုမှစ၍ နောက်ပိုင်း တောင်ငူမင်းဆက်ပေါင်း ခုနစ်ဆက်ရှိရာ နတ်ရှင်နောင်မင်းမှာ မင်းဆက် ၃၆ ဆက်မြောက်ဖြစ်ပြီး သက္ကရာဇ် ၉၇၄ ခုနှစ်အထိ ဖြစ်သည်။

အထူးသဖြင့်မင်းကြီးညိုသည် ဘုန်းသမ္ဘာ၊ လက်ရုံးရည်၊ နှလုံးရည်၊ နိုင်ငံ မြို့ရွာစီမံအုပ်ချုပ်ရေးနှင့် စစ်ရေးစစ်ရာ၊ စစ်သေနင်္ဂဗျူဟာတို့တွင် သူမတူအောင်ကျွမ်းကျင်ထက်မြက်တော်မူသဖြင့် မင်းကြီးညိုမှအစပြုခဲ့သော တောင်ငူမင်းဆက်သည် မကြာမီ မြန်မာနိုင်ငံတော်ကြီးတစ်ခုလုံးကို စည်းရုံးသိမ်းသွင်းရန် အခြေခံကောင်းတစ်ခုကို တည်ဆောက်နိုင်ခဲ့သည်။ မင်းကြီးညို၏မိဖုရား ရာဇဒေဝီသည် သက္ကရာဇ် ၈၇၇ ခုနှစ် ကဆုန်လပြည့်ကျော် ၁ရက်ဗုဒ္ဓဟူးနေ့၌ သားတော်တစ်ပါး ဖွားမြင်ခဲ့သည်။ ထိုအခါ မိုးကြီးသည်းထန်စွာရွာ၍ မိုးသားများ ကျခြင်း၊ မိုးအလုံးလည်းမီးလောင်သကဲ့သို့ နီမြန်းခြင်းစသော နိမိတ်တို့ အထင်အရှားဖြစ်သည်ကို မင်းကြီးညိုမြင်သောအခါ သားတော်ကို တပင်ရွှေထီးဟု အမည်ပေးခဲ့သည်။

ထို့နောက် သက္ကရာဇ် ၈၉၂ ခုနှစ်တွင် မင်းကြီးညို နတ်ရွာစံတော်မူခဲ့ရာ သားတော်တပင်ရွှေထီးသည် ကေတုမတီမြို့၌ နန်းတက် တော်မူခဲ့သည်။ သက္ကရာဇ် ၈၉၄ ခုနှစ် သက်တော် ၁၇ နှစ်၌ တပင်ရွှေထီးသည် ပဲခူးမြို့ရွှေမော်ဓောစေတီ၌ နားထွင်း မင်္ဂလာပြုလိုသည်ဟု မြင်းစစ်သည်တော် ၄၀ ကျော်နှင့် ရဲဝံ့စွာ သွားရောက် နားထွင်းတော်မူသည်။ ထိုသတင်းကို တလိုင်း မင်းသုရှင်တကာရွတ်ပိကြားလျှင် စစ်သည်ဗိုလ်ပါများစွာနှင့် ကုန်းတော်ခြေရင်းမှဝိုင်းရံခဲ့သည်။ သို့သော် တပင်ရွှေထီးသည် ရန်သူများ ဝိုင်းရံထားသည့်ကြားက မကြောက်မရွံ့ အတင်းထိုးထွက်တော်မူခဲ့သည်။ ထို့နောက် တပင်ရွှေထီးနန်းတက်သောအခါ လက်ယာ လက်ရုံးကဲ့သို့အားကိုးတော်မူရသော စစ်သူကြီး ကျော်ထင်နော်ရထာကို ပဌမကျော်ထင်နော်ရထာဘွဲ့ကိုပေး၍ နောက်ပိုင်းတွင်ဘုရင့်နောင်ဟူသောဘွဲ့ကို ပေးတော်မူခဲ့သည်။ တပင်ရွှေထီးသည် ဟံသာဝတီကို ရရှိပြီးနောက် မင်းတရားရွှေထီးက ရေကြောင်းမှ လည်းကောင်း၊ ယောက်ဖတော် ဘုရင့်နောင်က ကြည်းကြောင်းမှ လည်းကောင်း၊ မွန်တို့တပ်ကိုတိုက်ခိုက်ခဲ့သည်။ ယင်းတိုက်ပွဲ၌ ဘုရင့်နောင်၏ နောင်ရိုးတိုက်ပွဲသည် ယနေ့ထက်တိုင် ကျော်ကြားထင်ရှားခဲ့သည်။ ယင်းတိုက်ပွဲတွင် နောင်ရိုးချောင်းတစ်ဖက်ကမ်းရှိ မွန်တို့တပ်ချလျက်ရှိရာ ဖောင်များဖွဲ့၍ ဘုရင့်နောင်တပ်များက တစ်ဖက်ကမ်းသို့ ကူးရသည်။ တစ်ဖက်ကမ်းသို့ ရောက်သောအခါ ဘုရင့်နောင်က မိမိတပ်သားများ စိတ်နှစ်ခွမဖြစ်ရန် ဖောင်များကို ဖျက်ပစ်ခဲ့သည်။



ယင်းကဲ့သို့ အစီအမံများကြောင့် နောင်ရိုးတိုက်ပွဲကို အောင်မြင်ပြီးနောက်မှ ဘုရင့်နောင်ဘွဲ့ကိုခံယူခဲ့သည်။ မင်းတရားရွှေထီးသည် တောင်ငူမှပြောင်းရွှေ့၍ ဟံသာဝတီတွင် ထီးနန်းအုပ်စိုးခဲ့သည်။ ထို့နောက် သက္ကရာဇ် ၉၁၂ ခုနှစ် ညတစ်ညတွင် တပင်ရွှေထီးသလွန်ပေါ်တွင် အိပ်စက်နေစဉ် စစ်တောင်းစား သမိန်စောထွင်၏ ညီ လက်ဝဲတံခါးမှူး လုပ်ကြံခြင်းကိုခံခဲ့ရ၍ တပင်ရွှေထီးနတ်ရွာစံတော်မူခဲ့သည်။ မင်းတရားရွှေထီးနတ်ရွာစံပြီးနောက် မြန်မာနိုင်ငံတွင်နိုင်ငံရေးအခြေအနေ မတည်မငြိမ်ဖြစ်ပေါ်လာခဲ့သည်။ ဤအချက်ကို အခွင့်ကောင်းယူ၍ ယိုးဒယားတို့သည် ဆက်သမြဲဖြစ်သော အခွန်ဘဏ္ဍာများကို မဆက်သဘဲနေခဲ့သည်။ ထိုအကြောင်းကြောင့်ပင် မင်းတရားရွှေထီးကို ဆက်ခံသော ဘုရင့်နောင်ကျော်ထင်နော်ရထာလက်ထက်တွင် မြန်မာ-ယိုးဒယားစစ်ပွဲများ ပြန်လည် ပေါ်ပေါက်လာခဲ့သည်။ သို့သော် ဘုရင့်နောင်သည် စစ်ပွဲအားလုံးကို အနိုင်ရရှိခဲ့သည်။ သက္ကရာဇ် ၉၁၂ ခုနှစ်တွင် ဘုရင့်နောင်ကျော်ထင်နော်ရထာသည်တောင်ငူကိုသိမ်းယူပြီးမှ နိုင်ငံတော်ကို ချဲ့ထွင်တော်မူခဲ့သည်။ ဘုရင့်နောင်သည် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့သည်။

### ကောင်းမှုတော်စေတီတော်မြတ်တည်တော်မူခြင်း

ဘုရင့်နောင်မင်းတရားကြီးသည် ရေအား၊ ကြည်းအားနှစ်ဖက်ညှပ်၍ အေဒီ ၁၅၅၀ မြန်မာသက္ကရာဇ် ၉၁၂ ခုနှစ်တော်သလင်းလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့၌ ကေတုမတီတောင်ငူသို့ ချီတော်မူခဲ့ရာ အေဒီ ၁၅၅၀၊ မြန်မာသက္ကရာဇ် ၉၁၂ ခုနှစ် တပို့တွဲလဆန်း ၇ ရက် တနင်္ဂနွေနေ့တွင် ကေတုမတီတောင်ငူကို သိမ်းပိုက်နိုင်ခဲ့သည်။ ထို့နောက် ဘုရင့်နောင်မင်းတရားကြီးသည် ကောင်းမှုတော်စေတီတော်မြတ်ကို မိမိ၏မိဖုရားကြီး အတုလသီရိမဟာရာဇဒေဝီကို လွှဲအပ်တည်တော်မူစေခဲ့သည်။ တောင်ငူမြို့ ကောင်းမှုတော်စေတီတော်မြတ်ကြီးသည် ကေတုမတီတောင်ငူမြို့မှ တောင်ငူတက္ကသိုလ်သို့သွားသောကားလမ်းနံဘေး၌တည်ရှိပြီး တောင်ငူမြို့နှင့် သုံးမိုင်ကွာဝေးသည်။ ယင်းကောင်းမှုတော်စေတီတော်မြတ်ကြီးသည် တောင်ငူမြို့နယ် လဲဘူးကျေးရွာအုပ်စု လဲဘူးရွာသစ်ရှိ ကွင်းအမှတ် ၅၄၈-ခ ကောင်းမှုတော်ကွင်း၌ တည်ရှိသည်။ ကောင်းမှုတော်စေတီတော်မြတ်ကြီး၏ သာသနာ့မြေဧရိယာ အကျယ်အဝန်းမှာ ၈ ဒသမ ၁၂ ဧက ရှိသည်။

### ဒုတိယအကြိမ် ကောင်းမှုတော်စေတီမြတ်ကြီးကို ပြုပြင်မွမ်းမံခြင်း

ထို့နောက် အေဒီ ၁၅၈၄ မြန်မာသက္ကရာဇ် ၉၄၆ ခုနှစ်၌ တောင်ငူမြို့ ရွှေဆံတော် ဘုရားဒါယကာ တောင်ငူဘုရင်မဟာသီဟသူရ ဓမ္မရာဇာမင်းနတ်ရွာစံတော်မူခဲ့ရာ သားတော်ကြီး မင်းရဲကျော်ထင်ဘွဲ့ခံအိမ်ရှေ့မင်းသည် မင်းရဲသီဟသူဟူသည့်ဘွဲ့ဖြင့် ခမည်းတော်အရိုက်အရာကို ခံယူတော်မူခဲ့သည်။ မင်းရဲသီဟသူမင်းကြီးသည် တောင်ငူကေတုမတီရွှေနန်းတော်ကို အသစ်တစ်ဖန် တည်ဆောက်ခဲ့သောကြောင့် တိုင်းသူပြည်သားများက “ရွှေနန်းတည်မင်း” ဟု ခေါ်ဝေါ်ခဲ့ကြသည်။ ရွှေနန်းတည်မင်း၏ မိဖုရားကြီး အမည်မှာ “မင်းခင်စော” ဖြစ်ပြီး ထိုမင်းကြီးနှင့် မိဖုရားကြီးတို့မှ သားတော်ကြီး နတ်ရှင်နောင်နှင့် သားတော်သုံးပါး ဖွားမြင်တော်မူခဲ့သည်။

ရွှေနန်းတည်မင်းခေါ် မင်းရဲသီဟသူမင်းကြီးသည် ကေတုမတီတောင်ငူမြို့ကို ပြုပြင်တည်ဆောက်ခဲ့ရာ၌ နန်းတော်အနောက် ကြာအင်းကို ထပ်မံတူးချဲ့ပြင်ဆင်ပြီး ကျွန်းလေးကျွန်းထားလျက် လေးကျွန်းကန်တော်ဟု သမုတ်ပြီးလျှင် အလယ်တွင် ရေနန်းတော်ဆောက်လုပ်လျက် တစ်ခါတစ်ရံ စံနေတော်မူသည်။ မင်းရဲသီဟသူမင်းကြီးသည် ဘုရင့်နောင်၏ မိဖုရားကြီး အတုလသီရိမဟာရာဇဒေဝီတည်ထားတော်မူခဲ့သော ကောင်းမှုတော်စေတီတော်မြတ်ကြီးအား ဉာဏ်တော်ငါးတောင်နှစ်မိုက်မြှင့်၍ ပြန်လည်ပြင်ဆင် ပြုပြင်မွမ်းမံတော်မူခဲ့သည်။ ထို့နောက် ကောင်းမှုတော်စေတီတော်မြတ်ကြီးတွင် မင်းရဲသီဟသူမင်းကြီး ပဲခူးမြို့ကို သိမ်းပိုက်ခဲ့စဉ်က ရရှိခဲ့သော ဓာတ်တော်များ၊ ဆင်းတုတော်များကို ဌာပနာထည့်သွင်းမြှုပ်နှံ၍ ရွှေငွေရုပ်တုများ၊ ကိုယ်လေးတော်များကို ထည့်သွင်းပူဇော်ခဲ့သည်။ ထို့အပြင် ကောင်းမှုတော်စေတီတော် ကုန်းတော်ပတ်ဝန်းကျင်၌ တန်ဆောင်းကြီးများ ဆောက်လုပ်၍ ဆရာတော်ကြီးများအား ဆွမ်းသင်ပုတ်စင်စေလျက် ပစ္စည်းလေးပါး လှူဒါန်းတော်မူခဲ့သည်သာမက ဆင်းရဲသူ ဆင်းရဲသားများအားလည်း မျိုးရိက္ခာတို့ကို လှူဒါန်းပေးခဲ့သည့် အပြင် အကျဉ်း၌ ကျခံနေရသော အကျဉ်းသားများကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးကာ အနုမောဒနာပြုခဲ့သည်။

### တတိယအကြိမ် ကောင်းမှုတော်စေတီတော်မြတ်ကြီးကို ပြုပြင်မွမ်းမံခြင်း

ကေတုမတီတောင်ငူမြို့ ကောင်းမှုတော်စေတီတော်မြတ်ကြီးကို ဘုရင့်နောင်မင်းတရားကြီးနှင့် မိဖုရားကြီး အတုလသီရိ မဟာရာဇဒေဝီတို့သည် ခရစ်နှစ် ၁၅၅၁ ခုနှစ်က စတင်တည်တော်မူခဲ့ပြီး ဒုတိယအကြိမ် ရွှေနန်းတည်မင်းကြီးနှင့် မိဖုရားကြီးတို့သည် ခရစ်နှစ် ၁၆၀၂ ခုနှစ်၌ ပြန်လည်ပြင်ဆင် ပြုပြင်မွမ်းမံခဲ့ကြသည်။ ခရစ်နှစ် ၁၈၈၅ ခုနှစ်မှစ၍ မြန်မာနိုင်ငံသည် နယ်ချဲ့လက်အောက် ရောက်ရှိသွားခဲ့ရာ ကောင်းမှုတော်စေတီတော်မြတ်ကြီးမှာ ပြုပြင်မွမ်းမံသူမရှိခဲ့၍ ပြိုပျက်ခဲ့ပြီး တောချုံများ ဖုံးကွယ်ခဲ့ရသည်။ မြန်မာသက္ကရာဇ် ၁၂၄၁ခုနှစ် ခရစ်နှစ် ၁၈၇၉ ခုနှစ်၌ တောင်ငူမြို့ ရခိုင်စုကျေးရွာမှ တောလိုက် ဝါသနာပါသူ ဦးဖိုးချွန်သည် တောကြောင်ကို လိုက်လံရှာဖွေခဲ့ရာ စေတီဟောင်းကြီးအဖြစ် ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေသည်ကိုတွေ့ခဲ့ပြီး တောကြောင်ကို လိုက်ဖမ်းခဲ့သော်လည်း တောကြောင်ကို မတွေ့ရဘဲ တွင်းဟောင်းကြီးထဲ၌ ရွှေကြုတ်၊ ငွေကြုတ်များ၊ ဓာတ်တော်များ၊ ရုပ်ပွားတော်များကို တွေ့ခဲ့သည်။ ဦးဖိုးချွန်သည် ရွာထဲရှိ လူကြီးများဖြစ်ကြသော ဦးမောင်ကြီးနှင့် ဦးနုတို့အား မိမိ၏ တွေ့မြင်မှုများကို သတင်းပို့ခဲ့သည်။ ဦးမောင်ကြီးနှင့်ဦးနုတို့သည် ဦးဖိုးချွန်တွေ့ရှိခဲ့သောနေရာသို့ လိုက်လံကြည့်ရှုပြီး အတွင်းရှိပစ္စည်းများကို ယူလာခဲ့ကြကာ ပြည်သူများ ဖူးမြော်နိုင်ရန် မိန့်တော်မူလေသည်။ ထို့နောက် ကောင်းမှုတော်စေတီတော်ကြီးကို ဖုံးလွှမ်းနေသော ချုံနွယ်ပိတ်ပေါင်းတို့ကို စုပေါင်းရှင်းလင်းကြကာ စေတီတော်မြတ်ကြီးကို ကိုယ့်အားကိုယ်ကိုး ပြုပြင်၍ မြို့သူမြို့သားများကပါ ဝိုင်းဝန်းလှူဒါန်းပြီး ပြုပြင်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၄၁ ခုနှစ် တပို့တွဲလ ၁၂ ရက်၌ စေတီတော်မြတ်ကြီးကို ထီးတော်တင်လှူကြသည်။ ထိုထီးတော်တင်ပွဲ၌ ပန်းရထားကြီးကို စီးလျက်လိုက်ပါခဲ့ရာ၌ လဲဘူးကျေးရွာ တောင်ဘက် ရေချမ်းရွာမှ ဦးဖိုးကျွန်းသည် ပန်းရထားကြိုးပြတ်ကာ မြေပြင်ပေါ်သို့ လွင့်စဉ်ကျသွားပြီး အနိစ္စရောက်ခဲ့သည်။ ထို့နောက် ကွမ်းတစ်ယာညက်ခန့် အကြာတွင် ထီးတော်တင်ပွဲသို့ လာရောက်ကြသော ဘုရားဖူးပြည်သူများအတွင်းမှ မိန်းမကြီးတစ်ဦးကို ဦးဖိုးကျွန်းက ပူးကပ်၍ မိမိမှာ ဖိုးကျွန်းဖြစ်ကြောင်း ငိုယို၍ ပြောသည်။ လူကြီးများက မင်းဖိုးကျွန်းမှန်ခဲ့လျှင် မင်း၏ ဆွေစဉ်မျိုးဆက်အဖြစ်အပျက်ကို ပြောနိုင်ပါမှ မိမိတို့ယုံကြည်နိုင်မည်ဖြစ်ကြောင်း ပြောသည်။ ဦးဖိုးကျွန်းက အဖြစ်အပျက်အမှန်များကို ပြောပြနိုင်ခဲ့သဖြင့် လူကြီးများက ယုံကြည်သွားကြပြီး ဦးဖိုးကျွန်း အလိုရှိသည်များကို ပြောပြစေရာ ဦးဖိုးကျွန်းက “ကျွန်တော် ဤဘုရားကြီးကို စောင့်ရှောက်ပါမည်၊ ကျွန်တော်နေထိုင်ရန် နတ်ကွန်းတစ်ခု ဆောက်ပေးပါ၊ တပို့တွဲလ ဘုရားပွဲဖြစ်တိုင်း ကျွန်ုပ်ကို ဖျင်ဖြူ၊ ဖျင်နီနှင့် အလံဖြူ၊ အလံနီများနှင့် နတ်ပွဲပါ ပေးပါ” ဟု တောင်းဆိုခဲ့သည်။ ယင်းတောင်းဆိုခဲ့သည့်အတိုင်း ဆောင်ရွက်ပေးခဲ့ရာ ယခုထက်တိုင် ရိုးရာအဖြစ် အစဉ်အလာ ရှိနေသည်။

### ကောင်းမှုတော်စေတီတော်မြတ်ကြီး၏ မဟာအောင်မြေ

ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သော ဘုရင့်နောင်မင်းတရားကြီးနှင့် အတုလသီရိ မဟာရာဇဒေဝီ မိဖုရားကြီးတို့ တည်ထားကိုးကွယ်ခဲ့သည့် ကောင်းမှုတော် စေတီတော်မြတ်ကြီးတွင် ဘုရင့်နောင်မင်းတရားကြီး၏ မဟာအောင်မြေတည်ရှိသည်။ ဘုရင့်နောင်မင်းတရားကြီးသည် မြန်မာသက္ကရာဇ် ၉၁၂ ခုနှစ်တွင် ပြည်မြို့သို့ ပထမအကြိမ် ချီတက်ခဲ့ရာ အောင်မြင်မှုမရ၍ မြန်မာသက္ကရာဇ် ၉၁၃ ခုနှစ် ဝါဆိုလပြည့်ကျော် ၂ ရက် ဗုဒ္ဓဟူးနေ့တွင် ကေတုမတီသို့ ပြန်လည်ချီတက်ခဲ့သည်။ ထို့နောက် ပြည်သို့ ဒုတိယအကြိမ် ချီတက်ရန် ပြင်ဆင်ပြီး စစ်မထွက်မီ ကောင်းမှုတော်စေတီ တော်မြတ်ကြီးကို ပြုလုပ်ရန် စီမံဆောင်ရွက်၍ အောင်မြေနင်းသည်။ ထို့နောက် မြန်မာသက္ကရာဇ် ၉၁၃ ခုနှစ် တော်သလင်း လပြည့်ကျော် ၆ ရက် ကြာသပတေးနေ့တွင် သရေခေတ္တရာသို့ ဒုတိယအကြိမ် ချီတက်တိုက်ခိုက်ခဲ့သည်။ ထိုသို့ ဒုတိယအကြိမ် ပြည်သို့ ချီတက်တိုက်ခိုက်ခဲ့ရာတွင် အခက်အခဲမရှိ။ တိုက်ပွဲ အောင်မြင်ခဲ့သဖြင့် ကောင်းမှုတော်စေတီတော်မြတ်ကြီး၏ မဟာအောင်မြေသည် ထိုစဉ်မှစ၍ ယခုထက်တိုင် ထင်ရှားခဲ့သည်။

ဘုရင့်နောင်မင်းတရားကြီး၏ မဟာအောင်မြေသည် ကေတုမတီတောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် ကောင်းမှုတော် စေတီတော်မြတ်ကြီးအတွင်း ခံ့ညားစွာထည်ထည်ဝါဝါ တည်ရှိနေပြီး အလိုရှိသမျှ ဆုတောင်း၍ အောင်မြေကို နင်းပါက ပြည့်ဝပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**“ဘုရင့်နောင်မင်းတရားကြီးသည် ကောင်းမှုတော်စေတီတော်မြတ်ကို မိမိ၏ မိဖုရားကြီး အတုလသီရိမဟာရာဇဒေဝီကို လွှဲအပ်တည်တော်မူစေခဲ့သည်။ တောင်ငူမြို့ ကောင်းမှုတော်စေတီတော်မြတ်ကြီးသည် ကေတုမတီတောင်ငူမြို့မှ တောင်ငူတက္ကသိုလ်သို့သွားသော ကားလမ်းနံဘေး၌ တည်ရှိပြီး တောင်ငူမြို့နှင့် သုံးမိုင်ကွာဝေးသည်”**

မြန် မာ့ ရိုး ရာ အား က စား

# ပြည်ပလေးနိုင်ငံမှ လက်ဝှေ့ကျော်များ ယှဉ်ပြိုင်ထိုးသတ်သည့် ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဒုတိယမြောက်ကွာတားခရီးစဉ် ဘယ်သူတွေကျော်ဖြတ်ကြမလဲ......

သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး MMTS နှင့် H & S Group တို့မှ တာဝန်ယူကျင်းပလျက်ရှိသော ပြည်ပလေးနိုင်ငံမှ လက်ဝှေ့ကျော်များယှဉ်ပြိုင်ထိုးသတ်သည့် ရိုးရာလက်ဝှေ့လောက၏ ပထမဆုံးသော Lethwei Nation 50th Media Championship 2018ပြိုင်ပွဲကြီး၏ ပထမကွာတားဖိုင်နယ်ပွဲစဉ်များကို ပြီးခဲ့သော ဧပြီ ၂၉ ရက်က ရန်ကုန်မြို့သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပခဲ့ပြီးဖြစ်သည်။

**လာရောက်အားပေးကြည့်ရှုမှု နည်းနေ**

ပြိုင်ပွဲကြီးကို ပွဲစီစဉ်သူများအနေဖြင့် ဘက်ပေါင်းစုံမှ လိုလေသေးမရှိ မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပခဲ့သော်လည်း ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ အသိနည်းခဲ့၍လား၊ ပထမကွာတားဖိုင်နယ်ပွဲစဉ်များပင် ဖြစ်နေ၍လား၊ ရိုးရာလက်ဝှေ့ချစ်ပြည်သူများ၏ စိတ်ကြိုက်ပွဲများ မပါဝင်ခဲ့၍လား၊ CANAL+ မှ တိုက်ရိုက်ထုတ်လွှင့်ခဲ့မှုကြောင့်လားမသိ။ ရိုးရာလက်ဝှေ့ချစ်ပရိသတ်များ ရုံအတွင်း ဝင်ရောက်အားပေးကြည့်ရှုမှုမှာ ယခင်နှစ် အမှတ်ပေးပြိုင်ပွဲကြီးများနှင့်မတူ စည်ကားမှုနည်းခဲ့သည်ကို မြင်တွေ့ခဲ့ရသည်။ ပြည်ပနိုင်ငံခြားသားများ အနည်းငယ်လာရောက်အားပေးမှုရှိခဲ့သော်လည်း ပြည်တွင်းရိုးရာလက်ဝှေ့ချစ် ပရိသတ်များအနေဖြင့် ယခင်နှစ်ပြိုင်ပွဲများကဲ့သို့ မဟုတ်ဘဲ လာရောက်အားပေးကြည့်ရှုမှု နည်းနေသည်မှာ သိသာလှသည်။

ဒုတိယမြောက် ကွာတားဖိုင်နယ်ပွဲစဉ်များကို လာမည့် မေ ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ဆက်လက်ကျင်းပတော့မည်ဖြစ်သည်။ ပြီးခဲ့သော ဧပြီ ၂၉ ရက် ပထမ ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ၅၇- ၆၁ ကီလိုတန်းမှ စောဖိုးထွန်း(သတ္တိ)က ဆလိုင်းချမ်းမြေ့ကို (ရွှေဘားလား/ဘားအံ)ကို အမှတ်ဖြင့်လည်းကောင်း၊ ယျူးခလိန်းမင်း(မြိုင်ကလေးဘိလပ်မြေစက်ရုံ)က နောင်အို(လာအို) ကိုတတိယအချီတွင် အလဲထိုးဖြင့်လည်းကောင်း အနိုင်ယူကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားခဲ့သည်။

**ဆီမီးဖိုင်နယ်ပွဲစဉ်သို့ တက်လှမ်းသွား**

အလားတူ ၆၂- ၆၆ ကီလိုတန်းပြိုင်ပွဲတွင် ရဲတံခွန်(အဖြူရောင်သွေးသစ်)က မူလာ(ဘရာဇီး)ကို ဒုတိယအချီတွင် အလဲထိုးဖြင့်အနိုင်ခဲ့ပြီး ၆၇- ၇၁ ကီလိုတန်းပြိုင်ပွဲတွင် ကျော်ထက်(ယူနိုက်တက်)က ဆလန်ဒန်(လာအို)ကို အလဲထိုးဖြင့်လည်းကောင်း၊ စန်းသူရဦး(တိုက်ဂါး)က သီရာဂို(ဘရာဇီး)ကို အလဲထိုးဖြင့်လည်ကောင်း၊ ကြယ်စင်ဖြိုး(ရိုးရာပုဂံ)က နုတ်ဖလတ်(ထိုင်း)ကို တတိယအချီတွင် အလဲထိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရကာ ဆီမီးဖိုင်နယ်ပွဲစဉ်သို့ တက်လှမ်းသွားကြပြီ ဖြစ်သည်။

ထူးခြားမှုမှာ ပထမကွာတားဖိုင်နယ်ပွဲစဉ်တွင် ပြည်ပ မွေ့ထိုင်းလက်ဝှေ့ကျော်များအနေဖြင့် ပြည်တွင်း လက်ဝှေ့သမားများအား အားလုံးအလဲထိုးဖြင့် ရှုံးနိမ့်သွားခဲ့သည်။

"အခုကျင်းပနေတဲ့ Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီးမှာ ပြည်ပအားကစားသမားတွေ ဝင်ရောက်ယှဉ်ပြိုင်လာတာကို တွေ့ရတယ်၊ ကောင်းပါတယ်၊ ဒါဟာ ရိုးရာလက်ဝှေ့လောကရဲ့တိုးတက်မှုတစ်ခုလည်းဖြစ်ပါတယ်၊ ဒါပေမယ့် ဒီလက်ဝှေ့သမားတွေဟာ ရိုးရာလက်ဝှေ့ကို အတွေ့အကြုံ မရှိသေးတဲ့သဘောမျိုး တွေ့ရတယ်၊ ထိုးကြေးရလို့ လာပြီးဝင်ရောက်ထိုးတဲ့သဘောမျိုး မြင်တွေ့ရတယ်၊ ဒီလိုပြိုင်ပွဲမျိုးမှာ တကယ်ရိုးရာလက်ဝှေ့ပွဲ အတွေ့အကြုံရှိတဲ့ ပြည်ပကစားသမားတွေ လာရောက်ယှဉ်ပြိုင်ရင်တော့ ဒီထက်ပွဲက ပိုမြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လာပြီး ပရိသတ်လည်း လာရောက်အားပေးသူ ဒီထက်ပိုများလာမယ်လို့ မြင်ပါတယ်"ဟု အဆိုပါပြိုင်ပွဲကြီးသို့ လာရောက်အားပေးသော ရိုးရာလက်ဝှေ့ချစ်ပြည်သူတစ်ဦးဖြစ်သည့် ဦးမြင့်ဇော်ကပြောသည်။



ဧပြီ ၂၉ ရက် ကွာတားဖိုင်နယ်ပွဲစဉ်တွင် ကြယ်စင်ဖြိုး(အဖြူရောင်သွေးသစ်)၏ ဘယ်ခြေကန်ချက် နုတ်ဖလတ်(ထိုင်း)အား ထိစဉ်။

**ယှဉ်ပြိုင်ထိုးသတ်သွားမည်**

Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီး၏ ဒုတိယမြောက် ကွာတားဖိုင်နယ် ၅၇-၆၇ ကီလိုတန်းတွင် ဒေါင်းဖြူလေး(Adventure)နှင့် ခွမ်းဖစ်(ထိုင်း)၊ ရဲသွေးနီ(တောင်ကလေး)နှင့် ပင်ဖစ် (ထိုင်း)၊ ၆၂- ၆၆ ကီလိုတန်းပြိုင်ပွဲတွင် စိုးထက်ဦး(Phoenix)နှင့် ဆူနိအို့(ထိုင်း)၊ စောမင်းအောင် (တောင်ကလေး) နှင့် ဗထူးမောင်(ရတနာပုံ)၊ ၆၇-၇၁ ကီလိုတန်းပြိုင်ပွဲတွင် ကျားပေါက် (ရန်စစ်ငြိမ်း)နှင့် ကျောက်လျှမ်းလီ(တရုတ်)၊ ဒေါနအောင် (Phoenix)နှင့် မင်းမောင်မောင်(တောင်ကလေး) တို့ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ တခြားမျိုးဆက်သစ်ပွဲစဉ်များအဖြစ် ကျော်ဝင်းအောင်(အဖြူရောင်သွေးသစ်)နှင့် ထွန်းဘွား(ရွှေသထုံ)တို့က လေးချီ၊ မိုးယံ (ရွှေသထုံ)နှင့် မိုက်မိုက်(STL) တွဲဆိုင်းက သုံးချီဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။

**ထိပ်ဆုံးနိုင်ငံများထဲတွင် ရပ်တည်**

မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲသို့ ၆၇-၇၁ ကီလိုတန်းမှ တရုတ်ကိုယ်ခံပညာကစားသမားအနေဖြင့် ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည့် ကျောက်လျှမ်းလီမှာ အသက် ၂၇ နှစ်ရှိ မွေ့ထိုင်းလက်ဝှေ့ကစားသမား တစ်ဦးဖြစ်ပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်း ၄၂ ပွဲတွင် နိုင်ပွဲ ၂၈ ပွဲ၊ ရှုံးပွဲ ၁၄ ပွဲရလဒ်ပိုင်ဆိုင်ထားသော လက်ဝှေ့သမားတစ်ဦးဖြစ်သည်။ ယခုကျင်းပလျက်ရှိသော Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီး၏ မှတ်တမ်းသစ်ရေးထိုးနိုင်မှုမှာ မြန်မာနိုင်ငံသို့ ရိုးရာလက်ဝှေ့ပြိုင်ပွဲများတွင် တစ်ကြိမ်တစ်ခါမျှ လာရောက်ယှဉ်ပြိုင်ထိုးသတ်မှုမရှိသေးသော ကမ္ဘာ့ကိုယ်ခံပညာ၌ ထိပ်ဆုံးနိုင်ငံများထဲတွင် ရပ်တည်လျက်ရှိသော တရုတ်နိုင်ငံမှ လာရောက်ယှဉ်ပြိုင်ထိုးသတ်ခြင်းဖြစ်သည်။

ကျောက်လျှမ်းလီနှင့် ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာ့ရိုးရာလက်ဝှေ့သမားမှာ ကျားပေါက်(ရန်စစ်ငြိမ်း)ဖြစ်ကာ ရိုးရာလက်ဝှေ့လောကတွင် သမ္ဘာရင့် လက်ဝှေ့သမားကောင်းတစ်ဦးဖြစ်ပြီး တစ်ကြိမ်တစ်ခါမျှ လာရောက်ယှဉ်ပြိုင်ဖူးခြင်းမရှိသော တရုတ်မွေ့ထိုင်း ကစားသမားနှင့် တွေ့ဆုံရာတွင် ဘယ်သူ ဆီမီးဖိုင်နယ်သို့ တက်လှမ်းမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

"လတ်တလော ရိုးရာလက်ဝှေ့ပြိုင်ပွဲတစ်ရပ်အနေဖြင့် အမှတ်ပေးပြိုင်ပွဲဖြစ်တဲ့ Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီးကို ရန်ကုန်မြို့သိမ်ဖြူ



ကျားပေါက်(ရန်စစ်ငြိမ်း)



ကျောက်လျှမ်းလီ(တရုတ်)

ရိုးရာလက်ဝှေ့အားကစားရုံမှာ ကျင်းပနေပါတယ်၊ ဒီပြိုင်ပွဲဟာ အရင်အမှတ်ပေးပြိုင်ပွဲတွေနဲ့မတူတာက တစ်ဆင့်ချင်းစီတိုင်းမှာ အားကစားသမားတွေအတွက် ထိုးကြေးပေးနိုင်ဖို့ စီစဉ်ထားပါတယ်၊ မြန်မာ့ရိုးရာလက်ဝှေ့လောကမှာ ခုနောက်ပိုင်း ပထမတန်း လက်ဝှေ့သမားပေါ်ထွန်းလာမှုက နှေးကွေးနေတယ်၊ ပြီးတော့ ဒီပြိုင်ပွဲကြီး ကျင်းပရတဲ့ အဓိကရည်ရွယ်ချက်က ရှားပါးလာတဲ့ ပထမတန်းလက်ဝှေ့ကျော်တွေ ပေါ်ထွက်လာဖို့ပါ၊ အခုကျင်းပနေတဲ့ Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီးမှာ နာမည်မရသေးသော်လည်း နောင်အလားအလာရှိမယ့် တက်သစ်စလက်ဝှေ့သမားလေးတွေကို ထည့်သွင်းထားပါတယ်၊ နောက်တစ်ခု ထူးခြားမှုက ဒီမြန်မာနိုင်ငံကို ရိုးရာလက်ဝှေ့နဲ့ပတ်သက်ပြီး တစ်ကြိမ်တစ်ခါမှ လာရောက်ယှဉ်ပြိုင်ထိုးသတ်ခြင်းမရှိသေးတဲ့ တရုတ်မွေ့ထိုင်းကစားသမား လာရောက်ယှဉ်ပြိုင်ထိုးသတ်မှာ ဖြစ်ပါတယ်"ဟု အဆိုပါ Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီးကို ဦးဆောင်စီစဉ်သူ ဦးစိုးဇော်ဇော်က ပြောသည်။

လာမည့် မေ ၁၃ ရက်တွင် Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီး၏ ဒုတိယနေ့ကွာတာဖိုင်နယ်ပွဲစဉ်များတွင် ၆၇- ၇၁ ကီလိုတန်း၌ လက်ဝှေ့သမ္ဘာရင့် ဒေါနအောင်(Phoenix)နှင့် မင်းမောင်မောင်(တောင်ကလေး)တို့လည်း ဆီမီးဖိုင်နယ်တက်ရောက်နိုင်ရေးအကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ မင်းမောင်မောင်(တောင်ကလေး)သည် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်း ၂၀ တွင် ၁၃ ပွဲနိုင်၊ ငါးပွဲ သရေနှင့် နှစ်ပွဲရှုံးရလဒ်ကို ပိုင်ဆိုင်သော လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ အသက်အားဖြင့် ၂၂ နှစ်သာရှိသေး၍ တစ်ဖက်ပြိုင်ဘက် ဒေါနအောင်(Phoenix) နှင့် ၁၀ နှစ်ကျော် ကွာခြားမှုရှိနေသည်။ ဒေါနအောင်(Phoenix) သည် အသက်အားဖြင့် ၃၅ နှစ်ရှိပြီဖြစ်သော လက်ဝှေ့သမ္ဘာရင့်တစ်ဦးဖြစ်ကာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော ပွဲပေါင်း ၁၄၀ တွင် နိုင်ပွဲ ၈၀၊ သရေ ၅၃ ပွဲနှင့် ရှုံးပွဲခုနစ်ပွဲရလဒ်ပိုင်ဆိုင်ထားသော လက်ဝှေ့ကျော်တစ်ဦးဖြစ်၍ ငယ်ဂုဏ်နှင့် မာဂုဏ်ရှိသော မင်းမောင်မောင်(တောင်ကလေး)ကပဲ ဆီမီးဖိုင်နယ်တက်ရောက်သွားမည်လား၊ သမ္ဘာရင့်လက်ဝှေ့ကျော် ဒေါနအောင်(Phoenix)ကပဲ တက်လှမ်းသွားမည်လား စောင့်ကြည့်ရတော့မည်ဖြစ်သည်။

**ဆက်သွယ်မှာယူနိုင်**

ရိုးရာလက်ဝှေ့ ဝါသနာရှင်များအတွက် အဆိုပါပြိုင်ပွဲကြီး၏ ဒုတိယနေ့ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ရုံဝင်ကြေးအနေဖြင့် ငွေကျပ် ၅၀၀၀၊ ၁၅၀၀၀နှင့် ၂၀၀၀၀ သတ်မှတ်ပေးထားပြီး ဖုန်း-၀၉-၂၅၄၂၁၄၁၆၀ သို့ ဆက်သွယ်မှာယူနိုင်မည် ဖြစ်သည်။ ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇွန် ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နောက်ဆုံးဗိုလ်လုပွဲစဉ်များကို ဇူလိုင်တစ်လနားကာ ဩဂုတ် ၁၂ ရက်တွင် ကျင်းပသွားမည် ဖြစ်သည်။

**သုံးတန်း ထည့်သွင်းကျင်းပသွားမည်**

ယင်း Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီးတွင် ၆၇-၇၁ ကီလိုတန်း၊ ၆၂-၆၆ ကီလိုတန်းနှင့် ၅၇-၆၁ ကီလိုတန်း သုံးတန်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲ၌ ၅၇-၆၁ ကီလိုတန်း ကွာတားဖိုင်နယ်ပွဲစဉ်တွင် ထိုးသတ်ကြေး ခုနစ်သိန်း၊ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ၁၀ သိန်း၊ ဖိုင်နယ်တွင် ချန်ပီယံရရှိသူကို ၂၅ သိန်းနှင့် ဒုတိယဆုရရှိသူကို ၁၅ သိန်းချီးမြှင့်မည်ဖြစ်သည်။ ၆၁ - ၆၆ ကီလိုတန်းပြိုင်ပွဲတွင် ကွာတားဖိုင်နယ်၌ ထိုးသတ်ကြေး ရှစ်သိန်း၊ ဆီမီးဖိုင်နယ်တွင် ၁၂ သိန်းနှင့် ဒုတိယရရှိသူက သိန်း ၂၀ ရရှိမည်ဖြစ်ကာ ဗိုလ်စွဲအနိုင်ရသူက ငွေကျပ် သိန်း ၃၀ ရရှိမည်ဖြစ်သည်။ အလားတူ ၆၇ ကီလိုမှ ၇၁ ကီလိုတန်းပြိုင်ပွဲတွင် ကွာတားဖိုင်နယ်၌ ငွေကျပ် ၁၀ သိန်း၊ ဆီမီးဖိုင်နယ်၌ ငွေကျပ် ၁၅ သိန်းနှင့် ဒုတိယဆုရရှိသူမှာ ငွေကျပ် ၂၅ သိန်းရရှိမည်ဖြစ်ကာ ဗိုလ်စွဲအနိုင်ရသူက ငွေကျပ်သိန်း ၄၀ ရရှိမည်ဖြစ်၍ အိမ်ရှင်မြန်မာအပါအဝင် ပြည်ပလေးနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီး၏ ဒုတိယနေ့ကွာတားဖိုင်နယ်တွင် မည်သူများ ဆီမီးဖိုင်နယ်သို့ တက်လှမ်းသွားမည်ကို ရိုးရာလက်ဝှေ့ဝါသနာရှင်ပြည်သူများ စောင့်မျှော်ကြည့်ရှုရတော့မည်ဖြစ်ပါကြောင်း။ ။

**"Lethwei Nation 50th Media Championship 2018 ပြိုင်ပွဲကြီးမှာ ပြည်ပအားကစားသမားတွေ ဝင်ရောက်ယှဉ်ပြိုင်လာတာကို တွေ့ရပါတယ်။ ကောင်းပါတယ်။ ဒါဟာ ရိုးရာလက်ဝှေ့လောကရဲ့တိုးတက်မှုတစ်ခုလည်းဖြစ်ပါတယ်။ ဒါပေမယ့် ဒီလက်ဝှေ့သမားတွေဟာ ရိုးရာလက်ဝှေ့ကို အတွေ့အကြုံမရှိသေးတဲ့သဘောမျိုး တွေ့ရတယ်။ ထိုးကြေးရလို့ လာပြီးဝင်ရောက်ထိုးတဲ့သဘောမျိုး မြင်တွေ့ရတယ်။ ဒီလိုပြိုင်ပွဲမျိုးမှာ တကယ်ရိုးရာလက်ဝှေ့ပွဲ အတွေ့အကြုံရှိတဲ့ ပြည်ပကစားသမားတွေ လာရောက်ယှဉ်ပြိုင်ရင်တော့ ဒီထက်ပွဲက ပိုမြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လာပြီး ပရိသတ်လည်း လာရောက်အားပေးသူ ဒီထက်ပိုများလာမယ်"**

ခရီးသွားဆောင်းပါး

# ဆိတ်ကုန်းရွာဆီသို့

**မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-ခင်ဇွန်ဇာလင်း**



"ဟို...ရှေ့ကလမ်းအတိုင်းမောင်းဝင်လိုက်လေ" ဟု ပြောစကားကြောင့် လှမ်းကြည့်လိုက်ရာ မြေကြီးလမ်းတစ်လမ်းကို တွေ့လိုက်ရသည်။ ကားကိုအရှိန်လျှော့ပြီး မြေလမ်းအတိုင်း ဖြည်းဖြည်းချင်းကားမောင်းဝင်ခဲ့ရာ လှည်းလမ်းဖြစ်၍ သတိထားပြီး ဂရုစိုက် ကားမောင်းနေသော ယာဉ်မောင်းကြောင့် စိတ်သက်သာရာရသည်။ ရန်ကုန်-အင်းတကော် ကားလမ်းမှ ညာဘက်ကို ကွေ့ဝင်ပြီး ရွာလမ်းအတိုင်း မောင်းဝင်လာသော ကျွန်တော်တို့ကားက မြေလမ်းမညီညာမှုကြောင့် တကယ့်ကို အရှိန်နည်းပြီး ကားဘီးလှိမ့်ရုံမျှသာ။

ဆိတ်ကုန်းရွာကို လိုက်ခဲ့ပါလားဟုခေါ်သဖြင့် ကျွန်တော်လိုက်လာခဲ့ခြင်းဖြစ်ပြီး တစ်ကြိမ်မျှ မရောက်ဖူးသေးသော ဆိတ်ကုန်းရွာသို့ သွားရောက်ရခြင်းဖြစ်ရာ ကျွန်တော့်အတွက် အစစအရာရာ အသစ်အဆန်းတွေ ဖြစ်နေသည်။ ရန်ကုန်-အင်းတကော်ကားလမ်းမှ ဆိတ်ကုန်းရွာ သွားရာလမ်းသို့ ချိုးကွေ့လိုက်သည်နှင့် မြင်ကွင်းက ပြောင်းသွားပြီး သစ်ပင်ကြီးငယ်တို့ တွေ့ရသည်မှာ အုပ်အုပ်ဆိုင်းဆိုင်းနှင့် ကျေးလက်ဆန်လှသည်။

ပဲခူးရိုးမတောင်စွယ်၊ တောင်ကုန်းများဖြစ်ရာ တောင်ကုန်းတောင်ကြောများနှင့် တောအုပ်အစုစုတို့ကို ခပ်လှမ်းလှမ်းတွင် မြင်တွေ့ရသည်။ ကားလမ်းမရှိဘဲ လှည်းလမ်းကိုသာ အသုံးပြုကြသည်ဖြစ်ရာ လမ်းကမကောင်း။ တောထွက်ဝါးများ သယ်ဆောင်ရာ ကားလတ်များဝင်ထွက်သဖြင့် ကားမောင်းဝင်၍ ရသောကြောင့် အနည်းငယ်ခက်ခဲသည်မှအပ သွား၍ရသည်။ မိုးရာသီဆိုလျှင် ဤလမ်းက ကားဖြင့် လာရန်မလွယ်ဟု တွေးမိသည်။ ဆိုင်ကယ်များဖြင့် ကောင်းကောင်းသွား၍ ရကြောင်း သိရသည်။

### ရွာအဝင်လမ်း

ဆိတ်ကုန်းရွာအဝင်သို့ လှမ်းကြည့်လိုက်ရာ တောင်ကုန်းထက်၌ ရွှေရောင်ဝင်းပနေသော ရွာဦးစေတီကို အဝေးက ဖူးတွေ့ရသည်။ လူသွားလမ်း ကောက်ကောက်ကွေးကွေးနှင့် သစ်ပင်များအကြား သပ္ပာယ်စွာဖူးမြော်ရသည့် ရွာဦးစေတီက ကြည်ညိုဖွယ်ရာကောင်းလေသည်။ ကျွန်တော်တို့ကားက ရွာဦးစေတီကို အနည်းငယ်ကျော်ကာ မြေကွက်လပ်တွင် ကားရပ်လိုက်ပြီး အားလုံးဆင်းလိုက်ကြသည်။ ဤနေရာအထိသာ ကားမောင်းဝင်၍ရကာ ရွာအထိဆိုလျှင် လမ်းလျှောက်ဝင်မှ ရသည်ဟုဆိုသဖြင့် ကျွန်တော်တို့ရွာအဝင်လမ်းအတိုင်း လျှောက်လာခဲ့ကြသည်။

အတန်ငယ်လာခဲ့ကြရာ လမ်းဘေးတွင် ဝါးလုံးငယ်များကို ခြောက်ပေ၊ ခုနစ်ပေ ခန့်ဖြတ်ကာ စည်းထားသော ဝါးစည်းများကို တွေ့ရသဖြင့် မေးကြည့်ရာဥယျာဉ်ခြံများ စိုက်ပျိုးရာတွင် အသုံးပြုသော ဝါးများဖြစ်ပြီး ပဲခူးရိုးမပေါ်မှ ခုတ်ယူလာခြင်း ဖြစ်ကြောင်း သိရသည်။ ကျွန်တော် ဥက္ကံမြို့အနီးချောင်းစောက်ရွာဘက်သို့ သွားရောက်ခဲ့စဉ်ကလည်း ဤလိုပုံစံမျိုးဝါးများကို တွေ့ခဲ့ရဖူးသည်။ တိုင်ထောင်စိုက်ပျိုးရသော အပင်များအတွက်ဖြစ်ပြီး စိုက်ပျိုးရေးအဓိက အသုံးပြုသော ဝါးများဖြစ်ရာ ဆိတ်ကုန်းရွာတွင် ခြံစိုက်ပျိုးရေးအတွက် အသုံးများကြောင်း သိရသည်။

ကျွန်တော်တို့ရွာအတွင်း ဝင်ရောက်ခဲ့ရာ အိမ်ခြေကျဲပါးစွာ တည်ရှိသော်လည်း ကိုယ့်ခြံဝိုင်းနှင့်ကိုယ် နေထိုင်ကြသဖြင့် မြို့များကဲ့သို့ တစ်အိမ်နှင့်တစ်အိမ်ပူးကပ်နေခြင်းမျိုးမရှိ။ ကုန်းမြင့်ငယ်များ၊ မြေပြန့်ရှိသည့်နေရာများတွင် အိမ်များတည်ဆောက်ထားသည်ဖြစ်ရာ တစ်အိမ်နှင့်တစ်အိမ် အတန်ငယ်ဝေးသလိုဖြစ်နေသည်။ သစ်ပင်များ အုပ်အုပ်ဆိုင်းဆိုင်းနှင့် ကုန်းမြင့်တစ်နေရာကိုကျော်ပြီး လျှိုတစ်ခုအတွင်းဆင်းကာ လျှောက်လာကြရာ နွေရာသီတွင် ရေစီးဆင်းနေသော စမ်းချောင်းငယ်တစ်ခုသို့ ရောက်လာသည်။ မိုးရာသီ၌ ဤနေရာသည် ရေစီးဆင်းမှုများသဖြင့် ဖြတ်သွားဖြတ်လာခက်ခဲကြောင်း သိရသည်။

### ရောက်လာ

ကုန်းမြင့်တစ်ခုပေါ်၌ ဆောက်လုပ်ထားသော ကိုအေးမြင့်တို့ အိမ်သို့ရောက်လာကြသည်။ ခြေတံရှည်သစ်သားအိမ်ဖြစ်ပြီး အိမ်ပေါ်တွင် ခန်းစည်းမပြုလုပ်ထားသဖြင့် ရှင်းရှင်းလင်းလင်းဖြစ်နေသည်။ ကျွန်တော်တို့ လာမည်ကို ကြိုသိသဖြင့် ရောက်ရောက်ချင်း ကောက်ညှင်းပေါင်း ပူပူနွေးနွေးနှင့် ငါးရံ့ခြောက်ဖုတ်များကို ချပြီး ကျွေးသည်။ ဆာဆာနှင့်စားကြရာ ရေနွေးကြမ်း၊ ကောက်ညှင်းပေါင်းနှင့် ငါးရံ့ခြောက်ဖုတ်များက ပြိုက်ခနဲ ကုန်သွားလေသည်။

တကယ်တော့ ကိုအေးမြင့်တို့ အိမ်က မဟာဒုက်ဘုရား ပူဇော်ခွင့်ရသဖြင့် သွားရောက်ပို့ဆောင်ကြခြင်းဖြစ်ရာ ကျွန်တော်လိုက်ပါလာခြင်းဖြစ်သည်။ ကျွန်တော်တို့ စကားအတန်ကြာ ဝိုင်းဖွဲ့ပြောကြပြီးနောက် ရွာအတွင်းလိုက်လံလေ့လာခဲ့ကြသည်။ သစ်ပင်များစိမ်းစိမ်းစိုစိုဖြင့် အေးချမ်းတိတ်ဆိတ်စွာတည်ရှိနေသော ဆိတ်ကုန်းရွာက တကယ့်ကျေးလက်ရွာတစ်ရွာအဖြစ် ပီပီပြင်ပြင်တည်ရှိနေသည်ကို တွေ့ရသည်။

### အသက်မွေးဝမ်းကျောင်း

အိမ်ခြေပေါင်း ၁၆၀ ခန့်ရှိသော ဆိတ်ကုန်းရွာသည် ယခင်က ဆိတ်များ ကျက်စားရာ၊ ဆိတ်များစားကျက်အဖြစ် ထိန်းကျောင်းရာနေရာဖြစ်သဖြင့် ဆိတ်ကုန်းဟု အမည်တွင်ကာခေါ်ခဲ့ကြရာမှ ဆိတ်ကုန်းရွာဟု ဖြစ်လာခဲ့ခြင်းဖြစ်ကြောင်း ကိုအေးမြင့်က ပြောပြသည်။ နေထိုင်သူအများစုမှာ ကရင်တိုင်းရင်းသားများဖြစ်ပြီး ခြံစိုက်ပျိုးခြင်းနှင့်လယ်ယာလုပ်ငန်းကို အဓိကထားကာလုပ်ကိုင် အသက်မွေးဝမ်းကျောင်းပြုကြသည်။

ကျွန်တော်တို့ရွာအတွင်း လိုက်လံလေ့လာသည့်အခါ အိမ်အချို့မှလှမ်းခေါ်ကာ နှုတ်ဆက်မေးမြန်းသဖြင့် ကိုအေးမြင့်က ရွာသားအချို့နှင့် မိတ်ဆက်ပေးကာ အိမ်တစ်အိမ်၌ ခေတ္တဝင်ရောက်ပြီးစကားပြောဖြစ်ခဲ့သည်။ ကြေးဖြင့်ပြုလုပ်ထားသော ကွမ်းအစ်အတွင်းကွမ်းရွက်များအပြည့်၊ ကွမ်းသီးစိတ်များအပြည့်ဖြင့် တည်ခင်းရာ ကျွန်တော်တို့အဖွဲ့တွင်ပါသော တစ်ဦးက ကွမ်းအစ်ကိုယူကာကွမ်းယာပြီးစားလေသည်။ ရန်ကုန်မြို့နေအိမ်များတွင် မတွေ့ရသည့်ကွမ်းအစ်ဖြင့် ကွမ်းတည်ဧည့်ခံခြင်းကို ယခုတွေ့ဖြစ်ရသဖြင့် ထူးဆန်းနေသည်။ ယင်းကြေးကွမ်းအစ်က နှစ်ပေါင်းများစွာကပင် မိဘဘိုးဘွားများ အသုံးပြုခဲ့သည့် ပစ္စည်းဖြစ်ကြောင်းသိရသည်။

### မြေကြီးနံ့သင်း

ခေတ္တစကားပြောပြီး ပြန်ထွက်လာခဲ့ရာ ကုန်းမြင့်ပေါ်တွင်တည်ဆောက်ထားသည့် နေအိမ်တစ်အိမ်မှ ကိုအေးမြင့်အား လှမ်းခေါ်ကာ ဧည့်သည်များလည်းလာခဲ့ကြပါဦးဟုဆိုသဖြင့် ကျွန်တော်တို့သွားခဲ့ကြသည်။ သင်ဖြူးဖျာခင်းကာ ရေနွေးကြမ်း၊ ဆိတ်သားခြောက်ဖုတ်များဖြင့် ဧည့်ခံလေသည်။ ရေနွေးကြမ်းအိုးမှာ ထူးထူးခြားခြားမြေအိုးဖြစ်၍ အံ့သြမိသည်။ မြေအိုးဖြစ်၍ အနည်းငယ်အလေးချိန်ရှိသော်လည်း ရေနွေးကြမ်းငှဲ့ရန် အိုးကိုမကြည့်သည့်အခါ သိပ်မလေးလှ။ မြေကြီးနံ့သင်းနေသော ရေနွေးကြမ်းက ထူးခြားသောခံစားမှုကိုပေးသည်က အမှန်ပင်။ ယခုခေတ် မြေကြီးဖြင့်ပြုလုပ်သော ရေနွေးအိုးအသုံးပြုသူမှာ မရှိသလောက်ဖြစ်နေပြီဖြစ်သည်။

ကျွန်တော်တို့ အတန်ကြာစကားပြောပြီးနောက် နှုတ်ဆက်ကာပြန်ထွက်လာခဲ့ကြသည်။ နေအိမ် ငါးလုံးခန့်ကျော်လာသည့်အခါ ဒီအိမ်က အမေ့အိမ်လေဟု ပြောပြီး ကိုအေးမြင့်က ဦးအောင်ဝင်သွားသဖြင့် ကျွန်တော်တို့လိုက်ပါသွားခဲ့ကြသည်။ အိမ်ခြံဝိုင်း မြေကွက်လပ်တွင် ဟင်းချက်နေသော အမျိုးသမီးကြီးတစ်ဦးကိုတွေ့ရသဖြင့် ဒါကျွန်တော့်အမေလေဟုပြောကာ မိတ်ဆက်ပေးရာ ပြုံးပြုံးဝမ်းသာတယ်ဟုပြောကာ အိမ်ပေါ်တက်ကြဦးဟုပြောသော်လည်း ကျွန်တော်တို့ မတက်ကြတော့။ သွားသွား၊ လာလာနှင့်ထမင်းဟင်းများကိုယ်တိုင် ချက်ပြုတ်နေသော ကိုအေးမြင့်အမေကား ကျန်းမာရွှင်လန်းနေဆဲ။ ဟင်းချက်နေသည်ကို ကြည့်မိရာ လက်သန်းအရွယ်ရှိသော ငါးမျိုးစုံကို သစ်သားယောင်းမဖြင့် မွှေကာ ခရမ်းသီး၊ ချဉ်ပေါင်ရွက်များပစ်ထည့်၊ ငါးရုတ်သီးအစိမ်းတောင့်များ ထက်ပိုင်းချိုးကာ ပစ်ထည့်၊ အနီးတွင်ပေါက်နေသော အပင်ငယ်တစ်ပင်မှအရွက်များခူးကာ ရေဆေးပြီးပစ်ထည့်ကာ တစ်ချက်နှစ်ချက် မွှေပြီး ပွက်ပွက်ဆူလာသည်နှင့် မီးဖိုပေါ်မှချလိုက်တော့သည်။ ဘာဟင်းလဲဟုမေးကြည့်ရာ ကရင်ငါးဟင်းဟုပြောပြီး မြည်းကြည့်ပါဦးဆိုကာ ဇွန်းဖြင့်ခပ်ပေးနေသဖြင့် မြည်းကြည့်ရာ အလွန်စပ်ပြီး အရသာရှိသည့်ဟင်းဖြစ်နေသည်။


### စိုက်ပျိုး

ကျွန်တော်တို့ ကိုအေးမြင့်၏ မိခင်ကြီးအိမ်မှ ပြန်လာခဲ့ကြပြီး ကွမ်းစိုက်ပျိုးခြံတစ်ခြံသို့ သွားရောက်ခဲ့ကြသည်။ ဆိတ်ကုန်းရွာတွင် ကွမ်းရွက်စိုက်ပျိုးသည့်ခြံ အများအပြားရှိရာ ကွမ်းရွက်အထွက်ကောင်းပြီး ဈေးကောင်းရသည့်နှစ်များ၌ အလှူအတန်းများပြုလုပ်လေ့ရှိကြောင်းသိရသည်။ ကျွန်တော်တို့ကွမ်းခြံတစ်ခြံသို့ ရောက်ရှိခဲ့ကြသည်။ ကျွန်တော်တို့ ဆိတ်ကုန်းသို့လာရောက်စဉ် ရွာအဝင်လမ်း၌ တွေ့ခဲ့ရသည့် ဝါးလုံးငယ်များကို ယခုကွမ်းခြံတွင်အတန်းလိုက်ထောင်ထားကာ ကွမ်းရွက်များ စိုက်ပျိုးထားသည်ကို တွေ့ရသည်။

ကွမ်းခြံတစ်ခြံလျှင် အကျယ်အဝန်းအလိုက်အပင်(အညွန့်)အရေအတွက်ချိန်ဆပြီးစိုက်ပျိုးကြသည်။ ကွမ်းအပင်(အညွန့်) ၁၀၀၀ လျှင် ဝါးတိုင်အရေအတွက် ၁၅၀၀ ခန့် အသုံးပြုရပြီး ဝါးများကို ရွာအရောက်တစ်လုံးကျပ် ၅၀ ခန့်ဖြင့် ဝယ်၍ အသုံးပြုရကြောင်း၊ တချို့က တောင်ပေါ်တက်ပြီး ကိုယ်တိုင်ခုတ်ယူကြကြောင်းသိရသည်။ ကွမ်းစိုက်ရာတွင် မြေတစ်ပေါင်လျှင် ဝါးနှစ်တန်းစိုက်ထူရပြီး ဝါးစိုက်ထောင်ထားသည့် အတန်းမှာလည်း တစ်တန်းနှင့်တစ်တန်း တစ်ပေခန့်ခွာ စိုက်ပျိုးရသည်။ ကျွန်တော်တို့ကွမ်းခြံကိုအနီးကပ်ပြီးလေ့လာလိုက်ရာ ဝါးတိုင်များထောင်ထားသော အပေါ်၌ ကွမ်းပင်များနွယ်တက်ရစ်ပတ်ရှင်သန်ကာ ကွမ်းအရွက်များဝေဖြာနေသည်ကိုတွေ့ရသည်။ သုံးလခန့်စိုက်ပျိုးပြီးပါက ၁၀ ရက်တစ်ကြိမ်ခန့် ကွမ်းရွက်ခူးနိုင်သည်ဖြစ်ရာ ကွမ်းပင် ၁၀၀၀ လျှင် အထွက်ကောင်းပါက ကွမ်းရွက် ရှစ်ပိဿာခန့်ထွက်ကြောင်း သိရသည်။ ထွက်ရှိလာသော ကွမ်းရွက်များကို ခြင်းများဖြင့်ထည့်ပြီး ဆိုင်ကယ်ဖြင့် ကားလမ်းအထိသယ်ဆောင်ကာ ကားဖြင့်ရန်ကုန်ဈေးကွက်သို့ ပို့ဆောင်ဖြန့်ချိကြောင်း သိရသည်။ ကျွန်တော်တို့ကွမ်းခြံကို လေ့လာပြီးနောက် ကိုအေးမြင့်ကို နှုတ်ဆက်ကာ ဆိတ်ကုန်းရွာမှပြန်လာခဲ့ကြသည်။

ရန်ကုန်မြို့နှင့်မဝေးကွာသော်လည်း ကျေးလက်ဆန်ပြီး ရိုးသားသော ကရင်တိုင်းရင်းသားအများစုနေထိုင်သည့် ဆိတ်ကုန်းရွာက သဘာဝအတိုင်းတည်ရှိနေရာ လေ့လာချင်စရာ၊ ရွာလေ့ကြည့်ရှုလေ့လာနိုင်စရာ၊ သွားရောက်ဗဟုသုတရှာနိုင်သည့်ရွာလေးတစ်ရွာအဖြစ် တည်ရှိနေသည်။ ရွာကပြန်အထွက် ရွာဦးစေတီတော်မှ ဆည်းလည်းသံသဲ့သဲ့ကို လေအဝှေ့တွင် စိတ်အေးချမ်းမြေ့ဖွယ်ရာ ကြားနေရပြန်သည်။ ။

**"ဆိတ်ကုန်းရွာအဝင်သို့ လှမ်းကြည့်လိုက်ရာ တောင်ကုန်းထက်၌ ရွှေရောင်ဝင်းပနေသော ရွာဦးစေတီကို အဝေးက ဖူးတွေ့ရသည်၊ လူသွားလမ်း ကောက်ကောက်ကွေးကွေးနှင့် သစ်ပင်များအကြား သပ္ပာယ်စွာ ဖူးမြော်ရသည့် ရွာဦးစေတီက ကြည်ညိုဖွယ်ရာကောင်းလေသည်၊ ကျွန်တော်တို့ကားက ရွာဦးစေတီကို အနည်းငယ်ကျော်ကာ မြေကွက်လပ်တွင် ကားရပ်လိုက်ပြီး အားလုံးဆင်းလိုက်ကြသည်"**



# ဒေသဖွံ့ဖြိုးရေးအတွက် မန္တလေး-ပြင်ဦးလွင်လမ်းသစ် ဆက်လက်ဖောက်လုပ်ရန် ဒေသခံများမျှော်လင့်



**မန္တလေး မေ ၅**
မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင် ပတ်လမ်းမှတစ်ဆင့် ပြင်ဦးလွင်အနီးစခန်း ဘူတာအနီးသို့ ဖောက်လုပ်လျက်ရှိသော မန္တလေး-ပြင်ဦးလွင်လမ်းသစ်ကို ဒေသဖွံ့ဖြိုးရေးအတွက် ဆက်လက်ဖောက်လုပ်ပေးရန် ဒေသခံပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

"လက်ရှိ ဒီရွာမှာနေတာ ၂၆ နှစ်ရှိပြီ၊ နှစ် ၂၀ ကျော်အတွင်းမှာ လမ်းပန်းဆက်သွယ်ရေးမကောင်းတဲ့အတွက် ပြင်းပြင်းထန်ထန် ရုန်းကန်ခဲ့ရတယ်၊ ဒေသထွက်ကုန်တွေကိုထမ်းပြီး ဆင်းရောင်းရတယ်၊ ကိုယ်စားဖို့ဆန်ကို ပြန်ပြီး ထမ်းတင်လာခဲ့ရတယ်၊ ဒီလမ်းသာဖောက်ပြီးသွားရင် ပညာရေး၊ ကျန်းမာရေး၊ ဒေသရဲ့ စီးပွားရေး အားလုံးကောင်းသွားမယ့်အပြင် ကျွန်တော်တို့အားလုံးမျှော်လင့်နေတဲ့ လျှပ်စစ်မီးလည်း ရလာနိုင်တယ်၊ ဒါကြောင့် ဒီလမ်းကို ဆက်ပြီးဖောက်စေချင်ပါတယ်" ဟု ပုသိမ်ကြီးမြို့နယ် ရေတော်ကျေးရွာနေ ဦးဆန်းဝင်းက ပြောသည်။

အဆိုပါလမ်းသစ်ကို Axiom Mandalay Highway ကုမ္ပဏီက ရာနှုန်းပြည့်ရင်းနှီးမြှုပ်နှံ၍ သုံးနှစ်စီမံကိန်းဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလဆန်းတွင် လမ်းအူကြောင်း စတင်ဖော်ထုတ်ခဲ့ပြီး ပုသိမ်ကြီးမြို့နယ်ဘက်မှ ခြောက်မိုင်နှင့် ပြင်ဦးလွင်ဘက်အခြမ်းမှ သုံးမိုင် ဖောက်လုပ်အပြီးတွင် ၎င်းကုမ္ပဏီမှ သစ်ပင်များ ခုတ်လှဲမှုအပေါ် သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးဆောင်ရန် စောင့်ဆိုင်းနေစဉ်အတွင်း လုပ်ငန်းများရပ်တန့်ထားရန် တားမြစ်ချက်အရ ၂၀၁၆ ခုနှစ် ဇွန်လဆန်းမှစတင်၍ လုပ်ငန်းများရပ်ဆိုင်းထားပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုမိန့်ကို တောင်းခံထားကြောင်း သိရသည်။

ပုသိမ်ကြီးမြို့နယ် ရွှေကျင်ရေကျေးရွာနေ အသက် ၇၈ နှစ်အရွယ် ဒေါ်အုန်းကြည်က "အမေကြီးတို့ရွာကိုဖြတ်ပြီး ပြင်ဦးလွင်လမ်းသစ်ဖောက်မယ်လို့ ကြားကတည်းက ဝမ်းသာနေခဲ့တာပါ၊ အမေကြီးအတွက်က မလိုအပ်ပေမယ့် သားသမီးမြေးတွေ ကောင်းကောင်းမွန်မွန်သွားလာနေထိုင်နိုင်မှာဖြစ်လို့ လမ်းဖောက်ဖို့အတွက် လိုအပ်တဲ့မြေကိုလည်း ကျေကျေနပ်နပ်နဲ့ လှူလိုက်တယ်၊ လမ်းက ဆက်မဖောက်ဘဲ ရပ်ထားတော့ စိတ်မကောင်းဖြစ်မိတယ်"ဟုပြောသည်။

မန္တလေး-ပြင်ဦးလွင် လမ်းသစ်အတွက် EIA, SIA ဆန်းစစ်မှုများဆောင်ရွက်ခဲ့ရာတွင် ၉၇ ဒသမ ၉၉ ရာခိုင်နှုန်း ပတ်ဝန်းကျင်ထိခိုက်မှုမရှိကြောင်း ရလဒ်ရရှိခဲ့ပြီး မန္တလေးမြို့(ပုသိမ်ကြီး)မှ ပြင်ဦးလွင်(အနီးစခန်း)တွင် မူလလမ်းပိုင်းနှင့် ပေါင်းစပ်သွားမည်ဖြစ်ကာ ခရီးအရှည် ၂၂ မိုင်သာရှိသဖြင့် မိုင် ၄၀ ကျော်ရှိ မူလလမ်းဟောင်းထက် ခရီးတိုသွားမည်ဖြစ် သော်လည်း လုပ်ငန်းရပ်ဆိုင်းခံထားရကြောင်း အဆိုပါကုမ္ပဏီမှ သိရသည်။

"ပြင်ဦးလွင်လမ်းသစ်အနေနဲ့ ပြည်ထောင်စုအဆင့် အဆုံးအဖြတ် ဖြစ်ပါလိမ့်မယ်၊ နောက်တစ်ခုက သစ်တောခွင့်ပြုချက်ကို အရင်အစိုးရက မလုပ်ခဲ့ဘဲ သဘောတူလက်မှတ်ပဲထိုးခဲ့တာ၊ လက်ရှိအနေအထားမှာ ပြည်ထောင်စုအဆင့်ခွင့်ပြုချက်ရခဲ့ရင် မန္တလေးတိုင်းအစိုးရက ကန့်ကွက်စရာမရှိဘူး" ဟု တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးမျိုးသစ်ကပြောသည်။

"ယာဉ်အန္တရာယ်ကင်းရှင်းစေဖို့နဲ့ ခရီးမိုင်တိုတောင်းတဲ့အတွက် လောင်စာဆီသက်သာစေဖို့ ရည်ရွယ်ပြီး ဒီလမ်းကို ဖောက်လုပ်တာပါ၊ အိမ်စီးကားနဲ့ လူစီးယာဉ်တွေအတွက်ပါ၊ ကုန်တင်ယာဉ်တွေကို ဖြတ်သန်းခွင့်မပြုပါဘူး၊ အန္တရာယ်ကင်းစေမယ့် ဒီဂရီအတိမ်အစောင်းတွေကိုလည်း နိုင်ငံတကာစံချိန်စံညွှန်းနဲ့အညီ တွက်ချက်ထားပါတယ်၊ နိုင်ငံခြားပညာရှင်တွေရဲ့ အကြံဉာဏ်နဲ့ လမ်းအန္တရာယ်ကင်းရှင်းမှုကို အဓိကထား လုပ်ဆောင် သွားမှာပါ" ဟု Axiom ကုမ္ပဏီမှ တာဝန်ခံအကြံပေး ဦးစိုးမြတ်သူက ပြောကြားသည်။

လက်ရှိ မန္တလေး-ပြင်ဦးလွင် လမ်းဟောင်းမှာ ၄၂ မိုင်ခန့် ရှည်လျားပြီး နေ့စဉ်အိမ်စီးယာဉ်ငယ်များ၊ ဆိုင်ကယ်များ၊ ခရီးသည်တင်ယာဉ်များသာမက လောင်စာဆီသယ်ယာဉ်၊ ကျောက်သဲသယ် ဝန်လေးယာဉ်နှင့် ၂၂ ဘီး ကုန်တင်နောက်တွဲ ယာဉ်ကြီးများပါ အသုံးပြုလျက်ရှိရာ တစ်ရက်လျှင် ပျမ်းမျှယာဉ်အစီးရေ တစ်သောင်းခွဲခန့် မောင်းနှင်နေကြောင်း Axiom ကုမ္ပဏီလီမိတက်၏ လေ့လာဆန်းစစ်မှုများအရ သိရသည်။

"ပထမလမ်းအူကြောင်းက လမ်းနယ်ကို ၁၅၀ သတ်မှတ်တဲ့အတွက် သစ်ပင်ခုနစ်သောင်းကျော် ခုတ်ရမှာဖြစ်တဲ့အတွက် တားမြစ်ခဲ့တယ်၊ သစ်ပင်နည်းရင် သစ်တောကခွင့်ပြုနိုင်တယ်လို့ စဉ်းစားမိပြီး ယခင်သစ်ထုတ်လုပ်ရေးလမ်းဟောင်းကို အခြေခံပြီး လမ်းအူကြောင်း လမ်းနယ်ကို ပေ ၅၀ နဲ့ပဲ အသစ်ဖောက်လုပ်မယ်ဆိုရင် သစ်ပင်ပေါင်း ၁၀၆၂ ပင်ပဲ ခုတ်လှဲရတော့မှာဖြစ်တဲ့အတွက် ဆက်လက်ဖောက်လုပ်ဖို့ ခွင့်ပြုချက်တောင်းခံတော့ တိုင်းဒေသကြီးအစိုးရက ဒီလမ်းက မဖြစ်မနေလိုအပ်တယ်ဆိုပြီး ခွင့်ပြုပါတယ်၊ ခွင့်ပြုစာနဲ့ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC) ကိုသွားတော့ လက်ရှိလမ်းဟောင်းရှိတယ်၊ လမ်းသစ်မလိုဘူးဆိုပြီး ရပ်ခိုင်းတဲ့အတွက် ဒေသခံနဲ့ ကုမ္ပဏီဘက်မှာ နစ်နာနေပါတယ်" ဟု ၎င်းကုမ္ပဏီမှ အကြီးတန်းတာဝန်ရှိသူ တစ်ဦးက ပြောသည်။

အုန်းချောနှင့် ပြင်စာ နယ်မြေခံရဲစခန်းများ၏ မှတ်တမ်းများအရ မန္တလေး-ပြင်ဦးလွင် လမ်းပိုင်းတွင် ၂၀၁၅ ခုနှစ်က ယာဉ်မတော်တဆ ဖြစ်ပွားမှုမှာ အမှု ၉၀ ရှိခဲ့ပြီး သေဆုံးသူ ၃၇ ဦးရှိခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ယာဉ်မတော်တဆဖြစ်ပွားမှု ၁၄ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၁၃ ဦးနှင့် ၂၀၁၇ ခုနှစ်တွင် ယာဉ်မတော်တဆမှု ၇၃ မှု ဖြစ်ပွားခဲ့ကာ သေဆုံးသူ ၃၈ ဦးရှိကြောင်း သိရှိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)၊ အေးမြ(မန္တလေး)**



## ခါကာဘိုရာဇီအမျိုးသားဥယျာဉ် ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေး

**ပူတာအို မေ ၅**
ခါကာဘိုရာဇီအမျိုးသားဥယျာဉ် ရေအားလျှပ်စစ်စီမံကိန်းကြောင့် ရွှေ့ပြောင်းရသည့် ကျေးရွာများမှ ဒေသခံပြည်သူများအား ကချင်ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်၊ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများ မေ ၃ ရက်က ကွင်းဆင်းတွေ့ဆုံပြီး ခါကာဘိုရာဇီအမျိုးသားဥယျာဉ် ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးမှုအခြေအနေများကိုလည်း ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဥပဒေချုပ်နှင့် အဖွဲ့သည် ခါကာဘိုရာဇီအမျိုးသားဥယျာဉ် ဧရိယာအတွင်းရှိ ကျေးရွာများမှ ပူတာအိုမြို့နယ် ပမ္မတီးအုပ်စု မလိခေါ်မ်ကျေးရွာနှင့် လေယာဉ်ကွင်း၊ ဒုတ္တန်ရပ်ကွက်များသို့ ပြောင်းရွှေ့ရောက်ရှိလာသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဒေသခံပြည်သူများက ယခင် ခါကာဘိုရာဇီအမျိုးသားဥယျာဉ် ဧရိယာအတွင်းရှိ ကျေးရွာများတွင် နေထိုင်စဉ် တွေ့ကြုံခဲ့ရသည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စားဝတ်နေရေး အခက်အခဲများ၊ ယခု ပြောင်းရွှေ့လာရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့်ခါကာဘိုရာဇီအမျိုးသားဥယျာဉ် တောင်ပိုင်း တိုးချဲ့မည့်ကိစ္စအပေါ် ကန့်ကွက်ရသည့် အကြောင်းအရင်းများကို ရှင်းလင်းတင်ပြသည်။

ပြည်နယ်ဥပဒေချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် ခါကာဘိုရာဇီအမျိုးသားဥယျာဉ် တောင်ပိုင်း တိုးချဲ့မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးနေသည့် အခြေအနေကိုလည်းကောင်း၊ သစ်တောသဘာဝသယံဇာတနှင့်သားငှက် ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ်ဥပဒေချုပ်နှင့်အဖွဲ့များက မလိခေါ်မ်ကျေးရွာနှင့် လေယာဉ်ကွင်း၊ ဒုတ္တန်ရပ်ကွက်များတွင် ပြောင်းရွှေ့လာသည့် ပြည်သူများအတွက် မြေနေရာချထားပေးမှု အခြေအနေများနှင့် အခက်အခဲများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဥပဒေချုပ်နှင့်အဖွဲ့သည် ၃ ဒသမ ၂ မဂ္ဂါဝပ် ထွက်ရှိမည့် အထက်နမ့်ထွမ် ရေအားလျှပ်စစ်စီမံကိန်းကို သွားရောက်ကြည့်ရှုရာ စီမံကိန်းတာဝန်ရှိသူများက ရေအားလျှပ်စစ်စီမံကိန်း လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများ၊ စီမံကိန်းဆောင်ရွက်ရန်ကျန်ရှိသည့် အပိုင်းများ၊ စီမံကိန်းတစ်ခုလုံး၏ ၈၆ ရာခိုင်နှုန်းပြီးစီးမှုအခြေအနေများ၊ ဇွန်လမှစတင်၍ လျှပ်စစ်ဓာတ်အား စတင်ဖြန့်ဖြူးရန် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ်ဥပဒေချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် စီမံကိန်းလုပ်ငန်းလိုအပ်ချက်များ အချိန်မီပြီးစီးရေး လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကရင်ပြည်နယ်မှ မျိုးစေ့ထုတ်သမဝါယမအသင်းသားတောင်သူများအား ချေးငွေသိန်းတစ်ထောင်ကျော်ထုတ်ပေး

**ဘားအံ မေ ၅**
ကရင်ပြည်နယ် မြို့နယ် လေးခုရှိ မျိုးစေ့ထုတ် သမဝါယမအသင်းများမှ အသင်းသားတောင်သူများအား ချေးငွေ ကျပ်သိန်းတစ်ထောင်ကို ဘားအံမြို့ပြည်နယ်သမဝါယမ ဦးစီးဌာနရုံးခန်းမတွင် မေ ၃ ရက်က ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချေးငွေပေးအပ်ပွဲတွင် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက ပုံမှန်စိုက်ပျိုးနေသောမျိုးစေ့များသည် အထွက်နှုန်းနည်းပါးနေပြီး လူဦးရေတိုးတက်လာသည်နှင့်အမျှ အထွက်နှုန်းကောင်းသောမျိုးစေ့များကို စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ သို့မှသာ မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေမည်ဖြစ်ကြောင်း၊ ချေးငွေရရှိပြီးပါကလည်း မျိုးကောင်းမျိုးသန့်များကိုစိုက်ပျိုးပြီး အထွက်နှုန်းကောင်းအောင် ပြုလုပ်ကာ မိမိပတ်ဝန်းကျင်ရှိ စိုက်ပျိုးတောင်သူများကိုလည်း မျိုးစေ့ကောင်းများစိုက်ပျိုးလာအောင် စည်းရုံးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ချေးငွေယူပြီး မစိုက်ပျိုးခြင်းမဖြစ်ရန် လိုအပ်ကြောင်း၊ ယခုချေးငွေသည် ပထမဆုံးအကြိမ်ပေးသော ချေးငွေဖြစ်သလို တောင်သူများအား နည်းအမျိုးမျိုးဖြင့် ချေးငွေများရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုလို ချေးငွေပေးခြင်းမှာ သီးနှံများအထွက်နှုန်းကောင်းစေရန်နှင့် အရည်အသွေး ပြည့်ဝသော မျိုးကောင်းမျိုးသန့်များရရှိစေဖို့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြီး ချေးပေးခြင်း ဖြစ်ကြောင်း၊ ချေးငွေများကိုလည်း သတ်မှတ်ထားသည့်ရက်များတွင် ပုံမှန်လာရောက်ပေးသွင်းကြရန်လိုကြောင်း အမှာစကားပြောကြားသည်။



ထို့နောက် ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစန်းအောင်က ချေးငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် ဘားအံမြို့နယ်သမဝါယမအသင်းမှ မျိုးစေ့ထုတ်တောင်သူများအတွက် ချေးငွေ ကျပ် ၃၅၁ သိန်း၊ လှိုင်းဘွဲ့မြို့နယ်အသင်းအတွက် သိန်း ၃၀၀၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွက် ၂၂၅ သိန်းနှင့် မြဝတီမြို့နယ်အသင်းအတွက် သိန်း ၁၅၀ တို့ကို ဝန်ကြီးက အသင်းဥက္ကဋ္ဌများထံ လွှဲပြောင်းပေးအပ်ခဲ့ကာ စုစုပေါင်းချေးငွေမှာ ကျပ် ၁၀၂၆ သိန်းဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## မြစ်ကြီးနားမြို့၌ ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီရရှိစေရေးစီမံချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မြစ်ကြီးနား မေ ၅**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ကမ္ဘာ့ဘဏ်အဖွဲ့၏ချေးငွေဖြင့် ဆောင်ရွက်မည့် အဓိကလိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီရရှိစေရေးစီမံချက် ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို မေ ၃ ရက်နှင့် ၄ ရက်က မြစ်ကြီးနားမြို့ရောရပ်ကွက်ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အခြေခံကျန်းမာရေးဌာန (နေပြည်တော်) ရုံးအမှတ် (၄၇)မှ လက်ထောက်ဆရာဝန် ဒေါက်တာဇော်ဝင်းမြင့်က



"ယခင်သုံးနှစ်က ကမ္ဘာ့ဘဏ်ချေးငွေနဲ့ စံပြမြို့နယ်ရွေးချယ်ပြီး ဆေးပစ္စည်းများ ဖြည့်ဆည်းခြင်း၊အဆောက်အအုံများဆောက်လုပ်ပေးခြင်း စသည့် လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါတယ်၊ ယခင်ကတော့ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုရန်ပုံငွေနဲ့ ဆောင်ရွက်ခဲ့ရပြီး အခုနောက်ပိုင်းမှာ ကမ္ဘာ့ဘဏ်ရဲ့အတိုးမဲ့ချေးငွေ ပံ့ပိုးပေးမှုကြောင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်၊ ဒီနှစ်ကတော့ စီမံကိန်းနှစ်ရဲ့ နောက်ဆုံးနှစ်ဖြစ်ပြီး ကျန်ရှိနေတဲ့မြို့နယ်တွေမှာ ဆက်လက်ဆောင်ရွက်မှာဖြစ်ပြီး ပြည်နယ်အတွင်း ၁၈ မြို့နယ်မှာ ပြီးပြတ်အောင် ဆောင်ရွက်သွားမှာပါ"ဟု ရှင်းလင်းပြောကြားသည်။

ကချင်ပြည်နယ်အတွင်း ကျန်းမာရေးဆိုင်ရာ အဓိကလိုအပ်သော ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီရရှိစေရေး စီမံချက် (Essential Health Service Access Project-EHSAP)အလုပ်ရုံဆွေးနွေးပွဲတွင် ဒေါက်တာဇော်ဝင်းမြင့်နှင့် ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များဖြစ်သည့် အဆောက်အအုံ၊ ဆေးဝါး၊ ဝန်ထမ်းအသုံးအဆောင်ပစ္စည်းများ အချိန်နှင့်တစ်ပြေးညီလက်လှမ်းမီရရှိစေရေး၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေး၊ ကမ္ဘာ့ဘဏ်ချေးငွေကို စနစ်တကျအသုံးပြုနည်း စသည်တို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကာ ဆွေးနွေးပွဲသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ၁၈ မြို့နယ်တို့မှ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ စီမံကိန်းလုပ်ငန်း တာဝန်ယူဆောင်ရွက်နေသည့် ဝန်ထမ်းများ၊ ကျန်းမာရေးမှူးနှင့် လက်ထောက်ကျန်းမာရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# "အို၊ လာလော့၊ ကိုယ်တိုင်ကိုယ်ကျ စမ်းသပ်ကြည့်ရှုလှည့်ပါလော့" (ဧဟိပဿိကော။)

မြန်မာနိုင်ငံသည် နယ်ပယ်အားလုံးလောက်၌ ကမ္ဘာ့အခြားနိုင်ငံများ၏နောက်တွင် များစွာ နောက်ကျကျန်ရစ်နေဆဲဖြစ်သည်။ ၂၀၁၇ခုနှစ် ကမ္ဘာ့ဘဏ်အစီရင်ခံစာအရ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ် ထိခိုက်မှုခံရခြင်း၌ ကမ္ဘာပေါ်တွင် ဒုတိယအဆိုးရွားဆုံးခံရသော နိုင်ငံဖြစ်သည်။ အခြားနယ်ပယ်အချို့တွင်လည်း အလားတူပင် များစွာနောက်ကျကျန်ရစ်နေဆဲဖြစ်သည်။

သို့ရာတွင် မြန်မာနိုင်ငံသည် နယ်ပယ်တစ်ခုတွင်မူ ပုဂံခေတ်မှစ၍ မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက်လုံးနှင့် ယခုအချိန်အထိ နံပါတ်(၁)ဖြစ်လျက်ရှိသည်ကို သင်သိပါသလား။ ယင်းနယ်ပယ်မှာ အဘိဓမ္မာ (ဗုဒ္ဓအဘိဓမ္မာ တစ်နည်းအားဖြင့် ဗုဒ္ဓဒဿနိကဗေဒပညာ)ပင် ဖြစ်ပါသည်။ ဤအချက်ကို ကျွန်တော်တို့က **ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေခြင်းမဟုတ်ပါ။ ဤအချက်ကို လူသိရှင်ကြား ထုတ်ဖော်ဝန်ခံ၍ တရားဝင်ကြေညာခဲ့ကြသည်မှာ နိုင်ငံတကာအသိုင်းအဝိုင်းကပင်ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ အခြားထေရဝါဒနိုင်ငံများမှ တက္ကသိုလ်များက** ကိုယ်စားလှယ်များကိုယ်တိုင် ၂၀၀၇ ခုနှစ် မတ် ၉ရက်မှ ၁၁ရက်အထိ မြန်မာနိုင်ငံ ပုပ္ပားအရပ်တွင် ကျင်းပခဲ့သော ကမ္ဘာတစ်ဝန်းလုံးမှ ထေရဝါဒနိုင်ငံများက တက္ကသိုလ်များ၏ ပထမအကြိမ် ညီလာခံ၌ တရားဝင် ထုတ်ဖော်ကြေညာခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဤနယ်ပယ်တွင် မြန်မာနိုင်ငံက ဦးဆောင်ကာ ဗုဒ္ဓအဘိဓမ္မာကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားမှု၌ အထူးပြုလျက်ပညာဖြန့်ဖြူးပေးမည့် အဆင့်မြင့်တက္ကသိုလ်တစ်ခု တည်ထောင်ပေးပါရန် ယင်းကိုယ်စားလှယ်များက အနူးအညွတ်တောင်းပန် မေတ္တာရပ်ခံခဲ့ပါသည်။

ဤအကြောင်းကြောင့် အဘိဓမ္မတက္ကသိုလ်ကို ၂၀၀၇ ခုနှစ် ဇွန် ၃၀ရက်တွင် တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။

ယခုအခါတွင် အဘိဓမ္မတက္ကသိုလ်သည် အဆင့်မြင့်ဒီပလိုမာဒီဂရီ (အဘိဓမ္မဓရဒီဂရီ)ဘွဲ့သင်တန်းများကို မြန်မာ၊ အင်္ဂလိပ်ဘာသာများဖြင့် သင်ကြားပို့ချပေးလျက်ရှိပါသည်။ ဝိဇ္ဇာဒီဂရီ (အဘိဓမ္မဆေကဒီဂရီ)ဘွဲ့သင်တန်း မဟာဝိဇ္ဇာ M.Phil. ဒီဂရီ (အဘိဓမ္မမဟာဆေကဒီဂရီ)ဘွဲ့ သင်တန်းနှင့် ပါရဂူ D.Phil.ဒီဂရီ (အဘိဓမ္မပါရဂူဒီဂရီ) ဘွဲ့သင်တန်းများကို တစ်နှစ်ပတ်လုံး သင်ကြားပို့ချလျက်ရှိပါသည်။ ယင်းသင်တန်းများကို ပုံမှန် နေ့သင်တန်း၊ အဝေးသင်သင်တန်းနှင့် အွန်လိုင်းသင်တန်း (online course) တို့ဖြင့် နည်းလမ်းပေါင်းစုံဖြင့် ပို့ချလျက်ရှိပါသည်။

ဗုဒ္ဓအဘိဓမ္မာကို လေ့လာဆည်းပူးခြင်း၊ ကျင့်ကြံအားထုတ်ခြင်းအားဖြင့် သင်သည် ဉာဏ်ပညာအမြော်အမြင်သစ် ရရှိလာစေမည်။ သင်၏ဘဝကို အကောင်းဘက်သို့ တိုးတက်ပြောင်းလဲလာစေမည်မှာ ဧကန်မုချဖြစ်သည်။

အဘိဓမ္မတက္ကသိုလ်တွင် သင်ကြားသည့် ဘာသာရပ်များအနက်တွင် ထူးခြားသည့် ဘာသာရပ်နှစ်ခုရှိပါသည်။ အဘိဓမ္မတက္ကသိုလ်သည် အဘိဓမ္မာကို ကျွန်တော်တို့ နေ့စဉ်ဘဝတွင် မည်သို့အသုံးချရမည်ဆိုသည့် ဘာသာရပ်ကို သင်ကြားပို့ချပေးသည်။ **မူလအသုံးချအဘိဓမ္မာ ဘာသာရပ်နှင့် ပုဂ္ဂိုလ်အမျိုးမျိုးတို့ကို ခွဲခြမ်းစိတ်ဖြာဟောကြားသည့် ပုဂ္ဂလပညတ္တိကျမ်း**တို့ကိုလည်း သင်ကြားပို့ချသည်။ ဤဘာသာရပ်နှစ်ခုကို အဘိဓမ္မတက္ကသိုလ်တွင်သာ လေ့လာသင်ယူနိုင်သည်။ အခြားမည်သည့်တက္ကသိုလ်များ၊ သင်တန်းများတွင်မှ မသင်နိုင်ပါ။

ထို့ပြင် အဘိဓမ္မတက္ကသိုလ်သည်

- မာတိကာ(တရားများကို စုပေါင်းရေတွက်ပြရာကျမ်း-ဓမ္မသင်္ဂဏီကျမ်း)
- ဓာတုကထာ(ဓာတ်တို့ကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာဝေဖန်ဟောကြားရာကျမ်း)
- ယမက(အမေးအဖြေ အစုံအစုံ ခွဲခြမ်းစိတ်ဖြာ ဟောကြားရာကျမ်း)
- အဘိဓမ္မတ္ထသင်္ဂဟ (အဘိဓမ္မအခြေခံကျမ်းငယ်)
- အခြေခံပါဠိ စသည့် အဘိဓမ္မာကျမ်းရင်းများကိုလည်း သင်ကြားပို့ချလျက်ရှိပေသည်။

**အဘိဓမ္မတက္ကသိုလ်သည် ဗုဒ္ဓအဘိဓမ္မာကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချခြင်းလုပ်ငန်းကို အထူးပြု ဆောင်ရွက်လျက်ရှိသည့် ကမ္ဘာပေါ်တွင် ပထမဆုံးနှင့် ယခုအချိန်ထိ တစ်ခုတည်းသော အဆင့်မြင့်တက္ကသိုလ်ဖြစ်ကြောင်းကို သိရှိမှတ်သားထားသင့်ကြပါသည်။**

အဆင့်မြင့်ဒီပလိုမာဒီဂရီ (အဘိဓမ္မဓရဒီဂရီ)ဘွဲ့၏ Level II မြန်မာသင်တန်းကို ၂၀၁၈ ခုနှစ် မေ ၁၂ရက်တွင် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ (ယင်းသင်တန်းကို တက်ရောက်၍ အောင်မြင်မှသာ ဝိဇ္ဇာဒီဂရီ (အဘိဓမ္မဆေကဒီဂရီ)ဘွဲ့သင်တန်းသို့ ဝင်ခွင့်ရမည်ဖြစ်ကြောင်း၊ ယင်းလိုအပ်ချက်ကို သတိပြုစေလိုကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဤဘာသာရပ်များကို အဓိပတိဒေါက်တာမြသန်း(စာရေးဆရာ နော်ရထာဝင်း)ခေါင်းဆောင်သည့် အရည်အချင်းပြည့်ဝလှသော ပါရဂူဒီဂရီ (Ph.D Degree) ဘွဲ့ရ ဆရာ/ဆရာမကြီးများက ခေတ်မီသိပ္ပံနည်းကျ နည်းစနစ်ဖြင့် သင်ကြားပြသလျက်ရှိပါသည်။**

သင်သည် အဘိဓမ္မာဘာသာရပ်ကို စိတ်ဝင်စားပါက အောက်ဖော်ပြပါသင်တန်းများအတွက် ယခုပင် နာမည်စာရင်းပေးသွင်းနိုင်ပါပြီ။

- အဆင့်မြင့်အဘိဓမ္မာ ဒီပလိုမာဒီဂရီ (အဘိဓမ္မဓရဒီဂရီ)ဘွဲ့သင်တန်း၊
- အဆင့်မြင့် Dynamic English (အဆင့်မြင့် အင်္ဂလိပ်စာ ဒီပလိုမာဒီဂရီ)ဘွဲ့သင်တန်း၊
- ဝိဇ္ဇာဒီဂရီ(အဘိဓမ္မဆေကဒီဂရီ)ဘွဲ့သင်တန်း၊
- မဟာဝိဇ္ဇာ M.Phil. ဒီဂရီ (အဘိဓမ္မမဟာဆေကဒီဂရီ)ဘွဲ့သင်တန်းနှင့်
- ပါရဂူဒီဂရီ D.Phil. ဒီဂရီ (အဘိဓမ္မပါရဂူဒီဂရီ)ဘွဲ့သင်တန်း၊

**အို၊ လာလော့၊ ကိုယ်တိုင်ကိုယ်ကျ စမ်းသပ်ကြည့်ရှုလှည့်ပါလော့။**

**(ဧဟိပဿိကော။)**

**ကိုယ်တိုင်ဒိဋ္ဌမြင်တွေ့၊ စမ်းသပ်ကြည့်ပြီးပြီဆိုလျှင် မည်သူမဆို ယုံကြည်လာကြပါလိမ့်မည်။**

**(Seeing is believing.)**

ယနေ့ပြောင်းလဲတိုးတက်နေသော ကမ္ဘာကြီးနှင့် ရင်ပေါင်တန်းနိုင်အောင် ဗုဒ္ဓအဘိဓမ္မာကို လေ့လာကြပါစို့။

**ဆက်သွယ်ရန်လိပ်စာနှင့်ဖုန်းနံပါတ်များ**

**ဖုန်း-၀၉-၄၂၂၇၁၈၇၁** **အဘိဓမ္မတက္ကသိုလ်**
**ဖုန်း-၀၉-၂၅၄၀၆၇၆၉၃** **မိုးကောင်းဘုရားဝင်းအတွင်း**
**ဖုန်း-၀၉-၇၉၃၆၂၃၇၈၉** **မိုးကောင်းဘုရားလမ်း၊ ရန်ကင်း**
**ဖုန်း-၀၉-၄၃၁၃၄၃၆၁** **ရန်ကုန်မြို့**

## ဆက်သွယ်ရန်ဖုန်းနံပါတ်အား ပြောင်းလဲပြင်ဆင်ကြောင်း အများပြည်သူထံသို့ အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ ၂၇ရပ်ကွက်၊ အမှတ်(၃၉-အေ)၊ ဘုရင့်နောင်လမ်း၊ ရွှေပင်လုံအိမ်ရာအပိုင်း(၄)တွင် ဖွင့်လှစ်ထားရှိသော ကျွန်တော်များ Pahtama Group Co.,Ltd ၏ ဆက်သွယ်ရန်ဖုန်းနံပါတ်တွင် မှားယွင်းစွာဖော်ပြထားမိသော ၀၉-၁-၅၈၀၄၀၉ အစား ၀၉-၁-၅၈၀၄၆၉ နှင့် ၉၅-၁-၅၈၀၄၃၃၊ ၉၅-၁-၈၀၁၀၇၆၂၊ ၉၅-၁-၃၅၈၃၇၄၅၊ ၉၅-၁-၃၅၈၃၇၄၆၊ ၉၅-၁-၃၅၈၃၇၄၇၊ ၉၅-၁-၃၅၈၃၇၄၈၊ ၉၅-၁-၃၅၈၃၇၄၉၊ ၉၅-၁-၃၅၈၃၇၅၀၊ ၉၅-၁-၃၅၈၃၇၅၁၊ ၉၅-၁-၃၅၈၃၇၅၂၊ ၉၅-၁-၃၅၈၃၇၅၃၊ ၉၅-၁-၃၅၈၃၇၅၄၊ ၉၅-၉-၄၄၄၅၃၈၂၆၃၊ ၉၅-၉-၄၄၄၅၃၈၂၆၄၊ ၉၅-၉-၄၄၄၅၃၈၂၆၅ တို့အား ပြောင်းလဲခေါ်ဆိုပေးပါရန် ကျွန်တော်များ၏ မိတ်ဟောင်းမိတ်သစ်များနှင့် အများပြည်သူထံသို့ လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**စီမံရေးရာဌာန**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ် (၆)လအတွက် (ဧပြီလမှ စက်တင်ဘာလအထိ) ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အောက်ဖော်ပြပါ လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) ရုံးအမှတ် ၅၅၊ အနောက်ဘက်နှင့် မြောက်ဘက်ရှိ အုတ်တံတိုင်း ခြံစည်းရိုးအပြင်ဘက်တွင် ကွန်ကရစ်မီးတိုင် ၂၆ တိုင် အသစ်စိုက်ထူ၍ Sodium Lamp (၂၆)စုံအသစ်ထပ်မံဖြည့်တင်းတပ်ဆင်ခြင်းလုပ်ငန်း။

(ခ) ရုံးအမှတ် ၅၅၊ အဆောက်အအုံ၏ Roof Slab ပေါ်တွင် အက်ကြောင်းများဖြစ်ပေါ်၍ မိုးရေများစိမ့်ယိုခြင်းအား ပြုပြင်နိုင်ရေးအတွက် Topping အဟောင်းများခွာပြီး ရေလုံစေရန် ဓာတုဆေးရည်အသုံးပြု၍ ၂လက်မထု Topping လောင်းခြင်းနှင့် ယင်း Topping ပေါ်တွင် ရေလုံဆေးသုတ်ခြင်း လုပ်ငန်း။

(ဂ) ရန်ကုန်ဘဏ်ခွဲ၊ သဃ်န်းကျွန်းဘဏ်ရိပ်သာဝင်းအတွင်းရှိ ရေပေးဝေသည့် ၆လက်မ CI ပိုက်လိုင်းများအား PVC ပိုက်လိုင်းဖြင့် အသစ်လဲလှယ်ခြင်း၊ တိုက်များအနောက်ဘက်သို့ ပင်မရေဝင်ပိုက်လိုင်းအား ၂လက်မ PVC ပိုက်လိုင်းဖြင့်အသစ်လဲလှယ်ခြင်း။

(ဃ) ရန်ကုန်ဘဏ်ခွဲ၊ အနောက်ရန်ကင်းဘဏ်ရိပ်သာ တိုက် ၃၂၇၊ ၃၂၈ တွင် လျှပ်စစ်၊ ရေသန့်၊ မိလ္လာ၊ ရေဆိုးလိုင်းများအသစ်လဲလှယ်ခြင်း၊ မိလ္လာကန်ပြုပြင်ခြင်း။

၂။ တင်ဒါစည်းကမ်းချက်များပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို ၇-၅-၂၀၁၈ရက်မှ ၁၄-၅-၂၀၁၈ရက်အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးအမှတ် ၅၅၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ အင်ဂျင်နီယာဌာနစိတ်(မြို့ပြ)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၁-၅-၂၀၁၈ရက် နောက်ဆုံးထား၍ ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ရုံးအမှတ် ၅၅၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနတွင် တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် သတ်မှတ်ထားသော တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။

၅။ အသေးစိတ်သိရှိလိုသောအချက်များရှိပါက အင်ဂျင်နီယာဌာနစိတ်(မြို့ပြ) ဖုန်း-၀၆၇-၄၁၈၅၉၄သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**

### ပညာရေးဝန်ကြီးဌာန
### နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
### ၂၀၁၈-၂၀၁၉ပညာသင်နှစ် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက်
## သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများ ပူတာအို၊ မြစ်ကြီးနား၊ ဗန်းမော်၊ လွိုင်ကော်၊ ဘားအံ၊ မင်းတပ်၊ တီးတိန်၊ မော်လမြိုင်၊ စစ်တွေ၊ လားရှိုး၊ တောင်ကြီး၊ ပင်လုံ၊ ကျိုင်းတုံ၊ ပင်းပက်၊ ရွာမ၊ လက်ခုပ်ကုန်း၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ မန္တလေး၊ နေပြည်တော်၊ ခန္တီး၊ ကလေး၊ မုံရွာ၊ ချောင်းဦး၊ ပခုက္ကူ၊ မကွေး၊ ပြည်၊ တောင်ငူ၊ ပုသိမ်၊ ဟင်္သာတ၊ မအူပင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း စုစုပေါင်း ၃၅ ကျောင်း တို့တွင် သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) အခြေခံပညာအလယ်တန်း(အဋ္ဌမတန်း)အောင်မြင်သူဖြစ်ရမည်။

(ခ) နည်းပညာနှင့်သက်မွေးလုပ်ငန်းသဘောနှင့် လိုက်လျောညီထွေဖြစ်ရမည့်အပြင် ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး လက်တွေ့လုပ်ငန်းနှင့် စက်ရုံ/ကုမ္ပဏီများသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

၃။ (၂)နှစ်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက A.G.T.I ပထမနှစ်သင်တန်းသို့ သက်ဆိုင်ရာအစိုးရစက်မှုလက်မှုသိပ္ပံများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်း ဒုတိယနှစ်သင်တန်းကို အောင်မြင်သည်ဖြစ်စေ၊ ကျရှုံးသည်ဖြစ်စေ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုလိုပါက ပြင်ပဖြေအနေဖြင့် ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်သည်။

၅။ အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား ကျောင်းသူများအား တစ်ဦးလျှင် တစ်လ(၃၀၀၀၀ိ/-)နှုန်းဖြင့် သင်တန်းတက်သည့်ကာလများအတွင်း ထောက်ပံ့ကြေး ပေးအပ်မည့်အစီအစဉ်ရှိပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

၆။ အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) အဆောက်အအုံနည်းပညာသင်တန်း (Building Technology)

(ခ) အီလက်ထရွန်နစ်နည်းပညာသင်တန်း (Electronics Technology)

(ဂ) လျှပ်စစ်နည်းပညာသင်တန်း(Electrical Technology)

(ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း (Auto Mechanics Technology)

(င) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)

(စ) ရေခဲသေတ္တာနှင့်လေအေးပေးစက်နည်းပညာသင်တန်း (Refrigeration and Air Conditioning Technology)

(ဆ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း (Metal Process Technology)

(ဇ) သုတနည်းပညာသင်တန်း(Information Technology)

၇။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို မိမိတို့လျှောက်ထားလိုသည့်အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ၇-၅-၂၀၁၈ရက်မှ စတင်ထုတ်ယူနိုင်သည်။ လျှောက်လွှာများကို ၂၂-၅-၂၀၁၈ရက်နောက်ဆုံးထား၍ မိမိတို့တက်ရောက်လိုသည့် အစိုးရနည်းပညာအထက်တန်းကျောင်းသို့ လျှောက်လွှာတင်သွင်းရမည်ဖြစ်သည်။

၈။ အသေးစိတ်သိရှိလိုပါက မိမိလျှောက်လွှာရယူသော အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)
### မကွေးတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေတင်လုပ်ငန်းများတွင် လိုအပ်သော Pump နှင့် Starter Panel များအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | **အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၃၀-၄-၂၀၁၈ရက်မှ၁၄-၅-၂၀၁၈ရက်ထိ (ရုံးချိန်အတွင်း) |
| ၂။ | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - | ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (ရေအရင်းအမြစ်)၊မကွေးတိုင်းဒေသကြီး တောင်တွင်းလမ်းနှင့်အဝေရာလမ်းထောင့် မကွေးမြို့ |
| ၃။ | **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နောက်ဆုံးရက်** | - | ၂၂-၅-၂၀၁၈ရက် ညနေ ၁၅း၀၀နာရီ |

၄။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့်ပစ္စည်းစာရင်းအသေးစိတ်ကို မကွေးတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး (ရေအရင်းအမြစ်)တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ သော်လည်းကောင်း၊ ဖုန်း-၀၆၃-၂၀၂၃၈၇၊ ၀၉-၅၃၄၂၀၁၇ နှင့် ၀၉-၉၇၁၄၀၄၅၁၄ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၆)နေပြည်တော်မှ ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်-ပဲခူး-မိတ္ထီလာ-မန္တလေးလမ်းပေါ်ရှိ တံတားအမှတ်(၃/၃၂၉)ကုန်းသာတံတား(အသွားလမ်း) တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူ/သယ်ယူလိုပါ၍ တင်ဒါပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** | - | ၄-၅-၂၀၁၈ရက် |
| ၂။ | **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၅-၆-၂၀၁၈ရက်၊ ၁၆း၀၀နာရီ |
| ၃။ | **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၇-၆-၂၀၁၈ရက်၊ ၁၀း၀၀နာရီ |
| ၄။ | **တင်ဒါ/တင်သွင်း စိစစ်ရွေးချယ်မည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် |

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို တံတားအထူးအဖွဲ့(၆)နေပြည်တော်၊ ဒုတိယညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တံတားအထူးအဖွဲ့(၆)**
**ဖုန်း-၀၆၇-၂၅၅၄၈၊ ၀၉-၄၅၄၆၉၅၆၅**

### မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
### လမ်း၊ တံတားဌာန
### ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းဖြစ်သော Guard Rail(Double)တပ်ဆင်ခြင်းလုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ခုနှစ်(ဧပြီလမှ စက်တင်ဘာလထိ)ဘဏ္ဍာနှစ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ယာဉ်အန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းဖြစ်သော Guard Rail(Double) တပ်ဆင်ခြင်း လုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါပုံစံစတင် ရောင်းချမည့်ရက်** | - | ၄-၅-၂၀၁၈ရက် |
| (ခ) | **တင်ဒါပိတ်မည့်ရက်နှင့် အချိန်** | - | ၁-၆-၂၀၁၈ရက် (သောကြာနေ့)၁၃း၀၀နာရီ |

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ လမ်း၊ တံတားဌာနတွင် ဆက်သွယ်စုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စုံလျှင်ကျပ်(၁၀၀၀၀ိ/-)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပညာရေးဝန်ကြီးဌာန
### အဆင့်မြင့်ပညာဦးစီးဌာန
### မကွေးပညာရေးကောလိပ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးပညာရေးကောလိပ်တွင် ဆောက်လုပ်ရန်အတွက် ဖြည့်စွက်လုပ်ငန်းစီမံကိန်းခေါင်းစဉ်အောက်မှ (၁၁၂'×၃၄')သင်တန်းသား (၁၆၀)ဆံ့ နှစ်ထပ်အိပ်ဆောင်(RC) ရေချိုးခန်း၊ ရေလောင်းအိမ်သာအပါအဝင်နှင့် (၁၂၂'×၄၈') စားသောက်ဆောင်နှင့်စားဖိုဆောင်အပါအဝင် တစ်ဆောင် ဆောက်လုပ်ခြင်း၊ (၃၂၇၈၀ စ/ပ) ကျောက်ပြား မျက်နှာကြက် တပ်ဆင်ခြင်း၊ ဝရန်တာအပေါ်အောက် သံပန်းတပ်ဆင်ခြင်း၊ အတွင်းအပြင် ရေဆေးဆီဆေးသုတ်ခြင်း၊ ပတ်လည်အုတ်ရေမြောင်း (Drain& Apron) ပြုလုပ်ခြင်း၊ ရေ၊ မီး ၄လက်မအဝီစိတွင်း 3.5HP Submersible Pump ဂါလန်(၁၂၀၀၀)ဆံ့ မြေအောက်ရေလှောင်ကန်နှင့် ၄၀ပေ အမြင့်သံရေစင် (ဂါလန် ၈၀၀ ဆံ့ ဖိုက်ဘာတိုင်ကီ ၄လုံး (အပါအဝင်) (လုပ်ငန်း၁၅%အတွက်) ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** | - | ၁၀-၅-၂၀၁၈ရက် |
| | **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** | - | ၂၅-၅-၂၀၁၈ရက် |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျောင်းအုပ်ကြီးရုံး၊ ဖုန်း-၀၆၃-၂၀၂၃၂၁၇၊ ၀၆၃-၂၀၂၃၅၀၃သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တည်ဆောက်ရေးလုပ်ငန်းများကြီးကြပ်မှုကော်မတီ**
**မကွေးပညာရေးကောလိပ်**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### ကယားပြည်နယ်အစိုးရအဖွဲ့
### ကယားပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါ မြို့နယ်များတွင် အခြေခံပညာကျောင်းများ၌ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | မြို့နယ် | လုပ်ငန်းအရေအတွက် |
|---|---|---|
| ၁။ | လွိုင်ကော် | ၁၁ |
| ၂။ | ဒီးမော့ဆို | ၁၄ |
| ၃။ | ဖရူဆို | ၇ |
| ၄။ | ရှားတော | ၄ |
| ၅။ | ဘောလခဲ | ၃ |
| ၆။ | ဖားဆောင်း | ၅ |
| ၇။ | မယ်စဲ့ | ၄ |
| | စုစုပေါင်း | ၄၈ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၇-၅-၂၀၁၈ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၁-၅-၂၀၁၈ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်သည်။

၃။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါသွင်းရမည့်လိပ်စာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ပြည်နယ်ပညာရေးမှူးရုံး၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့

၄။ အသေးစိတ်သိရှိလိုသောအချက်များကို ဖုန်း-၀၈၃-၂၂၄၂၃၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**ပြည်နယ်ပညာရေးမှူးရုံး၊ ကယားပြည်နယ်**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အသစ်ဖွင့်လှစ်မည့် အစိုးရစက်မှုလက်မှုသိပ္ပံ (လွိုင်ကော်၊ နေပြည်တော်၊ ပဲခူး၊ သန်လျင်)၊ အစိုးရနည်းပညာအထက်တန်းကျောင်း (သံတောင်ကြီး၊ ပလက်ဝ၊ ဂွ)ကျောင်းများနှင့် လက်ရှိအစိုးရနည်းပညာအထက်တန်းကျောင်း (စစ်တွေ၊ နေပြည်တော်၊ တောင်ငူ၊ ကျောက်ဆည်) ကျောင်းများအတွက် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများလျှောက်ထားနိုင်သည်။

| စဉ် | ရာထူး(လစာနှုန်း) | ပညာအရည်အချင်း | ခန့်အပ်မည့်ဦးရေ |
|---|---|---|---|
| (က) | စာရင်းကိုင်(၂) (၂၁၆၀၀၀ိ-၂၀၀၀ိ-၂၂၆၀၀၀ိ) | စီးပွားရေးပညာဘွဲ့ရ (B.Com, B.Act, BBA,B.Eon,BPA, B.Devs) | (၁၁)ဦး |

၂။ လျှောက်ထားသူသည်-

(က) အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ခ) ၃၁-၅-၂၀၁၈ရက်တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် (၃၀) (ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်) ထက်မကျော်လွန်သူဖြစ်ရမည်။

(ဂ) ရွေးချယ်ခံရပါက အနည်းဆုံး (၃)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ ကျောင်းများနှင့်ဌာနများတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။ လုပ်ငန်းသဘောသဘာဝအရ ကွန်ပျူတာကျွမ်းကျင်သူများအား ဦးစားပေးရွေးချယ်မည်။

၃။ လျှောက်ထားသူသည် အောက်ဖော်ပြပါ စာရွက်စာတမ်းများပူးတွဲလျက် နည်းပညာ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ နီးစပ်ရာ ကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့် ဌာနများတွင် လျှောက်လွှာများထုတ်ယူပြီး ၁၅-၅-၂၀၁၈ရက် နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်-

(က)ဘွဲ့လက်မှတ်မိတ္တူ

(ခ) (၆)လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ (၃)ပုံ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ။

(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆) လအတွင်း ရရှိထားသည့်ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်မူရင်း။

(ဃ) ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းကတ်မိတ္တူနှင့် ဝန်ထမ်းမဟုတ်သူများအတွက် (၁)နှစ်အတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

(င) (၁)လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ။

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊

၄။ ရေးဖြေစာမေးပွဲကို အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ)တို့တွင် ကျင်းပမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်(သို့)သင်တန်းဆင်းလက်မှတ်/နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/အလုပ်သမားမှတ်ပုံတင် မူရင်းများ တင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ဖုန်း- ၀၆၇-၄၀၄၀၁၉ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၆။ ရေးဖြေအောင်မြင်သူစာရင်းနှင့် လူတွေ့အောင်မြင်သူစာရင်းများ စာရင်းအား www. tvetmyan-mar.gov.mm/my/news-events/announcements နှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရ နည်းပညာကောလိပ်၊ သိပ္ပံ၊ ကျောင်းနှင့်ဌာနများတွင် ကြေညာသွားမည်ဖြစ်ပါသည်။

၇။ အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ပါရှိရမည်။

၈။ လျှောက်လွှာနှင့်စပ်လျဉ်း၍ စာရွက်စာတမ်းများ မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲစစ်ဆေးမှုအား အောက်ဖော်ပြပါအတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်-

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ၊ အထွေထွေဗဟုသုတ | ၂၆-၅-၂၀၁၈ (စနေနေ့) | နံနက်၁၀း၀၀နာရီမှ ၁၂း၀၀နာရီအထိ မွန်းလွဲ ၁း၀၀နာရီမှ ၃း၀၀နာရီအထိ |
| (ခ) | အင်္ဂလိပ်စာ | ၂၇-၅-၂၀၁၈ (တနင်္ဂနွေနေ့) | နံနက်၁၀း၀၀နာရီမှ ၁၂း၀၀နာရီအထိ |

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

### ဖခင်အမည်မှန်

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဗန်းမော်မြို့ အထက(ခွဲ) အလက-၃ အဋ္ဌမတန်းမှ အောင်မြင်သူ မောင်နော လေး၏ ဖခင်အမည်မှန်မှာ (ဦးနော တား)၁/မမန(နိုင်)၀၁၀၈၉၇ ဖြစ်ပါကြောင်း။ **(ဦးနောတား)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန်စီမြို့ ဂိုန်းဖော့မြေ ရပ်ကွက်နေ ဦးမခါဂမ်-ဒေါ်ဖော်ယမ်ကော့တို့၏ သား စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဘရန်ဒီး(ခ)ဦးမခါဘရန်ဒီး ၁/မစန(နိုင်)၀၀၂၄၉၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဘရန်ဒီး**

### ဖခင်အမည်မှန်

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဗန်းမော်မြို့ အထက(ခွဲ)အလက(၃) ပဥ္စမတန်းမှအောင်မြင်သူ မောင်လန်ရီ၏ ဖခင်အမည်မှန်မှာ ဦးငွါးလဲ ၁/ဗမန(နိုင်)၀၂၃၂၈၂ ဖြစ်ပါကြောင်း။ **ဦးငွါးလဲ**

### ဖခင်အမည်မှန်

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဗန်းမော်မြို့ အထက(ခွဲ)အလက(၃)သတ္တမတန်း(က)မှ အောင်မြင်သူ မရီမလေး၊ ပဥ္စမတန်းမှ အောင်မြင်သူ မရီမာဆားနှင့် တတိယတန်းမှ အောင်မြင်သူ မောင်လန်လဲ့တို့၏ဖခင်အမည်မှန်မှာ ဦးလယ်မယ်ဆာ ၁/သပက(နိုင်)၀၃၇၅၄၂ ဖြစ်ပါကြောင်း။ **ဦးလယ်မယ်ဆာ**

### ပြောင်းလဲခေါ်ပါရန်

မန်စီမြို့နယ်၊ ငွေ့ကြီးကျေးရွာနေ ဦးတင်ကိုလတ် ၁၃/ကလန(နိုင်)၀၅၅၈၆၈ ၏သမီး မတွယ်တာစိုးအား မသွက်သွက်ဝေဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မသွက်သွက်ဝေ**

### ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ ပန်းကုန်ကျေးရွာ အမက(မူလွန်)အင်းပိုင်းမှ သတ္တမတန်းအောင်မြင်ခဲ့သော မောင်ဗလာချမ်း၏ ဖခင်အမည်မှန်မှာ ဦးလှိုင်ဝင်း ၈/မလန(နိုင်)၀၇၄၄၈၉ ဖြစ်ပါသည်။ **ဦးလှိုင်ဝင်း**

### မိခင်အမည်မှန်

ပေါင်မြို့နယ်၊ အမက (လွန်)(အင်းပိုင်း)မှ ဆဌမတန်းအောင်မြင်ပြီးသူ မချစ်စပယ်လှိုင်၏ မိခင်အမည်မှန်မှာ ဒေါ်သန်းဦး ၁၀/ပမန(နိုင်) ၁၇၆၇၇၀ ဖြစ်ပါကြောင်း။ **ဒေါ်သန်းဦး**

### ပြင်ဆင်ဖတ်ရှုပါရန်

မြန်မာ့အလင်းသတင်းစာ ၄-၁၂-၂၀၁၇ စာမျက်နှာ ၂၅ ဒေါ်သန်းရင်၏ ကန့်ကွက်နိုင်ပါကြောင်းတွင် မံဖာ ကျေးရွာ၊ ကွင်းအမှတ် ၁၈၅၊ ဦးပိုင်အမှတ် ၈၅၊ မြေဧရိယာ ၀ဒသမ ၃၅၃ ဧကဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ပြင်ဆင်ဖတ်ရှုပါရန်

မြန်မာ့အလင်းသတင်းစာ ၄-၁၂-၂၀၁၇ စာမျက်နှာ ၂၅ ဦးဇော်ဝါထွန်း၏ ကန့်ကွက်နိုင်ပါကြောင်းတွင် မံဖာ ကျေးရွာ၊ ကွင်းအမှတ် ၁၈၅၊ ဦးပိုင် အမှတ် ၈၆၊ မြေဧရိယာ ၀ဒသမ ၁၁၄ ဧကဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ပြင်ဆင်ဖတ်ရှုပါရန်

မြန်မာ့အလင်းသတင်းစာ ၄-၁၂-၂၀၁၇ စာမျက်နှာ ၂၅ ဦးဇော်လင်းထွန်း၏ ကန့်ကွက်နိုင်ပါကြောင်းတွင် မံဖာကျေးရွာ၊ ကွင်းအမှတ် ၁၈၅၊ ဦးပိုင်အမှတ် ၈၇၊ မြေဧရိယာ၀ ဒသမ ၁၂၀ဧကဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/9414 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် ၁၃ ရပ်ကွက်၊ အကွက်အမှတ် ၁၆၃၊ စက်မှုဇုန်(လွန်ကန်)အကွက်၊ ဦးပိုင်အမှတ် ၂၂၊ ဧရိယာ ၀ဒသမ ၂၂၄ဧကရှိမြေကို ဒေါ်မိုးပွင့်ဖြူ အမည်ဖြင့် လူနေမြေငှားဂရန် (အမည်ပြောင်း) ချထားပေးပါရန် လျှောက်ထားချက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက် အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဂွမ်ဟိန်း
**တိုင်းပို့ဆောင်ရေးမန်နေဂျာ၊ မြန်မာ့မီးရထား(ငြိမ်း)**
**အသက်(၉၈)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ် (၆-င)နေ ပါမောက္ခ/ဌာနမှူး ဒေါက်တာဦးတင်ဝင်း(ဆေး-၁၊ မျက်စိရောဂါပညာဌာန၊ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး)၏ကျေးဇူးရှင်မွေးသဖခင်ကြီးသည် ၂၈-၄-၂၀၁၈ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်း(နေပြည်တော်)**

အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဗိုလ်ကြီးလှတင်(ငြိမ်း)
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှု/စားကုန်**
**အသက်(၉၀)**

သူငယ်ချင်း ဗိုလ်မှူးမြင့်အေး(ငြိမ်း) ဒေါ်သက်သက်ဦးတို့၏ ချစ်လှစွာသောဖခင် ဗိုလ်ကြီးလှတင်(ငြိမ်း) အသက်(၉၀)သည် ၂၁-၄-၂၀၁၈ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆)မှ သူငယ်ချင်းများနှင့်မိသားစုဝင်များ**

ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးသောင်းတင် (အရာခံဗိုလ်-ငြိမ်း)
**ကျိုက္ကလော့ယောဂီဟောင်း**
**အသက်(၈၄)နှစ်**

ဒုဗိုလ်မှူးကြီးခင်ဇော်(ကက-ရေ)-ဒေါ်စုစုလှိုင်တို့၏ဖခင် ဦးသောင်းတင် အသက်(၈၄)နှစ်သည် ၃-၅-၂၀၁၈ရက် နံနက် ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်အမှတ်စဉ်(၃၈)မှ**
**သူငယ်ချင်းများနှင့် မိသားစုဝင်များ**

## ရဲဘော် ဖေအောင်
**ကိုကိုးကျွန်းပြန်**
**အသက်(၈၄)နှစ်**

ဖြူးမြို့၊ ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနေ (ဦးလှအောင်-ဒေါ်ရင်ရင်)တို့၏သား၊ (ဒေါ်သန်းစိန်)၊ (ဒေါ်တင်တင်ဝင်း)၊ (ဦးစိုးညွန့်)၊ (ဗိုလ်မှူးဖေသန်းမောင်)၊ (ဦးဖေတင်)တို့၏ညီ၊ (ဦးဖေစိန်)၊ ဦးငွေထွန်းတို့၏ အစ်ကို၊ ဒေါ်သီတာအောင် (ဒု-လက်ထောက် ကွန်ပျူတာထုတ်လုပ်ရေးမှူး၊ ကွန်းချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးရေးစက်ရုံ၊ ဖြူးမြို့)၊ (ဦးသက်ဦး)၊ ဦးမျိုးညွန့်-ဒေါ်သန္တာအောင်၊ ရန်ကုန်မြို့၊ (၁၇)ရပ်ကွက်၊ အမှတ် ၃၇၆၊ အောင်မင်္ဂလာလမ်း၊တောင်ဒဂုံမြို့နယ်နေ ဦးဟန်ဝင်းအောင်-ဒေါ်သီရိအောင်တို့၏ဖခင် သည်၅-၅-၂၀၁၈ရက်(စနေနေ့)မွန်းလွဲ ၁း၀၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၈ရက်(တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၁၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် တောင်ဒဂုံမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/4558 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/5763 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂ အိုင်၊ မြေကွက်အမှတ် (ပဋ္ဌမတန်းစား ၁၃၉)၊ မြေကွက်တည်နေရာအမှတ် ၁၁၇၊ ၉၃ လမ်း၊ ကန်/ရှေ့ ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ခင်စိန်စိန်၊ ခင်မြမြ၊ ခင်လှလှ) အမည်ပေါက် နှစ် ၉၀ ဂရန်(သက်ကုန်)မြေအား အမည်ပေါက်ခင်စိန်စိန်၊ ခင်မြမြ၊ ခင်လှလှတို့ ထံမှ တရားဝင်မခွဲစိတ်ရသေးသော တောင်ဘက်ခြမ်းအား အရောင်းစာချုပ်အမှတ် ၆၉၆/၈၄(၂၈-၈-၈၄)အရ ဒေါ်အင်စိန်မှ ပိုင်ဆိုင်လာပါသည်။ ပိုင်ဆိုင်လာသူ ဒေါ်အင်စိန်(မိခင်)သည် ၂၂-၆-၁၄ ရက်တွင်လည်းကောင်း၊ ဦးအင်ရှုန်(ဖခင်)သည် ၂-၇-၁၄ရက်တွင်းလည်းကောင်း အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့တွင် ဦးတိတ်ဟုန်၊ ဦးမောင်အေး၊ ဦးတိတ်စွမ်း၊ ဦးကြည်ရှိန်၊ ဒေါ်ဝင်းဝင်းသန်းဟူ၍ သားသမီး ငါးဦးမွေးဖွားပြီး ဒေါ်ဝင်းဝင်းသန်းသည် ၃၀-၁၁-၀၈ ရက်တွင် အပျိုကြီးဘဝဖြင့် ကိတ္တိမ မွေးစားထားခြင်းမရှိဘဲ ကွယ်လွန်သဖြင့် ကျန်သားသမီးများဖြစ်ကြသော ဦးတိတ်ဟုန် ၁၂/လသန(နိုင်)၀၀၆၄၉၁၊ ဦးမောင်အေး ၇/ဇကန(နိုင်)၀၀၈၀၀၀၊ ဦးတိတ်စွမ်း ၁၂/မဂတ(နိုင်) ၀၄၂၀၉၄၊ ဦးကြည်ရှိန် ၁၂/မဂတ(နိုင်)၀၄၂၀၉၅တို့မှ မိဘများတွင် သားသမီးအရင်းများအဖြစ် ၎င်းတို့ (၄)ဦးနှင့် ဒေါ်ဝင်းဝင်းသန်းတို့ စုစုပေါင်းမောင်နှမငါးဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ကြောင်း၊ အခြားသော သားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းလုံးဝမရှိပါကြောင်း၊ မိမိတို့၏မွေးချင်းဖြစ်သူ ဒေါ်ဝင်းဝင်းသန်း သည် အပျိုကြီးဘဝဖြင့် ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်းလုံးဝမရှိဘဲကွယ်လွန်သွားခဲ့ကြောင်း၊ မိဘများနှင့် မွေးချင်းဖြစ်သူတို့ အသီးသီးကွယ်လွန်ပြီးနောက် အရောင်းအဝယ်စာချုပ်အမှတ် ၆၉၆/၁၉၈၄ အရ မိခင်ဖြစ်သူ ဒေါ်အင်စိန် ဝယ်ယူပိုင်ဆိုင်လာခဲ့သည့် အဆိုပါမြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော တောင်ဘက်ခြမ်း၊ အကျယ်အဝန်း ပေ(၅၀×၁၅)ရှိ မြေကွက်အား ကျန်ရစ်သူ သားအရင်းများဖြစ်ကြသော ၎င်းတို့ညီအစ်ကို လေးဦးကတည်းသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ် ၁-၁၉၉၃(၂၂-၁-၂၀၁၈) ထောက်ခံ ကျမ်းကျိန်လွှာနှစ်စောင်၊ ဂရန်မူရင်း၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍လည်းကောင်း၊ ကျန်မြေဖြစ်သော တရားဝင်မခွဲမစိတ်ရသေးသော မြောက်ဘက်ခြမ်းအစိတ်အပိုင်းအား အမည်ပေါက် ထံမှ အရောင်းအဝယ်စာချုပ် ၆၉၅/၈၄(၅-၉-၈၄)အရ ပိုင်ဆိုင်လာသူ ဦးလူလူသွင် ၁၂/မဂတ(နိုင်)၀၇၆၆၅၃နှင့် ပူးတွဲလျက်ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ မြေပြင်တွင် နှစ်ခန်းတွဲလေးထပ်တိုက်တစ်လုံးရှိပြီး လျှောက်ထားသူ ဦးတိတ်စွမ်း+၄ တို့နှင့် အိမ်ငှားများနေထိုင်ပါသည်။ လျှောက်ထားသူများမှလည်း အိမ်ငှားများနေထိုင်ခြင်းနှင့်ပတ်သက်၍ တာဝန်ယူကြောင်း ဝန်ခံကတိတင်ပြပြီး ဖြစ်၍ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်ကြည် (ချောက်မြို့)
**အထက်တန်းပြဆရာမ၊ အထက(၂)ဒဂုံ (မြို့မကျောင်း)**
**အသက်(၇၉)နှစ်**

ချောက်မြို့နေ (ဦးအောင်ကြီး-ဒေါ်တင်မြ)တို့၏သမီး၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၆၄၊ အခန်း ၅နေ ဦးစု၏ချစ်လှစွာသောဇနီး၊ ဦးလှမြင့်-(ဒေါ်မြင့်မြင့်ရီ)တို့၏ညီမ၊ ဦးစောရွှေ-(ဒေါ်မြင့်မြင့်ဆွေ)၊ ဦးမောင်မောင်အောင်-ဒေါ်မာမာမြင့်၊ (ဦးဥက္ကာ)-ဒေါ်မြင့်မြင့်နီ၊ ဦးဖေမြင့်-ဒေါ်မြင့်မြင့်စီ၊ ဦးအောင်ကျော်-ဒေါ်မြင့်မြင့်ညို၊ ဦးရဲမြင့်အောင်-ဒေါ်သက်မှုငွေးတို့၏အစ်မ၊ မစုမြတ်ရည်(USA)၊ မောင်ဖြိုးကျော်သူတို့၏မိခင်သည် ၄-၅-၂၀၁၈ရက်(သောကြာနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၅-၂၀၁၈ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၁၈ ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါ သည်။]

ကျန်ရစ်သူမိသားစု

## ဦးချစ်ဆန်း
**တရားလွှတ်တော်ရှေ့နေ**
**အသက်(၇၀)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဋ)ရပ်ကွက်၊ ဥဇ္ဇနာ ၁၀ လမ်း၊ အမှတ် ၁၆၅နေ (ဦးအောင်မင်း-ဒေါ်ဟန်)တို့၏သား၊ (ဦးအုန်းကျော်-ဒေါ်စောစိန်)တို့၏သားသမက်၊ မောင်သက်ဦး-မစိုးမာလွင်၊မောင်ဝေယျာလင်း၊ မောင်ဉာဏ်ဝင်းထက်-မသဇင်ဌေး၊ မမူယျာဆန်းတို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်ကြည်ဌေး၏ ချစ်လှစွာသောခင်ပွန်းသည် ၄-၅-၂၀၁၈ရက် (သောကြာနေ့) နံနက် ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၈ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမြနှင်းကြိုင်
**အသက်(၆၂)နှစ်**

မြင်းခြံဒီဂရီကောလိပ် ဓာတုဗေဒဌာန၊ ပါမောက္ခ(ဌာနမှူး) (ငြိမ်း)၊ ဒေါက်တာမြနှင်းကြိုင်သည် ၂-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့်**
**ဝန်ထမ်းများ**
**မြင်းခြံဒီဂရီကောလိပ်**

## ဒေါ်မြမြသက်
**အလယ်တန်းပြဆရာမ(ငြိမ်း)**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ (၂/၂)ရပ်ကွက်၊ သစ်ယာလမ်း၊ အမှတ် ၇၃နေ (ဦးစန်းငွေ-ဒေါ်မြသန်း)တို့၏သမီး၊ (ဦးကျော်မျိုး)-ဒေါ်မြသန်းတို့၏သမီးချွေးမ၊ ဦးသောင်းမြင့်-ဒေါ်ခင်ခင်တို့၏ညီမ၊ ဦးတင်လှ-ဒေါ်လှလှသက်၊ ဒေါ်လှလှနွယ်(ဆသရ)တို့၏အစ်မ၊ ဦးတင်ဝင်း-ဒေါ်စုစု၊ ဦးမောင်မောင်ကြည်-ဒေါ်ဝိုင်းဝိုင်း၊(ဗိုလ်ကြီးဂျမားအောင်ထွန်း)၊ ဒေါ်မုံးမံ၊ ဒေါ်ငြိမ်းငြိမ်း တို့၏အစ်မ၊ ဗိုလ်မှူးဇေယျ(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ကိုဇော်ဟိန်း(3rd Engineer Ray Shipping)-မအိသဥ္ဇာသက် (ရန်ကုန်စတော့အိတ်ချိန်းနှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)၊ ဗိုလ်ကြီးအောင်ဇေယျာမင်း (လဆရ-၅၊ ဖောင်ကြီး)-မသန်းသန်းထက်အောင်တို့၏မိခင်၊ မောင်ဉာဏ်လင်းထက်ဇော်၊ မောင်သန့်ဇေယျာလင်းတို့၏အဘွားသည် ၅-၅-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၁၂း၃၂နာရီတွင် ကွယ်ကဘောဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၈ ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထောက်ကြန့် မြို့ရှောင်လမ်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၁၈ရက်(သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဇော်ဝိတ်
**အသက်(၄၄)နှစ်**

မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့၊ (၁)ရပ်ကွက်နေ ဒေါ်စောမွန်၏ခင်ပွန်း ဦးဇော်ဝိတ်သည် ၄-၅-၂၀၁၈ရက် (သောကြာနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းနိုင်ဦး-ဒေါ်မိုးနွယ်နွယ်ဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ်-၂၇၁၊ မြေကွက်တည်နေရာအမှတ်(၂)၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဦးလူချော ၁၂/ဒပန(နိုင်) ၀၂၆၁၅၂၊ ဦးကျော်သန်း ၁၂/ဒပန(နိုင်)၀၂၇၄၆၄ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးလူချော(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ အစုအား ဇနီးဖြစ်သူ ဒေါ်မခင် ၁၂/ဒပန(နိုင်)၀၂၉၂၆၂နှင့် အမည်ပေါက်တစ်ဦးဖြစ်သူ ဦးကျော်သန်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၇၇၂/၁၃-၁၀-၂၀၁၅ဖြင့် ရရှိသူ ဒေါ်အေးသန်းမှ ပါဝါမရုပ်သိမ်းသေးကြောင်းနှင့် ပါဝါပေးသူများ သက်ရှိထင်ရှားရှိကြောင်း ၃၀-၁၀-၂၀၁၅ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ဒေါ်မခင်နှင့် ဦးလူချော ပိုင်ဆိုင်သည့် အစုအား ၎င်းတစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အခြားအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ၃၀-၁၀-၂၀၁၅ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာနှစ်စောင်၊ ဂရန်မူရင်း၊ သေစာရင်းတို့တင်ပြီး ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား ကွင်းဆင်းရာတွင် မြေကွက်လပ်ဖြစ်ကြောင်း တွေ့ရှိရပြီး ယင်းမြေကွက်လပ်နှင့် ပတ်သက်၍ တာဝန်ယူကြောင်း ဝန်ခံကတိပြုစာတင်ပြလာပါသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးမောင်မြင့်
**ဘဝခရီးသည်နာရေးကူညီမှုအဖွဲ့ဝင်**
**(ဒဂုံအချိုရည်စက်ရုံ)**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ စောခွန်ရစ်လမ်း၊ အမှတ် ၅၉၂နေ (ဦးဟာတင်-ဒေါ်စိန်ရင်)တို့၏သား၊ (ဦးမောင်သိန်း-ဒေါ်ကြိတ်)တို့၏သားသမက်၊ ဒေါ်ခင်အေး၏ခင်ပွန်း၊ (ဦးချိုဦး-ဒေါ်ခင်မာကြူ)၊ (ဦးမျိုးဦး)-ဒေါ်ချိုချိုအောင် (အထက-၂)၊ (ဦးလွင်ဦး)၊ ဦးမင်းဦး-ဒေါ်အိအိချော(N.G.O)တို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၂-၅-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ည ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၅-၂၀၁၈ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၈-၅-၂၀၁၈ရက် (အင်္ဂါနေ့)နံနက်တွင်ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်နန့်စီ
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့နေ (ဦး DS Singh)၏ဇနီး၊ တိုက် A-1၊ အခန်း 201-202၊ ဇာလီတောင်အိမ်ရာ၊ သုမင်္ဂလာလမ်း၊ သဃ်န်းကျွန်းမြို့နယ်နေ Capt: ဦးထွန်းအောင်ကျော်(TSM)-ဒေါ်ဘက်တီဆင်း၊ ဦးဇော်ဦး(မင်္ဂလာမြန်မာ)-ဒေါ်နီလာဆင်း၊ Mr. Simon Teng -ဒေါ်သုဇာဆင်းတို့၏ ချစ်လှစွာသောမိခင်၊ Dr. ယုဇနသော်ဒါ (Samitivej International)၊ မကြေးမုံထွန်း၊ မသက်ထားဇော်၊ မယွန်းဝင့်ဝါကျော်တို့၏အဘွားသည် ၄-၅-၂၀၁၈ ရက် ည ၁၀း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၅-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဖုန်းဆွေ
**ဒု/ညွှန်(ငြိမ်း)**
**သတ္တုတွင်းဦးစီးဌာန**
**အသက်(၇၄)နှစ်**

ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်နေ (ဦးမြတင် - ဒေါ်သန်းတင်)တို့၏သား၊ ဦးတင်မောင်၊ (ဦးတင်အောင်)၊ (ဒေါ်ခင်ခင်)၊ ဦးခင်မောင် MD, MICB (ငြိမ်း) (AYA Bank)-ဒေါ်ယဉ်ယဉ်မေ (အေမီ)တို့၏ညီ၊ [ဒေါ်ယဉ်ယဉ် (ကျောက်ဆည်)]၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄) ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ် ၃၃၄နေ ဒေါ်အိုင်ရင်းခင်ဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်မင်းဆွေ (MICB)၊ကိုမျိုးသူ(ခေတ္တ-စင်ကာပူ)-မကျော့ကျော့မွန်တို့၏ဖခင်၊ မောင်စောအယ်ဗင်၏အဘိုးသည် ၅-၅-၂၀၁၈ ရက် မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၅-၂၀၁၈ရက် (တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3H/1650 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၆၁၀၆ New Anbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးလွင်မိုးအောင် ၅/စကန (နိုင်) ၂၀၅၉၆၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တဉာဏ
**(ကိုးထပ်ကြီးဘုရား ဩဝါဒါစရိယ)**
**ဗားကရာတိုက်အုပ်ချုပ်ရေးနာယက(မွှာစရိယ)**
**သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ဗားကရာတိုက်၊ မဟာပိန္နဲကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တဉာဏသည် (၁၃၈၀ပြည့်နှစ် ကဆုန်လပြည့်ကျော် ၅ရက်) ၄-၅-၂၀၁၈ရက်(သောကြာနေ့)ည ၉း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၁၃၈၀ပြည့်နှစ် ကဆုန်လပြည့်ကျော် ၉ရက်) ၈-၅-၂၀၁၈ရက်(အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (မဟာပိန္နဲကျောင်းတိုက်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

တပည့်ဒါယကာ၊ ဒါယိကာမများ
ဈာပနကျင်းပရေးအဖွဲ့၊ မဟာပိန္နဲကျောင်း၊
ဗားကရာတိုက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

## ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီး ပါမောက္ခ ဒေါက်တာဦးရဲမြင့် အသက်(၈၄)နှစ်၊ ပါမောက္ခဌာနမှူး၊ နှလုံးနှင့်သွေးကြောခွဲစိတ်ကုပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး(ငြိမ်း)သည် ၅-၅-၂၀၁၈ ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံနှလုံးရောဂါပညာအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီး ပါမောက္ခ ဒေါက်တာဦးရဲမြင့် အသက်(၈၄)နှစ်၊ ပါမောက္ခဌာနမှူး၊ နှလုံးနှင့်သွေးကြောခွဲစိတ်ကုပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး(ငြိမ်း)သည် ၅-၅-၂၀၁၈ ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဒေါက်တာဝင်းဝင်းကျော်နှင့်မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဆရာကြီး ပါမောက္ခ ဒေါက်တာဦးရဲမြင့် အသက်(၈၄)နှစ်၊ ပါမောက္ခဌာနမှူး၊ နှလုံးနှင့်သွေးကြောခွဲစိတ်ကုပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး(ငြိမ်း)သည် ၅-၅-၂၀၁၈ ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**နှလုံးနှင့်သွေးကြောခွဲစိတ်ကုပညာဌာန**
**ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်**

## ဦးအောင်လွင်(ခ)ဦးဘိုလေး (USA)
**(နွားထိုးကြီးမြို့)**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ဦးလော်ခြံလမ်း၊ အမှတ် ၁၁/၁၂နေ ဒေါ်ခင်တူး၏ ချစ်လှစွာသောခင်ပွန်း၊ မအေးအေးငြိမ်း၊ ဒေါက်တာမျိုးမင်းထွေး-ဒေါက်တာမျိုးမျိုးအောင်၊ မောင်မျိုးသွင်တို့၏ ဖခင်သည် ၃-၅-၂၀၁၈ရက် (ကြာသပတေးနေ့) ည ၇း၂၅နာရီတွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ ကွယ်လွန်သွားပါသဖြင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**
## ဦးဌေးအောင်
**အသက်(၇၄)နှစ်**

ရန်ကုန်မြို့နေ (ဦးဘညွန့်-ဒေါ်အုံးမြိုင်)တို့၏သား၊ ရွှေပြည်သာမြို့နေ ဦးမောင်မောင်ဝင်း-ဒေါ်စန်းစန်းမြင့်၊ ဦးစိုးနိုင်-ဒေါ်အေးအေးမော်တို့၏အစ်ကို၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ မေယုလမ်း၊ အမှတ် ၂၄ (သုံးလွှာ)နေ ဒေါ်လှလှမြင့်၏ခင်ပွန်း၊ မနီနီအောင်၊ ကိုကျော်သူဝင်း-မဖြူဖြူအောင်၊ ကိုသန်းထွဋ်မင်း-မသဉ္ဇာအောင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၅-၅-၂၀၁၈ရက်(စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၅-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၁-၅-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မဝင်းလဲ့မြင့် (VALERIE-LI MIN)
**P4 BRAVURA TOTAL LEARNING ACEDEY-2**
**အသက်(၁၀)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောကျောင်းလမ်း၊ အမှတ် ၃၅(မြေညီထပ်)နေ ဦးတင်မောင်မြင့်(VISITING INSTRUCTOR) (WISE WISH METC နှင့် BOB SPECIALISED TANKER TRAINING CENTRE)-ဒေါ်နှော်ဘဲဖောတို့၏ချစ်လှစွာသောသမီး၊ မောင်ထက်မိုးမြင့်(P6 BRAVURA TOTAL BRAIN WORKS SCHOOL)၏ညီမ၊ မောင်သူရိန်မိုးမြင့်၏အစ်မသည် ၄-၅-၂၀၁၈ရက် (သောကြာနေ့) ညနေ ၄း၁၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၁၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မြစ်ကြီးနားမြို့နယ် တိုက်ပွဲရှောင်စခန်းရှိပြည်သူများအား အားပေးစကားပြောကြား

**ကချင် မေ ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်နှင့်အတူ ယနေ့ညနေပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့တန်ဖဲရွာတွင် ယာယီဖွင့်လှစ်ထားရှိသော တိုက်ပွဲရှောင်စခန်းသို့ ရောက်ရှိကြပြီး နေရပ်စွန့်ခွာရောက်ရှိလာသော ပြည်သူလူထုနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုအနေဖြင့် ယခုကဲ့သို့ နေရပ်စွန့်ခွာလာရချိန်တွင် လိုအပ်သော စားဝတ်နေရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့်အခက်အခဲများကို ဖြေရှင်းပေးရန်၊ အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများကို ပိုမိုအလေးထား စောင့်ရှောက်ရန် ကူညီမှုများပေးအပ်လို၍ လာရောက်ခြင်းဖြစ်ပါကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများအနေဖြင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြရန် ပြောကြားသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❖

# မွန်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

## ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုအား နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားနိုင်ရန် အရေးကြီး



မွန်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

**ရေး မေ ၅**

မွန်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မွန်ပြည်နယ် ရေးမြို့နယ်ရှိ ပြည်သူ့အားကစားရုံ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ကျိုက်မရောမြို့နယ် ရာမညနိကာယ ကော့ပလိုင်ကျောင်းဆရာတော် ဘဒ္ဒန္တ ကေတုမာလာက ဩဝါဒစကားမြွက်ကြားသည်။

ယင်းနောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အမှာစကားပြောကြားရာတွင် NCA လက်မှတ်ရေးထိုးပြီးနောက် မွန်ပြည်သစ်ပါတီအနေဖြင့် ယခုကဲ့သို့ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို အမြန်ဆုံးကျင်းပနိုင်သည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးနှင့် အာမခံခွင့် အပြည့်အဝရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုအား နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားနိုင်ရန် အရေးကြီးပါကြောင်း၊ ယင်းသို့ တည်ဆောက်နိုင်ရန် တိုင်းရင်းသားများ၏ လိုလားချက်၊ သဘောဆန္ဒများ၊ အမြင်သဘောထားများကို စုစည်းနိုင်ရေးအတွက် ယခုကဲ့သို့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယခုဆွေးနွေးပွဲမှ မွန်တိုင်းရင်းသားတို့၏ လိုအပ်ချက်၊ လိုလားချက်များနှင့် အမြင်သဘောထားများအား တင်ပြခွင့်ရရှိတော့မည်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း မလေးရှားကို အနိုင်ရ

**ဂျကာတာ မေ ၅**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲ အုပ်စု(က) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းက မလေးရှားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ပထမဆုံး နိုင်ပွဲရရေးအတွက် ပွဲစကတည်းက အားထုတ်ကစားခဲ့ပြီး အသင်းခေါင်းဆောင် မြတ်နိုးခင်၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြတ်နိုးခင်သည် ၈ မိနစ်နှင့် ၂၉ မိနစ်တွင် ရရှိသည့် ပြစ်ဒဏ်ဘော နှစ်ကြိမ်ကို တိုက်ရိုက်ကန်သွင်းကာ မြန်မာအသင်းအတွက် ဂိုးများရယူပေးခဲ့ခြင်းဖြစ်သည်။ မလေးရှားအသင်းအတွက် ချေပဂိုးကို ၃၈ မိနစ်တွင် ပယ်နယ်တီမှ

*စာမျက်နှာ ၁၃ ကော်လံ ၆* ▲



**မြန်မာအသင်းအတွက် နှစ်ဂိုး သွင်းပေးခဲ့သည့် မြတ်နိုးခင်နှင့် ကစားဖော်များ အောင်ပွဲခံနေစဉ်။** ဓာတ်ပုံ-AFF

## ခင်ဦးမြို့နယ်တွင် မိုးကြိုးပစ်သဖြင့် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦး သေဆုံး

စာ-၁၁

## မြို့သစ်မြို့နယ်တွင် သုံးလောင်းပြိုင်လူသတ်မှု ဖြစ်ပွား

စာ-၁၂




# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
တနင်္ဂနွေ၊ မေ ၆၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။




နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့အခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲများနှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

## ချင်းပြည်နယ် အစိုးရအဖွဲ့၏ ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာ

**ဟန်နီဝင်း (သတင်းစဉ်)**

ယနေ့ထက်တိုင် ရိုးရာဂျပ်ခုတ်ဝတ်စုံများကို မြတ်နိုးတန်ဖိုးထား ဝတ်ဆင်ကာ ရိုးရာဓလေ့နှင့် သဘာဝအလှတရားများစွာ တည်ရှိရာ၊ ပြည်နယ်၏ အမှတ်သင်္ကေတ အောက်ချင်းငှက်များ ရှင်သန်ရာ၊ တောင်ဇလပ်ပန်းများ ပွင့်လန်းရာ ချင်းပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ဖွံ့ဖြိုးမှုမှာ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များထက် တစ်ဆင့်နိမ့်ကျခဲ့သည်။

**ဦးစားပေးလုပ်ငန်းသုံးခု**

ထို့ကြောင့် ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ ကာလအတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ပြည်နယ်နှင့် ကိုက်ညီသည့် စိုက်ပျိုးရေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေး စသည့် ဦးစားပေးလုပ်ငန်းသုံးခုကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လမ်းပန်းဆက်သွယ်ရေးကဏ္ဍ**

ပထမဦးစားပေးလုပ်ငန်းသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးဖြစ်သည့်အားလျော်စွာ လမ်းပန်းဆက်သွယ်ရေးကဏ္ဍအတွက် ပြည်နယ်ဘတ်ဂျက်၏ ၅၂ ရာခိုင်နှုန်းကို သုံးစွဲခဲ့ကြောင်း သိရသည်။

**ကြိုးစားဆောင်ရွက်လျက်ရှိ**

"ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကဦးစားပေးဆောင်ရွက်တဲ့ လုပ်ငန်းသုံးခု ရှိပါတယ်၊ ပထမက လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးပါ၊ နွေမိုးဆောင်း သုံးရာသီ အမြဲတမ်းသွားလာနိုင်သည့် လမ်းဖြစ်အောင် ကြိုးစားပြီး ဆောင်ရွက်လျက်ရှိပါတယ်၊ ဆောင်ရွက်တဲ့နေရာမှာ အဓိကအားဖြင့် ချင်းပြည်နယ် မြောက်ပိုင်း အစွန်ဆုံး တီးတိန်မြို့နယ် ကျီးခါးမြို့မှ တောင်ပိုင်းအစွန်ဆုံး ပလက်ဝမြို့နယ် ဆမီးအထိ ရာသီမရွေးသွားလာနိုင်တဲ့ လမ်းဖြစ်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

**ဆက်သွယ်ရေးကဏ္ဍ**

"ဒီလမ်းကို ချင်းပြည်နယ်ရဲ့ကျောရိုးမဏ္ဍိုင်လမ်းဖြစ်အောင် ဆောင်ရွက်ပါတယ်၊ ချင်းပြည်နယ်အစိုးရရဲ့ ဘတ်ဂျက် ၅၂ ရာခိုင်နှုန်းကို လမ်းပန်းဆက်သွယ်ရေးကဏ္ဍအတွက် အသုံးပြုလျက်ရှိပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ပြောသည်။

"ချင်းပြည်နယ်ဟာ ကုန်းပိတ်ပြည်နယ်ဖြစ်နေတဲ့အတွက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့အခါ ပလက်ဝမြို့ကနေ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် ဇိုရမ်ပူရ်အထိ နယ်စပ်ကုန်သွယ်ရေးလမ်းကိုလည်း ကြိုးစားဖောက်လုပ်ခဲ့ပါတယ်၊ လမ်းကတော့ ဆောင်ရွက်နေဆဲဖြစ်ပါတယ်၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံသဘောတူညီချက် MoU ရေးထိုးပြီး ဆောင်ရွက်နေတဲ့ လမ်းဖြစ်ပါတယ်။



ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်

**မြစ်ကူးတံတားတည်ဆောက်**

"အဲဒီလိုပဲ ထန်တလန်မြို့နယ်ဘက်က စာချီချောက်လမ်းကနေ အိန္ဒိယနိုင်ငံ နယ်စပ်ကုန်သွယ်ရေးလမ်းကို ကြိုးစားပြီး ဖောက်လုပ်နေတာ တံတားတည်ဆောက်ဖို့ပဲ ကျန်ပါတော့တယ်၊ ပလက်ဝမြို့နယ်မှာ ပေ ၁၉၀၀ ခန့်ရှည်လျားတဲ့ ကုလားတန်မြစ်ကူးတံတားကို တည်ဆောက်နေတာ ၃၃ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ပါတယ်၊ ဒီလုပ်ငန်းတွေ ပြီးစီးရင် တခြားတိုင်းဒေသကြီးတွေနဲ့ ပြည်နယ်တွေ ဖွံ့ဖြိုးတိုးတက်မှုကို မမီတဲ့တိုင် ကျွန်တော်တို့ ပြည်နယ်ဟာ သူ့စံချိန်နဲ့သူ အများကြီး တိုးတက်လာမှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

> **ပြည်နယ်တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကဦးစားပေးဆောင်ရွက်တဲ့ လုပ်ငန်းသုံးခု ရှိပါတယ်၊ ပထမက လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးပါ၊ နွေမိုးဆောင်း သုံးရာသီ အမြဲတမ်းသွားလာနိုင်သည့် လမ်းဖြစ်အောင် ကြိုးစားပြီး ဆောင်ရွက်လျက်ရှိပါတယ်၊ ဆောင်ရွက်တဲ့နေရာမှာ အဓိကအားဖြင့် ချင်းပြည်နယ်မြောက်ပိုင်း အစွန်ဆုံး တီးတိန်မြို့နယ် ကျီးခါးမြို့မှ တောင်ပိုင်း အစွန်ဆုံး ပလက်ဝမြို့နယ် ဆမီးအထိ ရာသီမရွေးသွားလာနိုင်တဲ့ လမ်းဖြစ်အောင် ကြိုးစားဆောင်ရွက်လျက်ရှိ**

**ရေတံခါးတပ် ရေပိုလွှဲတည်ဆောက်**

ချင်းပြည်နယ်အစိုးရအနေဖြင့် ၂၀၁၅ ခုနှစ် သဘာဝဘေးကြောင့် ပျက်စီးခဲ့သည့် ဟားခါးမြို့ ရုန်းတောင်ကို ရွှံ့နွံဖယ်ရှားပြီး ထပ်မံပြိုကျမှု မရှိစေရေး မြေထိန်းနံရံ ကျောက်စီလုပ်ငန်း၊ ရေနုတ်မြောင်းတူးဖော်ခြင်း၊ တာပေါင်ဖို့ခြင်းနှင့် ရေတံခါးတပ်ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းများကို နှစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နှစ်နှစ်တာကာလအတွင်း လမ်းတံတား ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မျိုးထွဋ်က "နှစ်နှစ်တာကာလအတွင်းမှာ ကတ္တရာလမ်းအသစ် မိုင် ၁၁၀ လောက်ခင်းနိုင်ခဲ့တယ်၊ ရာသီမရွေးသွားလို့ရတဲ့ လမ်းအနေနဲ့ ၁၃၉ မိုင်လောက် ဆောင်ရွက်နိုင်ခဲ့တယ်၊ ပေ ၁၈၀ အထက် တံတားကြီးတွေဆိုရင် ငါးစင်းတည်ဆောက်နိုင်ခဲ့တယ်၊ ဥပမာ တွန်းဇံဘက်က နတ်ဇန်၊ ဘွေနူးတို့ နောက် ဘွေလီတံတား

*အချပ်ပို(ခ)သို့*

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချင်းတိုင်းရင်းသားတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ချင်းတိုင်းရင်းသူ နိုင်ငံ့လက်ရွေးစင် အားကစားသမားတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

*အချုပ်ပို (က) မှ*

စသဖြင့် အဲဒီလိုတံတားမျိုးတွေ ငါးစင်း တည်ဆောက်နိုင်ခဲ့တယ်၊ မိုးတွင်းမှာ အဓိကစိန်ခေါ်မှုက တောင်ပြိုတာ၊ လမ်းသားပဲ့တာတွေပါ၊ တောင်ပြိုတာကို JICA က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ နည်းပညာလာကူညီပေးတယ်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အပြီးမှာတော့ မြေပြိုမှုကို ရာနှုန်းပြည့်နည်းပါး ထိန်းသွားနိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်”ဟု ပြောသည်။

**ကမ္ဘာ့ဘဏ်နှင့် သဘောတူညီ**

ပြည်နယ်အစိုးရအနေဖြင့် ကလေး-ဖလမ်း-ဟားခါးလမ်း ၁၂၄ မိုင် နိုင်လွှန်ကတ္တရာခင်းခြင်းကို ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် စတင်ဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်နှင့် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း သိရသည်။

**လုပ်ငန်းဆောင်ရွက်**

ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးက “ကမ္ဘာ့ဘဏ်နဲ့ ပူးပေါင်းပြီး ကလေး-ဖလမ်း-ဟားခါးလမ်း ၁၂၄ မိုင်ကို နိုင်လွှန်ကတ္တရာခင်းဖို့ ရှိပါတယ်၊ ရန်ပုံငွေအနေနဲ့ကတော့ အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၈ မီလီယံ ရှိပါတယ်၊ ပထမတစ်ခါ ကမ္ဘာ့ဘဏ်က လာရောက်လေ့လာအချိန်မှာ နည်းနည်းအဆင်မပြေမှုတွေ ရှိပါတယ်။ ဒါပေမယ့် သူတို့ကို ပြန်ရှင်းပြတဲ့အခါမှာ သဘောပေါက်သွားပြီးတော့ ၂၀၁၈ မတ်လ ၂၀ ရက်နေ့မှာ ထပ်ဆွေးနွေးကြပြီး သဘောတူညီမှုရရှိပြီ ဖြစ်ပါတယ်၊ ၂၀၁၉ အောက်တိုဘာလလောက်ကနေစပြီး လုပ်ငန်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု ပြောကြားသည်။

**သစ်သီးဝလံစိုက်ပျိုးရေးကို ဦးစားပေး**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဒုတိယဦးစားပေးလုပ်ငန်းမှာ လျှပ်စစ်မီးတိုးတက်ရရှိရေးဖြစ်ပြီး တတိယဦးစားပေးအနေဖြင့် စိုက်ပျိုးရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်နိုင်ရန် မိရိုးဖလာ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းမှ အစဉ်အမြဲတည်တံ့သည့် သီးနှံစိုက်ပျိုးရေး၊ သစ်သီးဝလံစိုက်ပျိုးရေးကို ဦးစားပေး ဆောင်ရွက်ခဲ့သည်။

**မြို့လေးမြို့ ဓာတ်အားဖြန့်ဖြူးနိုင်**

လျှပ်စစ်ကဏ္ဍတွင် ချင်းပြည်နယ်ရှိ မြို့၁၅ မြို့အနက် မြို့ခြောက်မြို့ကို မဟာဓာတ်အားလိုင်းရရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မြို့လေးမြို့အတွက် ရေအားလျှပ်စစ်မှ ဓာတ်အားဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“နှစ်နှစ်အတွင်းမှာ ချင်းပြည်နယ်အတွင်းရှိ မြို့၁၅ မြို့အနက် မြို့ခြောက်မြို့မှာ မဟာဓာတ်အားလိုင်းရရှိသလို နောက်ထပ် မြို့လေးမြို့အတွက် ရေအားလျှပ်စစ်ကနေပြီးတော့ ဓာတ်အားဖြန့်ဖြူးနိုင်ဖို့ စတင်ဆောင်ရွက်နေတယ်၊ နောက်ထပ်မြို့ကြီး သုံးမြို့ကိုပါ မဟာဓာတ်အားလိုင်းကနေ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မယ်ဆိုရင် ကျွန်တော်တို့ ပြည်နယ်အစိုးရသက်တမ်း ငါးနှစ်အတွင်းမှာ ချင်းပြည်နယ်ရှိ မြို့အားလုံးနီးပါး ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသွားနိုင်မှာ ဖြစ်ပါတယ်”ဟု ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခက်က ပြောသည်။

**မြို့၁၅ မြို့ဖြင့် ဖွဲ့စည်း**

ချင်းပြည်နယ်သည် ဧရိယာစတုရန်းမိုင် ၁၃၉၀၇ မိုင် ကျယ်ဝန်းကာ ကန်ပက်လက်၊ မတူပီ၊ ပလက်ဝ၊ မင်းတပ်၊ ဖလမ်း၊ ထန်တလန်၊ တီးတိန်၊ တွန်းဇံ၊ ဟားခါးဟူသည့် မြို့နယ် ကိုးမြို့နယ်နှင့် ရိခေါဒါရ်၊ ရေဇွာ၊ ကျီခါး၊ ခိုင်ကမ်း၊ နှာရိန်၊ မကြီးအိမ်နူး စသည့်မြို့များအပါအဝင် မြို့၁၅ မြို့ဖြင့် ဖွဲ့စည်းထားသည်။

“တောင်သူတွေအတွက် စိုက်ပျိုးရေးနဲ့အတူ လမ်းပန်းဆက်သွယ်ရေးက အဓိကအရေးကြီးတယ်၊ ဘာလို့လဲဆိုရင် ရွာတွေမှာစိုက်ဖို့ မြေတွေက ရှိတယ်၊ စိုက်ပြီးတော့ ထွက်တဲ့ စိုက်ပျိုးသီးနှံတွေကို ဈေးနှုန်းချိုသာစွာနဲ့ ချောချောမောမောပို့နိုင်မှ ဝင်ငွေတိုးမှာပါ။



အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ချင်းတိုင်းရင်းသား နိုင်ငံ့လက်ရွေးစင် အားကစားသမားတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

“အဲဒီတော့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ဖို့လိုတယ်၊ ပြီးတော့ တောင်သူတွေအတွက် မျိုးကောင်းမျိုးသန့် ရရှိနိုင်ရေးကို လုပ်ဆောင်ပေးဖို့ လိုပါတယ်၊ အထက်ကနေဒါစိုက်ရမယ်ဆိုတာထက် ကိုယ့်ဒေသမှာ အမှန်တကယ်ရောင်းလို့ရတဲ့ သီးနှံ၊ အထွက်နှုန်း များတဲ့ မျိုးကောင်းမျိုးသန့် လုံလောက်စွာရရှိနိုင်ရေးကို လုပ်ဆောင်ပေးဖို့ လိုတာပေါ့”ဟု ဒေသခံ ပြည်သူတစ်ဦးဖြစ်သည့် ဆလိုင်းမာဟုန်းက အကြံပြုပြောကြားသည်။

**စိုက်ပျိုးရေရရှိရေး ဆောင်ရွက်**

ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်းက “၂၀၁၆-၂၀၁၇ မှာ ဆည်မြောင်းလုပ်ငန်းအနေနဲ့ လုပ်ငန်းပေါင်း ၂၆ ခု၊ အကျိုးပြုဧက ၁၇၅၅ ဧက၊ ၂၀၁၇-၁၈ ခုနှစ်မှာ ဆည်မြောင်းလုပ်ငန်း ၃၃ ခု၊ အကျိုးပြုဧက ၁၃၇၅ ဒသမ ၅ ဧကကျော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်၊ ပြီးတော့ သီကီရ်ရေလှောင်တမံကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်”ဟု စိုက်ပျိုးရေးကဏ္ဍအတွက် အဓိကကျသည့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်မှုကို ပြောပြသည်။

ပြည်နယ်အတွင်း သစ်တောကဏ္ဍ ထိန်းသိမ်းမှုအနေဖြင့် ဒုတိယတစ်နှစ်တာ ကာလအတွင်း ချင်းပြည်နယ်၏ အဓိကသင်္ကေတဖြစ်သည့် အောက်ချင်းငှက်နှင့် တောင်ဇလပ် ထိန်းသိမ်းနိုင်ရန် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာ ဒေသန္တရအမိန့်ကို ထုတ်ပြန်နိုင်ခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

*အချုပ်ပို(ဂ)သို့*




ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၁၈) အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ် အမှာစကားပြောကြားစဉ်။

*အချပ်ပို(ခ)မှ*

ချင်းပြည်နယ်အတွက် အရေးကြီးတဲ့ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေနဲ့ ငွေတိုးချေးစားသူများ ဥပဒေ စသဖြင့် ပြုပြီးသားဥပဒေ ငါးခုရှိပါတယ်၊ မေလအတွင်းမှာ လွှတ်တော်က ဥပဒေပြုဖို့ လျာထားတာငါးခု ရှိပါတယ်၊ လွှတ်တော် ၁၂ ကြိမ်မြောက်မှာ ချင်းအမျိုးသားနေ့နဲ့ ပတ်သက်ပြီးချင်းလူမျိုးများ အထွတ်အမြတ်ထားတဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရမှ တရားဝင်ရုံးပိတ်ရက်အဖြစ်သတ်မှတ်ပေးဖို့ ပြည်နယ် လွှတ်တော်က ဆုံးဖြတ်ချက်ချခဲ့ပါတယ်၊ ဒါပေမယ့်ပြည်နယ်အစိုးရက ပြည်ထောင်စုအစိုးရကို တင်ပြပြီးမှ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်” ဟု ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲက လွှတ်တော်ကဏ္ဍမှ ပြည်သူ့အတွက်ဆောင်ရွက်မှုကို ပြောကြားသည်။

**ခရီးသွားဝင်ရောက်မှုတိုးတက်**

ချင်းပြည်နယ်သို့ ခရီးသွားဝင်ရောက်မှုမှာ နှစ်နှစ်တာအတွင်းနှစ်ဆခန့် တိုးတက်လာကြောင်း သိရပြီး ၂၀၁၆ ခုနှစ်တွင် ပြည်တွင်းခရီးသွား ၅၂၅၀ ဦးနှင့် ပြည်ပခရီးသွား ၁၇၆၀ ဦး၊ ၂၀၁၇ ခုနှစ်တွင် ပြည်တွင်းခရီးသွား ၁၁၀၄၇ ဦးနှင့် ပြည်ပခရီးသွား ၂၄၅၄ ဦး ဝင်ရောက်ခဲ့ ကြောင်း သိရသည်။

**ကုန်စည်စီးဆင်းမှုနှေးကွေး**

“နယ်စပ်အရေးနဲ့ ပတ်သက်လို့ရှိရင် ရိခေါ်ဒါရ်မြို့မှာ မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ဈေးကို ဖွင့်ထားပါတယ်၊ ဒါပေမယ့် လမ်းပန်းဆက်သွယ်ရေးလိုအပ်ချက်ကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှု၊ ကုန်စည်စီးဆင်းမှုဟာ တိုးတက်သင့်သလောက် မတိုးတက်သေးဘဲ နှေးကွေးနေတာ တွေ့ရပါတယ်။

**နှစ်နိုင်ငံသဘောတူ**

“အခု မြန်မာနဲ့ အိန္ဒိယနှစ်နိုင်ငံ သဘောတူညီချက်အရ အိန္ဒိယနိုင်ငံအကူအညီနဲ့ ရိခေါ်ဒါရ်ဈေးကနေ မြန်မာနိုင်ငံ တီးတိန်မြို့နယ်အထိ လမ်းအူကြောင်းအသစ်ရှာဖွေပြီးတော့လမ်းသစ် ဖောက်ပြီး ကတ္တရာလမ်းခင်းဖို့ ပူးပေါင်း ဆောင်ရွက်မယ်၊ ပြီးတော့ ရိခေါ်ဒါရ်မြို့ကနေ အိန္ဒိယနိုင်ငံ ဇိုခေါထာရ်မြို့ကြားမှာရှိတဲ့ တံတားကိုလည်း သံကူကွန်ကရစ်တံတားအဖြစ် ထပ်မံတည်ဆောက်မှာဖြစ်ပြီးတော့အဲဒီအတွက်လည်း နှစ်နိုင်ငံသဘောတူ စာချုပ်လက်မှတ်ရေးထိုးပြီးသား ဖြစ်ပါတယ်၊ ဖလမ်းမြို့နယ် လေးလက်ကျေးရွာနဲ့ အိန္ဒိယနိုင်ငံ ဇာဖိုင်မြို့နယ်စပ်ဈေးဖွင့်ဖို့ အတွက်လည်း နှစ်နိုင်ငံသဘောတူပြီးသားဖြစ်ပါတယ်” ဟု နယ်စပ်ကုန်သွယ်ရေးနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က ပြောသည်။




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ချင်းပြည်နယ် ဟားခါးမြို့၌ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**“အခု မြန်မာနဲ့ အိန္ဒိယနှစ်နိုင်ငံ သဘောတူညီချက်အရ အိန္ဒိယနိုင်ငံအကူအညီနဲ့ ရိခေါ်ဒါရ်ဈေးကနေ မြန်မာနိုင်ငံ တီးတိန်မြို့နယ်အထိ လမ်းအူကြောင်းအသစ်ရှာဖွေပြီးတော့ လမ်းသစ်ဖောက်ပြီး ကတ္တရာလမ်းခင်းဖို့ ပူးပေါင်းဆောင်ရွက်မယ်၊ ပြီးတော့ ရိခေါ်ဒါရ်မြို့ကနေ အိန္ဒိယနိုင်ငံ ဇိုခေါထာရ်မြို့ကြားမှာရှိတဲ့ တံတားကိုလည်း သံကူကွန်ကရစ်တံတားအဖြစ် ထပ်မံတည်ဆောက်မှာဖြစ်ပြီးတော့ အဲဒီအတွက်လည်း နှစ်နိုင်ငံသဘောတူစာချုပ်လက်မှတ်ရေးထိုးပြီးသား ဖြစ်ပါတယ်၊ ဖလမ်းမြို့နယ် လေးလက်ကျေးရွာနဲ့ အိန္ဒိယနိုင်ငံ ဇာဖိုင်မြို့နယ်စပ်ဈေးဖွင့်ဖို့ အတွက်လည်း နှစ်နိုင်ငံသဘောတူပြီးသားဖြစ်”**

**ပံ့ပိုးကူညီပေးနိုင်ခဲ့**

ပြည်နယ်အတွင်း စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်နယ်အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် ချေးငွေလျှောက်ထားသူ ၂၂၀ ဦးအတွက် ပံ့ပိုးကူညီပေးနိုင်ခဲ့ကြောင်း သိရသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

“ချင်းပြည်နယ်ရဲ့ အသေးစားအလတ်စားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ မဟာဗျူဟာ (၂၃) ချက်ကို ရေးဆွဲထားတယ်၊ ဒီလိုရေးဆွဲဆောင်ရွက်နေရာမှာအထူးသဖြင့် ချင်းပြည်နယ်ကို SMEs Zone လေးခု ပိုင်းခြားသတ်မှတ်ဆောင်ရွက်တယ်၊ ချေးငွေရရှိရေးအတွက် မြန်မာ့စီးပွားရေးဘဏ်နဲ့ချိတ်ဆက်ပြီးတော့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်” ဟု ဝန်ကြီးဦးဆလိုင်းအိုင်ဇက်ခက်က ဆိုသည်။

**ဒေသသင်ရိုး Grade 2 အထိပြုစု**

ပြည်နယ်၏ ပညာရေးကဏ္ဍ မြှင့်တင်ရာတွင် ပြည်နယ်အစိုးရအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ကျောင်း ၂၂၀ ကျောင်းကို အဆင့်တိုးမြှင့်တင်ပေးနိုင်ခဲ့ပြီး ကျောင်း ၁၂၀ ကျောင်းကို ဆောက်လုပ်ပေးနိုင်ခဲ့သည့်အပြင် ချင်းပြည်နယ်ဆိုင်ရာ ဒေသသင်ရိုးကို Grade 2 အဆင့်အထိ ပြုစုပေးနိုင်ခဲ့ကြောင်း သိရသည်။

ဘွဲ့ရနေ့စားလပေး ၁၀၂၄၂ ဦး၊ မူလတန်းပြ ၂၁၆၃ ဦး၊ အလယ်တန်းပြ ၁၄၄၃ ဦး၊ အထက်တန်းပြ ၄၀၅ ဦးကို ခန့်အပ်နိုင်ခဲ့ကြောင်း သိရသည်။

**ဟားခါးကောလိပ်ဖွင့်**

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခန်းကဏ္ဍတစ်ခုမှ ပါဝင်နေသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ပြည်နယ်အစိုးရအနေဖြင့် ဆောင်ရွက်လျက်ရှိရာ ဟားခါးကောလိပ်ကို ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် လည်းကောင်း၊ ပညာရေးကောလိပ်ကိုလည်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် လည်းကောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုးမြှင့်တက်ရောက်ခွင့်ပြု**

“ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အဓိကလိုအပ်ချက်ဖြစ်တဲ့ လူ့စွမ်းအားအရင်းအမြစ်အတွက် ဟားခါးကောလိပ်ကို ဖွင့်လှစ်နိုင်ခဲ့တဲ့အတွက် မျိုးဆက်သစ်တွေအတွက် ပညာရေးအပိုင်းတော်တော်လေးကို အကျိုးရှိမှာဖြစ်ပါတယ်၊ ပြီးတော့ ပညာရေးကောလိပ်ကိုလည်း ၂၀၁၈ ဖေဖော်ဝါရီလမှာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်၊ ချင်း ပြည်နယ် ဖလမ်းမြို့ သူနာပြုသင်တန်းကျောင်းမှာ နှစ်စဉ်သင်တန်းသူ သင်တန်းသား ၆၆ယောက်တက်ရောက်ခွင့်ရခဲ့ရာကနေ ဒီနှစ်မှာ ၈၃ ယောက်အထိ တိုးမြှင့်တက်ရောက်ခွင့်ပြုနိုင်ခဲ့ပါတယ်” ဟု ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က ပြောသည်။

*အချပ်ပို(ဃ)သို့*



ချင်းပြည်နယ် မတူပီမြို့၏ မြို့ပြဖွံ့ဖြိုးမှုအခြေအနေကို တောင်ပေါ်ရှုရပ်မှ တွေ့ရစဉ်။



ချင်းပြည်နယ် ဖလမ်းမြို့ လေဆိပ်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။

*အချပ်ပို(ဂ)မှ*

ကျန်းမာရေးကဏ္ဍ မြှင့်တင်မှုအနေဖြင့် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက်ကလေးများ ထောက်ပံ့ရေးလုပ်ငန်းများအရ အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း ၁၀၅၁၃ ဦးကို ထောက်ပံ့ပေးလျက်ရှိသည်။

**မွန်မြတ်တဲ့အလုပ်ဖြစ်**

ဒီလိုကိုယ်ဝန်ဆောင်မိခင်တွေနဲ့ မွေးဖွားပြီးကလေးငယ်တွေကို ထောက်ပံ့ပေးတာ တော်တော်ကို ကောင်းပါတယ်၊ ကျွန်မတို့ တောင်ပေါ်ဒေသအတွက် အင်မတန်မှ မွန်မြတ်တဲ့အလုပ်ဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ဝန်ဆောင်စဉ်မှာ အာဟာရဓာတ်ချို့တဲ့တာ၊ ကလေးမွေးဖွားတဲ့အချိန်မှာ ခက်ခဲတာတွေ ကျွန်မတို့ဆီမှာ ရှိတယ်၊ အခုလိုမျိုးတစ်လတစ်ခါ ပုံမှန်ထောက်ပံ့တာကို အားရကျေနပ်ပြီး ဂုဏ်ယူဝမ်းသာပါတယ်၊ ပြီးတော့အသက် ၉၀ အထက်အဘိုးအဘွားများကို ထောက်ပံ့တာလည်း တော်တော်ကောင်းပါတယ်၊ အဘိုးအဘွားတွေ တော်တော်လေး စိတ်ချမ်းသာတာပေါ့၊ စားဝတ်နေရေးကိုလည်း အထောက်အပံ့ပြုပါတယ်'' ဟု ဒေသခံ ဒေါ်သောခ်မဲန်က ပြောပြသည်။

**တံတားတည်ဆောက်**

ဆက်လက်ပြီး ပြည်နယ်အစိုးရ၏ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု အပေါ်မှာလည်း ၎င်းက ဒီနှစ်နှစ်တာကာလမှာမြို့ရွာတွေ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ ဆောင်ရွက်တာကတော့ တော်တော်လေးကို ကောင်းပါတယ်၊ လမ်းတိုးချဲ့တာတို့၊ တံတားတည်ဆောက်တာတို့ ဒါတွေလည်းပါတယ်၊ ပြည်နယ်အစိုးရရဲ့ ဒေသဖွံ့ဖြိုးရေးတွေ လုပ်နေတာတွေအတွက် အားရပါတယ်။

**ရိုးရာဂျပ်ခုတ်လုပ်ငန်း**

''ချင်းအမျိုးသမီးတွေထဲမှာ ဂျပ်ခုတ်ပြီး အသက်မွေးဝမ်းကျောင်းပြုတဲ့သူတွေ ရှိတယ်၊ ဒါပေမယ့် ရိုးရာဂျပ်ခုတ်လုပ်ငန်းကို ဆက်လက်ပြီး မထိန်းသိမ်းဘူးဆိုရင် ရိုးရာယဉ်ကျေးမှု ပျောက်ကွယ်သွားနိုင်တဲ့ အခြေအနေမှာရှိတဲ့အတွက် သင်တန်းပေးတာတို့လိုမျိုးနဲ့ ထိန်းသိမ်းနိုင်ရင် ကောင်းပါတယ်'' ဟု အကြံပြုပြောကြားသည်။

**တိုးတက်မှုရှိ**

ဒေသခံ ဦးရာလ်ခမ်းကလည်း ''ပထမ တစ်နှစ်ကတော့ သိပ်အပြောင်းအလဲမရှိဘူး၊ ဒုတိယနှစ်နှစ်ပိုင်းမှာတော့ ဟားခါးမြို့မှာဆိုရင် နိုင်လွန်ကတ္တရာခင်းပေးတာတို့၊ ၂၀၁၅ ခုနှစ်မှာဖြစ်ပွားခဲ့တဲ့ ဟားခါးမြို့မြေပြိုတဲ့ကိစ္စ၊ ရေမြောင်းတွေပြင်ပေးတာတို့၊ မြေထိန်းနံရံတွေကပ်ပေးတာတို့ တော်တော်များများရှိလာတယ်၊ တိုးတက်မှုရှိတယ်၊ ဒါပေမယ့် ပြည်နယ်အစိုးရအနေနဲ့ သူတို့ဘာတွေလုပ်နေတယ်ဆိုတဲ့ လူထုနဲ့ ဆက်သွယ်မှု အားနည်းနေသေးတယ်၊ လူထုနဲ့ ညှိနှိုင်းမှု၊ ပြည်သူနဲ့ ပူးပေါင်းမှုတော့ အားနည်းနေသေးတယ်'' ဟု အကြံပြုသည်။

**တစ်ဖက်တစ်လမ်းကကူညီ**

''ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် ချင်းပြည်နယ်အတွင်းမှာနေထိုင်ကြတဲ့ မိဘညီအစ်ကိုမောင်နှမတွေရဲ့ နှိုးဆော်အကြံပေးမှုတွေကို အမြဲတမ်းကြိုဆိုလျက်ရှိပါတယ်၊ ချင်းပြည်နယ်ပြင်ပမှာ နေထိုင်ကြတဲ့ ချင်းလူမျိုးတွေ၊ ပညာရှင်တွေ၊ ပညာတတ်တွေ၊ လုပ်ငန်းရှင်တွေ အားလုံးက ချင်းပြည်နယ်အတွင်းမှာ လာရောက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ကြဖို့၊ ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းက ကူညီပေးဖို့ ဖိတ်ခေါ်ပါတယ်'' ဟု ပြည်နယ်ဝန်ကြီးချုပ်က ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

**လက်ကမ်းကြိုဆို**

ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာကာလအတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် ပြည်နယ်နှင့်ကိုက်ညီသည့် စိုက်ပျိုးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရေး ဦးစားပေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်လိုသူများကိုလည်း လက်ကမ်းကြိုဆိုလျက်ရှိပါကြောင်း ရေးသားတင်ပြအပ်ပါသည်။



ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့ (၉)မိုင်စခန်းရှိ သစ်တောပျိုးဥယျာဉ်အား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကြည့်ရှုစစ်ဆေးစဉ်။



ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့သစ်အဝင်လမ်းမှ တစ်မိုင်ခွဲအကွာတွင်တည်ရှိသည့် ကျောက်တစ်လုံးအပန်းဖြေစခန်း၌ ပြည်သူများ လာရောက်အပန်းဖြေနေကြသည်ကို တွေ့ရစဉ်။